# သစ်တောကြေးမုံ

၂၀၁၈ ခုနှစ်၊ ဇွန်လ

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့

## BEAT PLASTIC POLLUTION

“ပလတ်စတစ်ညစ်ညမ်းမှုကို
တိုက်ဖျက်ကြစို့”





““မြန်မာနိုင်ငံ၏ တောက်ပသောအနာဂတ်ကိုရည်မှန်း၍ ထာဝစဉ်စိမ်းလန်းသန့်ရှင်းပြီး
ကောင်းမွန်မျှတသောပတ်ဝန်းကျင်ကို ဖော်ဆောင်သွားရန်””







# မာတိကာ


- ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ — မျက်နှာဖုံး
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး — ၁
- သတင်းများကဏ္ဍ — ၂ - ၅
- တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၆ - ၇
- နှမလက်လျှော့နေရတော့မှာလား -- — ၈
- မြေးငယ်သစ်သစ်သို့ပေးစာ ---(၇) — ၉ - ၁၁
- လျှပ်စစ်စွမ်းအားဆည်တမံကြီးများ စဉ်းစားစရာတွေပါလား — ၁၁ - ၁၄
- ငါးခူးတစ်ကောင်ရဲ့ဆန္ဒ(ကဗျာ) — ၁၄
- အုံဩဖွယ်ရာ ဝါးဆားအစွမ်း — ၁၅ - ၁၈
- ဂေဟဗေဒဆိုသည်မှာ(၆) — ၁၉ - ၂၀
- အာဆီယံ-ကိုရီးယားသစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်မှသည် --- — ၂၁ - ၂၄
- ပီတိများနှင့်လူ(သို့)ပေးဆပ်နေကြသူများ(ကဗျာ) — ၂၄
- ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သည့် ရှင်သန်ဖြစ်ထွန်းနေမှု စိုက်ခင်းမှတ်တမ်းဓာတ်ပုံများ — ၂၅
- REDD+ and FLEGT — ၂၆ - ၂၉
- အသင်းအဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်ခြင်း — ၃၀ ၊ ၃၆
- ထောင်ကြီးတန်း ဒီရေတောပျိုးဥယျာဉ်နှင့်ထိန်းသိမ်းရေးစခန်းသို့ အလည်တစ်ခေါက် — ၃၁ - ၃၃
- ဟဲ -- ဟဲ -- ဒါလေးများ -- (၇) — ၃၄ - ၃၆
- ပုပ္ပါးသားလေးကျနော် — ၃၇ - ၃၈
- မိန်းမလှဆီသို့ အလည်တစ်ခေါက်လာရောက်စေချင် — ၃၉ - ၄၀
- ကာတွန်းကဏ္ဍ — ၄၁
- ECD, IUCN and FREDA on Sustainable Management of Peatland Ecosystems Project in Inle Lake of Myanmar — ၄၂ - ၄၄
- အင်တာနက်သတင်းကဏ္ဍ -- — ၄၅ - ၄၇
- နတ်မတောင် ဒေသရင်းငှက်မျိုးစိတ် — ၄၈ - ကျောဖုံး



**စာတည်းချုပ်နှင့် ထုတ်ဝေသူ**

ဦးအောင်ခင်ဦး
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန

ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် – (မြ– ၀၀၄၀၀)

**ဆက်သွယ်ရန်** - ၀၆၇-၄၀၅၃၉၄
extension@forest.gov.mm

**စာတည်း**

ဦးလှမြင့် ၊ လက်ထောက်ညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးစိန်မိုး — လက်ထောက်ညွှန်ကြားရေးမှူး
ဦးကိုကိုထွန်း — ဦးစီးအရာရှိ

**ပုံနှိပ်သူ**

ဦးမြင့်ထွန်း(မြ –၀၀၆၆၀)
မဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

BEAT PLASTIC POLLUTION

## ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့

### သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး

ရေ၊ မြေ၊ တောတောင်၊ မြေပေါ်မြေအောက် သယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲအားလုံးသည် လူသားတို့၏ပတ်ဝန်းကျင်ပင်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်အခြေနေကောင်းများ ရှိနေမှသာလျှင် လူသားတို့၏အသက်ရှင်ရပ်တည်ရေးမှာလည်း ရေရှည်တည်တံ့နိုင်မည်ဖြစ်သည်။ အဆိုပါ သဘာဝပတ်ဝန်းကျင်သည် လူသားတို့၏ပယောဂနှင့် သဘာဝဘေးအန္တရာယ်များကြောင့် တစ်စတစ်စပျက်စီးလာလျက်ရှိပါသည်။ ရေကြီးခြင်း၊ ရေရှားပါးခြင်း၊ မိုးခေါင်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ မြေငလျင်လှုပ်ခြင်းစသော သဘာဝဝန်းကျင်ပျက်စီးရမှု အခြေအနေများသည် နေ့ချင်းညချင်းဖြစ်ပေါ်လာသည်မဟုတ်ဘဲ နှစ်ပေါင်းရာနှင့်ချီ၍ သက်ရောက်ခဲ့သော ဖြစ်စဉ်များမှ မြစ်ဖျားခံလာခြင်းဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်ရေးရာကိစ္စရပ်များ၊ ပြဿနာရပ်များကို လူသားတို့ပိုမိုသိရှိပြီး ကမ္ဘာ့လူသားတိုင်းမှ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးသည်သာ အဓိကကျပါသည်။ ထို့ကြောင့်ပင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှ ဇွန်လ (၅)ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ ၄င်းဇွန်လ(၅)ရက်နေ့သည် ၁၉၇၂ခုနှစ် ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့တွင်ပြုလုပ်ခဲ့သည် လူသားနှင့်ပတ်ဝန်းကျင်ညီလာခံ စတင်ကျင်းပခဲ့သည့်နေ့ရက်ပင်ဖြစ်ပါသည်။ ယင်းညီလာခံကြီးမှပင် ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်(UNEP)ကိုလည်း မွေးထုတ်ပေးခဲ့ပါသည်။ နှစ်စဉ်ဦးတည်ချက်ဆောင်ပုဒ်တစ်ခုချမှတ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်အတွက် ချမှတ်ပေးထားသော ဆောင်ပုဒ်မှာ "ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့" "BEAT PLASTIC POLLUTION" ဟူ၍ဖြစ်ပါသည်။

၁၉၇၂ ခုနှစ်မှ နှစ်(၂၀)အကြာ ၁၉၉၂ခုနှစ်၊ ဇွန်လတွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုမြို့ ၌ ပတ်ဝန်းကျင်ဆိုင်ရာညီလာခံကြီးကို ကျင်းပခဲ့ပြီးသည်မှစတင်၍ ကမ္ဘာ့နိုင်ငံများသည် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို နိုင်ငံအလိုက်သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်၍သော်လည်းကောင်း ဖြေရှင်းနိုင်ရန် ပတ်ဝန်းကျင်ဆိုင်ရာဌာနများကို ဖွင့်လှစ်လုပ်ဆောင်လာကြသည်သာမက အစိုးရမဟုတ်သော ပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများလည်း ကမ္ဘာပေါ်တွင်ပေါ်ပေါက်လာခဲ့ပါသည်။

ကမ္ဘာတစ်ဝန်းရင်ဆိုင်ကြုံတွေ့နေရသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာအမျိုးမျိုးကို ယခုအချိန်၌ ကုလသမဂ္ဂအဖွဲ့ကြီးက ဦးဆောင်ဦးရွက်ပြု၍ နိုင်ငံပေါင်းစုံပူးပေါင်းမှုဖြင့် ဖြေရှင်းပေးလျက်ရှိသည်နှင့်အညီ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည်လည်း တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများဖြင့်သာမက ပြည်သူအားလုံးကပါ ပူးပေါင်းဆောင်ရွက်လာစေရေးကို စည်းရုံးဆောင်ရွက်သွားရန်အရေးကြီးလှပါသည်။ သို့မှသာ အဓိကအားဖြင့် လူသားတို့ကြောင့် ပျက်စီးယိုယွင်းနေသော ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ကြီးကို လူသားတို့၏စွမ်းအားဖြင့်ပင် သာယာလှပစိမ်းလန်းစိုပြည်အောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

FOREST

### သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိ သည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။

သတင်းကဏ္ဍ

# မြန်မာနိုင်ငံသစ်တောကျောင်း၊ ပြင်ဦးလွင်မြို့၊၂၀၁၈ခုနှစ်၊ အခြေခံသစ်တောပညာ(၂)နှစ်သင်တန်း၊ အမှတ်စဉ်(၁၁၄)သင်တန်းဖွင့်ပွဲအခမ်းအနား





ပြင်ဦးလွင်မြို့၊ မြန်မာနိုင်ငံသစ်တောကျောင်း၊ ၂၀၁၈ခုနှစ်၊ အခြေခံသစ်တောပညာ(၂)နှစ်သင်တန်း၊ အမှတ်စဉ် (၁၁၄)၊ သင်တန်းဖွင့်ပွဲအခမ်းအနားကို(၃-၅-၂၀၁၈)ရက်နေ့ နံနက်(၉)နာရီအချိန်တွင် ပြင်ဦးလွင်မြို့၊ ကျွန်းရတနာခန်းမတွင် ကျင်းပပြုလုပ်ရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသစ်တောကျောင်းသည် သစ်တောသမိုင်းတွင် အစဉ်အလာကြီးမားသည့်ကျောင်းကြီးဖြစ်ပြီး ၁၈၉၈ခုနှစ်တွင်သာယာဝတီမြို့၌မြန်မာပြည်သစ်တောကျောင်းအမည်ဖြင့် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ရာမှ ပျဉ်းမနား၊ အင်းစိန်နှင့် ပြင်ဦးလွင်မြို့အသီးသီးသို့ ခေတ်အဆက်ဆက်၊ အခြေအနေအမျိုးမျိုးတို့ကို ဖြတ်ကျော်ပြီး အခြေခံသစ်တောပညာရပ်များ ပို့ချသင်ကြားရင်း သစ်တောဝန်ထမ်းများအား မွေးထုတ်ခဲ့သည်မှာ ယနေ့အထိဖြစ်ကြောင်း၊ ၁၉၅၃ခုနှစ်တွင် ပြင်ဦးလွင်မြို့သို့ ပြောင်းရွှေ့ပြီးမြန်မာနိုင်ငံသစ်တောကျောင်းဟုခေါ်တွင်ဖွင့်လှစ်ခဲ့ရာ မြန်မာနိုင်ငံသစ်တောကျောင်း၏ သက်တမ်းသည် နှစ်ပေါင်း(၁၂၀)တိုင်ခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံသစ်တောကျောင်းတွင် အခြေအနေ၊ အချိန်အခါနှင့် လိုအပ်ချက်များအရ(၂)နှစ်သင်တန်း၊ တစ်နှစ်ခွဲသင်တန်း၊ (၉)လသင်တန်း၊ အထူး(၃)လသင်တန်းစသည်ဖြင့် သင်တန်းကာလများပြောင်းလဲဖွင့်လှစ်ပို့ချခဲ့ရာ ၂၀၁၈ ခုနှစ်၊ ဧပြီလအထိသင်တန်းသားဦးရေ စုစုပေါင်း(၆၂၃၇)ဦး မွေးထုတ်ပေးခဲ့ပြီး၊ သင်တန်းသားများအား တစ်ဆင့်မြှင့်ရာထူးသို့ တိုးမြှင့်ပေးခဲ့ပြီး သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းစသည့် လုပ်ငန်းဌာနများ၏ သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် အဓိကကျောရိုးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊

မြန်မာနိုင်ငံသစ်တောကျောင်းတွင်တက်ရောက်ခဲ့သည့် အခြေခံသစ်တောပညာ(၉)လ သင်တန်းဆင်းများသည် လုပ်ငန်းဆောင်ရွက်မှုများအရ ကျွမ်းကျင်ပိုင်နိုင်စွာ ဖြေရှင်းနိုင်စွမ်းနည်းပါးကြောင်း အကဲဖြတ်သုံးသပ်တွေ့ရှိရသည့်အတွက် မူလအတိုင်း(၂)နှစ်အဖြစ် ပြန်လည်တိုးမြှင့်ပြင်ဆင်ခဲ့ပြီး ယနေ့ဖွင့်လှစ်သည့် အမှတ်စဉ်(၁၁၄)မှစ၍ သင်တန်းကာလ(၂)နှစ်သတ်မှတ်၍ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသစ်တောကျောင်းတွင် သင်ကြားပို့ချလျက်ရှိသည့် ဘာသာရပ်အလိုက်သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် အကောင်အထည်ဖော်နေရသည့်လုပ်ငန်းများ၊ နည်းပညာ



ရပ်များအတွက် ခေတ်နှင့်အညီ ထည့်သွင်းပြုစုသင်ကြားပေးနိုင်ရန် ပညာရှင်များအကူအညီဖြင့် ပြင်ဆင်ဖြည့်စွက်ပေးခဲ့ပြီး သင်ကြားပို့ချမှုအစီအစဉ်များကို နှစ်စဉ်ပြင်ဆင်ပြုစုခဲ့ရာ ယခင်ဘာသာရပ်(၁၂)ခုသာရှိခဲ့ရာမှ ယခုဖွင့်လှစ်မည့် သင်တန်းတွင် ဘာသာရပ်(၁၅)ဘာသာအထိ ရှိလာမည်ဖြစ်ကြောင်း၊

သင်တန်းသားများအနေဖြင့် ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေလုပ်ကိုင်ဆောင်ရွက်တတ်ရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာပြီး စွမ်းဆောင်ရည်ထက်မြက်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် စဉ်ဆက်မပြတ်လေ့လာသင်ယူဆည်းပူးကြရန်နှင့် နိုင်ငံတော်နှင့်အမျိုးသားအကျိုးစီးပွားကို အစဉ်ထာဝရဖော်ဆောင်နိုင်သည့် ရိုးသားကြိုးစားသည့်ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ပဲခူးရိုးမဖြတ်လမ်းတစ်လျှောက် ကွင်းဆင်းစစ်ဆေးခြင်း



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် (၁၉–၅–၂၀၁၈)ရက်နေ့တွင် မြို့ချောင်း– စိန်ကန့်လန့်– မင်းလှ ပဲခူးရိုးမဖြတ်လမ်းတစ်လျှောက်ဖြတ်သန်းကာ သစ်တောဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသစ်တောများပြန်လည်တည်ထောင်ရေး စီမံကိန်း(MRRP) လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ပြည်သူများအပန်းဖြေနားနေနိုင်ရန်အတွက်မြန်မာ့သစ်လုပ်ငန်းက ဆောင်ရွက်လျက်ရှိသည့် မုက္ခာရေတံခွန်ဆင်စခန်းတို့အား ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၌ သစ်တောဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း(MRRP)သို့ရောက်ရှိရာ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိ ဦးတင်အုန်းကျော်က ၂၀၁၇ ခုနှစ်၊ မိုးရာသီ၌တည်ထောင်စိုက်ပျိုးခဲ့သည့် စိုက်ခင်းအား ပြုစုထိန်းသိမ်းစောင့်ရှောက်မှု၊ ၂၀၁၈ ခုနှစ်၊ မိုးရာသီတွင် တည်ထောင်စိုက်ပျိုးမည့် စိုက်ခင်းအတွက် စိုက်ခင်းအကြိုလုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို တင်ပြသည်။ ဆက်လက်၍ သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်နှင့် ဆောင်ရွက်မည့်အစီအမံများအား ဖြည့်စွက်ရှင်းလင်းတင်ပြရာ၊ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းအောင်မြင်စေရေးအတွက် သစ်မျိုးရွေးချယ်မှု၊စိုက်ပျိုးမည့်နည်းစနစ်၊ ထိန်းသိမ်းစောင့်ရှောက်မှုများအား လုပ်ငန်းစဉ်တစ်ခုချင်းအလိုက် ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့သစ်လုပ်ငန်းက ဆောင်ရွက်လျက်ရှိသည့် မုက္ခာရေတံခွန်ဆင်စခန်းသို့ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ မြန်မာ့သစ်လုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာ၊ ဦးထွန်းထွန်းဦးက မုက္ခာရေတံခွန်ဆင်စခန်းနှင့် ပတ်သက်သည့်အချက်အလက်များ၊ အပန်းဖြေနားနေရန် လာရောက်ကြသည့် ပြည်သူများအတွက် ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆင်စခန်း၌ ဆင်ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ဆင်စားကျက်ဧရိယာ ဆောင်ရွက်ထားရှိမှု၊ ဧည့်သည်ဝင်ရောက်မှုနှင့်ဝင်ငွေရရှိမှု၊ထပ်မံတိုးချဲ့ဆောင်ရွက်မည့်ဝန်ဆောင်မှုလုပ်ငန်းများနှင့် တောဆင်ရိုင်းများအား တရားမဝင်သတ်ဖြတ်မှု ဖြစ်စဉ်များအပေါ် အရေးယူဆောင်ရွက်မှုတို့ကို တင်ပြသည်။ မြန်မာ့သစ်လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘက ဆင်စခန်းပတ်ဝန်းကျင် သစ်ပင်စိုက်ပျိုးဆောင်ရွက်မည့်အစီအစဉ်၊ ပြည်သစ်ထုတ်ရေးဒေသ၊ သစ်ထုတ်ပြီးအကွက်များ၌ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်းဆောင်ရွက်မည့် အစီအမံများအားရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဆင်ကျန်းမာရေး အထူးဂရုစိုက်ဆောင်ရွက်ရေး၊ ဆင်များအစားအစာကျွေးမွေးရာ၌ အာဟာရပြည့်စုံလုံလောက်မှုရှိစေရန် တွက်ချက်ကျွေးမွေးဆောင်ရွက်ရေး၊ မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဆင်စခန်းများတစ်ခုနှင့်တစ်ခု အချိတ်အဆက်ရှိစေရေး ကွန်ယက်(Network) တစ်ခုတည်ထောင်ဆောင်ရွက်ရေး၊ အပန်းဖြေလာရောက်ကြသည့် ပြည်သူများဘေးအန္တရာယ်မရှိစေရေး၊ ပြည်သူများဆင်အကြောင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်၍ ဆင်များအပေါ် ချစ်ခင်မြတ်နိုးလာစေရန် ပညာပေးဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကာ ဆင်စခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

# သစ်တောမြေနှင့်အရင်းအမြစ်ဆိုင်ရာ လုပ်ပိုင်ခွင့်များ မြှင့်တင်ရေး ဒုတိယအကြိမ် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ (Second National Workshop on Strengthening Forest Tenure Rights)အခမ်းအနားကျင်းပခြင်း



သစ်တောမြေနှင့်အရင်းအမြစ်ဆိုင်ရာ လုပ်ပိုင်ခွင့်များမြှင့်တင်ရေး ဒုတိယအကြိမ်အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ(Second National Workshop on Strengthening Forest Tenure Rights)ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ Hotel Max တွင် (၂၂-၅-၂၀၁၈)ရက်နေ့၊ နံနက်(၉)နာရီ၌ကျင်းပရာ အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးမှ အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နိုင်ငံတော်နှင့်ပြည်သူများအတွက် အကျိုးရှိပြီး ထိရောက်သောပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များကို အကျိုးရှိဆုံးဖြစ်အောင် စနစ်တကျအသုံးချနိုင်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ မြေသယံဇာတများစီမံခန့်ခွဲရာတွင် စီးပွားရေး၊ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လူမှုရေးဆိုင်ရာရှုထောင့်မျိုးစုံမှသုံးသပ်ပြီး မှန်ကန်ပြည့်စုံသော မူဝါဒ၊ ခိုင်မာသော ဥပဒေမူဘောင်နှင့်စွမ်းရည်ရှိသော မြေစီမံအုပ်ချုပ်ရေးစနစ်များကိုချမှတ်ကျင့်သုံး အကောင်အထည်ဖော်ရန် ကိစ္စသည် လွန်စွာအရေးကြီးပါကြောင်း၊

အမျိုးသားမြေအသုံးချမှု မူဝါဒ၏ရည်ရွယ်ချက်များမှာ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်း၊ မြေယာလုပ်ပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများကို အသိအမှတ်ပြုကာကွယ်ပေးရန် အတိအလင်းဖော်ပြထားပြီး တိုင်းရင်းသားများ၏ မြေအသုံးချမှုအခွင့်အရေးများနှင့် ဆက်စပ်ပြီး အမျိုးသားမြေအသုံးချမှုမူဝါဒမှာ အပိုင်းတစ်ခုအနေဖြင့် ထည့်သွင်းပြဋ္ဌာန်းထားပါကြောင်း၊ သစ်တောမူဝါဒ၏ ပဓာနကျသောအခြေခံအချက် (၆)ချက်အနက် အမှတ်စဉ်(၅)တွင် သစ်တောပြုစုထိန်းသိမ်းရေးနှင့်သစ်တောသယံဇာတများအသုံးချရေးဆိုင်ရာ လုပ်ငန်းများမှာ ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်ဟု မူဝါဒလမ်းညွှန်ချက်ချမှတ်ထားပြီးဖြစ်ပါကြောင်း၊

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရန်နှင့် ဂေဟစနစ်များ ပိုမိုအားကောင်းလာစေရန် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများ (Forest Management Plan)အပြင် မြန်မာနိုင်ငံသစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်း(Myanmar Reforestation and Rehabilitation Program)ကို (၁၀)နှစ် စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြောင်းလဲလာသည့်ခေတ်စနစ်နှင့်အညီ အမျိုးသားမြေအသုံးချမှုမူဝါဒ၏ လမ်းညွှန်ချက်များကိုအသုံးပြုပြီး သစ်တောမူဝါဒ၊ သစ်တောဥပဒေများကို ပြန်လည်သုံးသပ်ရန် သစ်တောဦးစီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် သစ်တောများပြုစုထိန်းသိမ်းရာတွင်လည်းကောင်း၊ စီမံအုပ်ချုပ်ရာတွင်လည်းကောင်း၊ ပြည်သူများထိရောက်စွာပါဝင်နိုင်ရန် မူဝါဒနှင့်ဥပဒေများကို လက်ရှိအနေအထားထက် ပိုမိုအားကောင်းစွာ ပြင်ဆင်ရေးသားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊

အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပညာရှင်များ၏ဆွေးနွေးပွဲမှ သစ်တောမြေအတွင်း မှီခိုနေထိုင်ကြသော ဒေသခံပြည်သူများ၏ မြေယာနှင့် အရင်းအမြစ်ဆိုင်ရာ လုပ်ပိုင်ခွင့်များတိုးတက်လာစေရန် မူဝါဒနှင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ထည့်သွင်းအသုံးပြုနိုင်မည့် နည်းလမ်းများနှင့် ဦးစားပေးလုပ်ငန်းစဉ်များကို အတူတကွဖော်ထုတ်နိုင်စေရန် အကြံဉာဏ်များ၊ ရလဒ်ကောင်းများ ထွက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့ပါသည်။

## နော်ဝေ-မြန်မာနစ်နိုင်ငံ ပတ်ဝန်းကျင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ တတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးကျင်းပခြင်း




သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် နော်ဝေ-မြန်မာနှစ်နိုင်ငံ ပတ်ဝန်းကျင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ တတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို (၂၃-၅-၂၀၁၈)ရက်နေ့၊ နံနက်(၈း၃၀)နာရီအချိန်တွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၌ ကျင်းပပြုလုပ်ရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကိုယ်စား သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် ကလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းကလည်းကောင်း၊ နော်ဝေသံရုံးမှ သံမှူးကြီး Ms.Lise Nordgaard ကလည်းကောင်း အသီးသီးအဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

နော်ဝေနိုင်ငံနှင့်မြန်မာနိုင်ငံတို့အကြား ၂၀၁၂ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း ဆွေးနွေးညှိနှိုင်းမှုများအရ နော်ဝေသံရုံးနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့အကြား၂၀၁၅-၂၀၁၈ နော်ဝေ-မြန်မာပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ လုပ်ငန်းနယ်ပယ်အလိုက် စီမံကိန်း(၃)ခုတွင်ပါဝင်သည့် ပတ်ဝန်းကျင်အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူခဲ့ပါသည်။

သစ်တောဦးစီးဌာန၊ ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာနနှင့် နော်ဝေနိုင်ငံ ရေသုတေသနဌာနတို့ ပူးပေါင်း၍ရေသယံဇာတအရင်းအမြစ်များ ဘက်စုံစီမံအုပ်ချုပ်ခြင်း-စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့်သင်တန်းပေးခြင်းစီမံကိန်း၊ သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနနှင့် နော်ဝေပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီတို့ပူးပေါင်း၍ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် သဘာဝနယ်မြေများ စီမံအုပ်ချုပ်မှုမြှင့်တင်ရေးဆိုင်ရာစီမံကိန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် နော်ဝေပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီတို့ပူးပေါင်း၍ ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုစီမံကိန်း၊ အဆိုပါအစီအစဉ်၏ ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၆ခုနှစ်၊ အောက်တိုဘာလတွင်လည်းကောင်း၊ ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဇွန်လတွင်လည်းကောင်းကျင်းပခဲ့ပြီး စီမံကိန်းလုပ်ငန်းတိုးတက်မှုများကိုဆွေးနွေးခြင်း ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်နှင့် ရန်ပုံငွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

စီမံကိန်းလုပ်ငန်းများတိုးတက်မှုနှင့်ပတ်သက်၍ တတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို(၂၃-၅-၂၀၁၈)ရက်နေ့၌ သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံရုံးမှ သံမှူးကြီး Ms.Lise Nordgaardနှင့် ကောင်စစ်ဝန်၊ NORAD မှအကြီးတန်းအကြံပေး၊ နော်ဝေသံရုံး၊ နော်ဝေနိုင်ငံပတ်ဝန်းကျင်ရေးရာအေဂျင်စီ၊ (NEA) Norwegian Agency , Norwegian Institute for Water Research (NIVA)၊ International Development Advisory Services (IDAS)၊ SINTEF တို့မှပညာရှင်များ၊ စီမံကိန်းလုပ်ငန်းလမ်းညွှန်ကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များဖြစ်သော ညွှန်ကြားရေးမှူးချုပ်သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာစီမံကိန်းအလိုက် တာဝန်ယူဆောင်ရွက်နေသူများ စုစုပေါင်း(၃၉)ဦးတက်ရောက်ခဲ့ကြပါသည်။

**သစ်တောကာကွယ်၊ ဘဏ္ဍာကြွယ်၊ ပြန်လည်စိုက်ပျိုး၊ သစ်တောတိုး။**

# တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်း

## ကယားပြည်နယ်



၄-၅-၂၀၁၈ ရက်နေ့တွင် ကယားပြည်နယ်၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးဆောင်သော သစ်တောဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ ပါပုကျေးရွာ ရာအိမ်မှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားဆောင်းမြို့နယ်၊ နန်းကစ်ကျေးရွာအနောက်ဘက် (၁)မိုင်ခန့်အကွာ(အပတော)နေရာ၌ တရားမဝင် ကျွန်း/ ပိတောက်/ ပျဉ်းကတိုး/ သစ်ယာ/အင် သစ်လုံး/ခွဲသား စုစုပေါင်း(၄၇၃)လုံး/ချောင်း (၅၉.၃၉၄၂)တန်၊ တွန်းလှည်း(၂)စီး၊ သစ်စက်(၂)လုံးနှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိခဲ့ပါသည်။

## ကချင်ပြည်နယ်





၇-၅-၂၀၁၈ ရက်နေ့တွင် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးဦးဆောင်သော သစ်တောဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်မှူခင်းနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုးမောက်မြို့နယ်၊ မိုးမောက်-လွယ်ဂျယ်ကားလမ်းအလင်းကောင်ကွက်သစ်နေရာ၌ ယာဉ်အမှတ်(KCN 2A/5738)တပ်ဆင်ထားသော တုန်ဖုန်း(အပြာရောင်)၊ ယာဉ်အမှတ်(၅ဂ/၅၃၁၁)တပ်ဆင်ထားသော ဒေါင်ဖန်း(အပြာရောင်)ယာဉ်နှင့် ယာဉ်အမှတ်(၃က/၅၈၇၇)တပ်ဆင်ထားသော တုန်ဖုန်း(အပြာရောင်)ယာဉ်များပေါ်မှ တရားမဝင်ကျွန်းခွဲသားဆိုဒ်စုံ(၁၄၃၇)ချောင်း (၂၆.၆၈၇၆)တန်အား ဖမ်းဆီးရမိခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး



၁၀-၅-၂၀၁၈ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်၊ သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများအဖွဲ့သည် ဖောင်းပြင်မြို့နယ်၊ သညစ်ကျေးရွာအုပ်စု၊ ကျောက်ဆောင်ကျေးရွာဟောင်း၏ အရှေ့ဘက်(၁၀)မိုင်ခန့် အကွာနေရာ၌ တရားမဝင်အင်သစ်/ခွဲသား (၆၄)ချောင်း (၃၂.၄၈၄၅)တန်အား သစ်စက်ဆက်စပ်ပစ္စည်းများနှင့် အတူဖမ်းဆီးရမိခဲ့ပါသည်။

## ရှမ်းပြည်နယ်(မြောက်ပိုင်း)



၁၂-၅-၂၀၁၈ ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့သည် မဘိမ်းမြို့နယ်၊ မအူကုန်း-မိုးလုံးဘိနယ်၊ မိုင်းသာကြိုးဝိုင်းအတွင်းမှ ယာဉ်(၄)စီးနှင့်အတူစုစုပေါင်း တရားမဝင်ကျွန်းသစ်/ခွဲသား (၁၆၃၉)လုံး/ချောင်း (၃၄.၈၁၇၄) တန်အားဖမ်းဆီးရမိခဲ့ပါသည်။



## ပဲခူးတိုင်းဒေသကြီး

၁၄–၅–၂၀၁၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်ရှာဖွေ ဖော်ထုတ်ဖမ်းဆီးခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိရာ အုတ်တွင်းမြို့နယ်၊ အုတ်တွင်း–ပေါက်ခေါင်းကားလမ်း၊ မိုင်တိုင်အမှတ် (၁၁၆/၆)အနီးနေရာ၌ တရားမဝင်ကျွန်း/ပျဉ်းကတိုးခွဲသား (၅၇၆)ချောင်း(၈.၉၉၆၄) တန်တင်ဆောင်ထားသော မော်တော်ယာဉ်(၂)စီးနှင့် တရားခံ(၂)ဦးအား ဖမ်းဆီးရမိခဲ့ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး



၁၅–၅–၂၀၁၈ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးဦးဆောင်သော သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများအဖွဲ့သည် တရားမဝင်သစ်ရှာဖွေ ဖော်ထုတ်ဖမ်းဆီးခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ထန်းတပင်မြို့နယ်၊ ရန်ကုန်–ပုသိမ်ကားလမ်း၊ တူးချောင်းတိုးဂိတ်အနီးနေရာ၌ တရားမဝင်တောင်သရက်ခွဲသား(၂၆၁)ချောင်း (၈.၄၁၀)တန် တင်ဆောင်ထားသော မော်တော်ယာဉ်(၂)စီးနှင့် တရားခံ(၅)ဦးအားဖမ်းဆီးရမိခဲ့ပါသည်။

### တိုင်းဒေသကြီးနှင့် ပြည်နယ်၊ သစ်တောဦးစီးဌာနများ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဧပြီလ တရားမဝင်သစ်၊ သစ်တောထွက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၉၉၂.၁၉၆၆ | |
| ၂ | သစ်မာ | တန် | ၁၃၉၁.၅၈၁၅ | |
| ၃ | အခြား | တန် | ၂၂၄၁.၁၈၆၄ | |
| | စုစုပေါင်း | | ၄၆၂၄.၉၆၄၅ | စဉ် (၁) မှ (၃) |
| ၄ | မီးသွေး | တန် | ၅၁၃.၀၅၁၂ | |
| ၅ | ကား | စီး | ၂၁၀ | |
| ၆ | မြေတူး/ မြေကော်စက် | စီး | ၁ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း/ ထွန်စက် | စီး | ၂၈ | |
| ၈ | ဆိုင်ကယ်/ သုံးဘီးဆိုင်ကယ် | စီး | ၇၃ | |
| ၉ | စက်လှေ/ ပဲ့ထောင် | စီး | ၁၇ | |
| | စုစုပေါင်း | | ၃၂၉ | စဉ် (၅) မှ (၉)၊ ယာဉ်/ ယန္တရား |
| ၁၀ | သစ်စက်/ အင်ဂျင် | လုံး | ၇၀ | |

# နှမလက်လျှော့နေရတော့မှာလား

ဦးသန်းနွယ်(သစ်တော)

ပြောပြီးရင်းပြော– ရေးပြီးရင်းရေး– ပြောရရေးရသည်နှင့်မောလှပါပြီ။ နိုင်ငံသား – ပြည်သူများက ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို ချစ်ဖို့လိုအပ်ပါသည်။ အင်မတန်မှ လိုအပ်သည်မှာ အမှန်။ သစ်တောဝန်ထမ်းများသည် သစ်တောများကို ချစ်မြတ်နိုးရပါမည်။ အဓိကကတော့ ‘Mind-Set’ခေါ်တဲ့ ‘ခံယူချက်’ပါ။ တိုင်းပြည်လူမျိုး– သစ်တောများအပေါ်ကို သစ်တောဝန်ထမ်းများ ချစ်မြတ်နိုးရပါမည်။

တိုင်းပြည်မှ ပညာတတ်တစ်ဦးဖြစ်ရန် ရင်းနှီးမြုပ်နှံရသော ငွေပမာဏများလှပါသည်။ တစ်ဦးချင်းသော်၄င်း၊ ဘာသာရပ်အလိုက်သော်၄င်း၊ ဘာသာရပ်များအတွင်းမှ ဆရာဝန်–အင်ဂျင်နီယာ–သစ်တော–စိုက်ပျိုး–တိရစ္ဆာန်ဆေး... ဘာသာရပ်များတွင် သာမန်ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်များထက် ပိုမိုကုန်ကျခံရပါသည်။ ဆရာဝန်ဆေးတက္ကသိုလ်တက်သူတို့သည် ဆရာဝန်တာဝန်ထမ်းဆောင်ရပါမည်။ အခြားသောလုပ်ငန်းများ ဥပမာ ကုန်သည် – ဆရာဝန် မဟုတ်သည့်လုပ်ငန်းများကို လုပ်ဆောင်မည်ဆိုပါက တိုင်းပြည်အတွက် နစ်နာလှပါသည်။

ကိုယ့်တိုင်းပြည်အနေနှင့်ချိန်ဆ၍ တစ်နှစ်မည်မျှလိုအပ်မည်။ မည်မျှကုန်ကျနိုင်သည် စသည့်များကို ချိန်ဆ၍ သင်ကြားပေးမည့်ဦးရေကို သတ်မှတ်ရပါသည်။ ယခင်ကနှင့်မတူ တက္ကသိုလ်၊ ကောလိပ်များမှာ မှိုလိုပေါက်လာကြပါပြီ ဤအခွင့်အရေးကိုယူ၍ ပြည်သူ့–သား သမီးများ ပညာရည်နို့သောက်စို့ကြသည်။ သင်ကြားမှုများပြီးမြောက်၍ ဘွဲ့ဒီဂရီများ ရပြီးလျှင်ပြီးပြီဟု မယူဆသင့်ပါ။ တိုင်းပြည်ကိုအဖက်ဖက်မှ ပံ့ပိုးကူညီခြင်းအားဖြင့် တစ်တပ်တစ်အားပါဝင်ထမ်းဆောင်သင့်ပါသည်။

စာရေးသူ အကျွမ်းဝင်သည့် သစ်တောဝန်ထမ်းဘဝကို တင်ပြလိုပါသည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး သတ်မှတ်သောအရည်အချင်းပြည့်ဝမှသာ ‘သစ်တောပညာ’သင်ယူခွင့်ရပါသည်။ ခြောက်နှစ်တာကျောင်းအတွင်း သစ်တောအတွင်း သင်ကြားလေ့ကျင့်ပြီးမှသာ ‘သစ်တောသိပ္ပံ’ဘွဲ့ရရှိကြပါသည်။ အကယ်၍ထိုဘွဲ့ရကျောင်းသားသည် သစ်တောဦးစီးဌာန၊ စိမ်းစိုဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနများသို့ တာဝန်ထမ်းဆောင်ကြပါသည်။ နှစ်အတန်ကြာ ထမ်းဆောင်ရင်းမှ ပညာထူးချွန်သောဝန်ထမ်းများသည် သစ်တောတက္ကသိုလ်တွင်သော်လည်းကောင်း၊ နိုင်ငံခြားတိုင်းပြည် တစ်ပြည်တွင်လည်းကောင်း ‘မဟာ’တန်းများသင်ကြားလေ့လာ၍ အောင်မြင်လာကြပါမည်။ ထူးချွန်ထက်မြက်သော ဝန်ထမ်းအချို့သည် ‘ပါရဂူ’ဘွဲ့များရကြပါမည်။

ထိုကဲ့သို့ ပညာသင်ကြားခွင့်ရသော ဝန်ထမ်းများသည် ၄င်းတို့၏တာဝန်အဆင့်အရ–လစာ–နေအိမ်–ကားနှင့် စက်သုံးဆီသုံးစွဲခွင့်စသည်တို့ ခံစားရပါသည်။ အနည်းဆုံးသုံးနှစ်ခန့် ခံစားကြရပါသည်။ နိုင်ငံတော်မှ ကျခံကုန်ကျသော ငွေမှာ များပြားလှပါသည်။ ထိုကဲ့သို့ အထူးပြုသင်ကြားစေသည်မှာ ဌာနတွင် ပိုမိုစွမ်းဆောင်စေရန်ဆိုသည် ရည်ရွယ်ချက်နှင့်ခွင့်ပြုခဲ့ကြခြင်းဖြစ်ပါသည်။ နိုင်ငံတော်မှ ထိုကဲ့သို့သင်ကြားပြီးသူများသည် သတ်မှတ်သောကာလအထိ ထမ်းဆောင်စေရမည်။ ထမ်းဆောင်ပြီးသော် ‘လျော်ကြေး’သတ်မှတ်ငွေကို နိုင်ငံတော်သို့ပေးသွင်းပြီးမှ ထွက်ခွင့်ပြုခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ ပညာသင်ကြားလေ့လာစေသည်မှာ လူတစ်ဦးတစ်ယောက်အတွက် ခွင့်ပြုခဲ့သည်မဟုတ်ပါ။

သတ်မှတ်သောအချိန်ကာလနှင့် ပေးလျော်စေသော ငွေပမာဏကို အထူးစောဒကမတက်လိုပါ။ ဝန်ထမ်းအပေါ်သာ ထားသင့်သောစိတ်ဓါတ်ကို ရေးသားလိုခြင်းဖြစ်ပါသည်။ သစ်တောဦးစီးဌာနအတွင်း တာဝန်ထမ်းဆောင်နေကြသော‘M.Sc , Ph.D ’ဘွဲ့ရအရာရှိများ နုတ်ထွက်ကြသည်ကို ကြားသိရပါသည်။ ၄င်းတို့သည် အထူးပြုကြသည့်အတိုင်း အဆင့်မြင့်တတ်ကျွမ်းသူ – ပညာရှင်များဖြစ်ကြပါသည်။ ဥပမာ – Forest Economist, Silvilculture, Timber Physics စသော အထူးပြုဘာသာရပ်များ တတ်မြောက်သူများသည် သက်ဆိုင်ရာဌာနမှ အမှန်လိုအပ်သော ဘာသာရပ်များအတွက် စိစစ်စေလွှတ်ခွင့်ပြုခဲ့ကြခြင်းပါ။ လိုအပ်သောအချိန်တွင် အသုံးပြု၍မရသော် ‘‘အလကားပင်ဖြစ်ပါမည်’’။ မောင် – မယ်လေးများတို့ရေ – Mind-Set ကလေးပြောင်းသင့်သလောက် ပြောင်းပြီးတိုင်းပြည်အပေါ် ဌာနအပေါ်တွယ်တာခင်တွယ်သော စိတ်ဓါတ်များမွေးမြူနိုင်မိကြစေဖို့ မြတ်ဘုရားထံမှာသာ ဆုမွန်ကောင်းတောင်း အပ်ပါတော့သည်ဘုရား။

# မြေးငယ်သစ်သစ်သို့ ပေးစာ ----- ၇



သီရိတင် (သစ်တော)

## "မင်္ဂလာပါမြေးငယ်လေးရေ" - - --

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလထုတ် ''သစ်တောကြေးမုံ''မှာ ''ဖိုးဖိုး''တို့ရဲ့နောင်တော်ကြီး ဆရာ ''ဦးစိန်သက်''ရဲ့ "The Efficiency on Traditional Biomass Energy with Improved Cookstoves and Biomass Gasifier" ဆောင်းပါးကိုဖတ်ရတော့၊ တစ်ခါက "Biofuel"နဲ့ လည်ပတ်မောင်းနှင်တဲ့ "Gasifier"ကို သတိရသွားတယ်။ ''လွမ်းတသသ''ပါပဲ။ အဲ---လွန်ခဲ့တဲ့ ၁၄ နှစ်လောက်ကပေါ့ ---'' ၂၀၀၃ ခုနှစ်က ''ရှေ့ပြေးလေ့လာမှု''ကို 'ဖိုးဖိုး'တို့စတင်ပြုလုပ်ခဲ့ပြီး ၂၀၀၄ ခုနှစ်၊ မတ်လ(၃)ရက်နေ့မှာ ''ဇီဝလောင်စာဂက်ဆီဖိုင်ယာ စက်ရုံဖွင့်ပွဲ''ကို မြင်းခြံခရိုင်၊ကုက္ကဲရွာမှာ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ပထမဦးဆုံးသော''ဇီဝလောင်စာဂက်ဆီဖိုင်ယာစက်ရုံ''ဖြစ်ပါတယ်။ အဲဒီစက်ရုံစီမံကိန်းကို အဲဒီအချိန်ကညီလေး ကိုခင်မောင်လှိုင် (ခုတော့ သံတွဲခရိုင်သစ်တောဦးစီးမှူး)က အနီးကပ်ကူညီဆောင်ရွက်ပေးပါတယ်။ စက်ရုံရဲ့ ပထမစီမံကိန်းကာလ အောင်မြင်စွာကျင်းပပြီးစီးခဲ့ပုံနဲ့ စက်ရုံရဲ့ဒုတိယစီမံကိန်းကာလကို မျှော်လင့်စောင့်စားခဲ့ပုံအကြောင်း၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လမှာထွက်တဲ့ နေ့စဉ်သတင်းစာ''ကြေးမုံ''မှာ ''ဖိုးဖိုး''ရေးခဲ့တယ်။ အဲဒီဆောင်းပါးကို ''မြေးလေးတို့'' ဗဟုသုတရဖို့အောက်မှာ ထုတ်နုတ်ဖော်ပြပါရစေ---။



"သစ်တောများမပျက်စီးမပြုန်းတီးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား အလတ်စား ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ဇီဝလောင်စာဂတ်ဆီဖိုင်ယာများကို သုံးစွဲကြပါစို့"

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ထိုင်းနိုင်ငံ၌ကျင်းပသော ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၏ အလွတ်သဘောအစည်းအဝေးတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများသည် ဒေသတွင်းခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ရေလုပ်ငန်း၊ တိုင်းရင်းဆေးဝါးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးကြသည်။ ထို့နောက် ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းကို အတည်ပြုခဲ့ကြသည်။ ထိုကြေညာစာတမ်းတွင် အရေးကြီးသည့်အချက်(၁၂)ချက်ပါရှိသည်။ ထိုအချက်များထဲတွင် ''မြန်မာနိုင်ငံတွင် ဇီဝဓာတ်ငွေ့အသုံးပြုရေး စက်ရုံတည်ဆောက်နိုင်ခဲ့ခြင်းအတွက် အားရကျေနပ်ကြောင်းနှင့် ရှေ့သို့တစ်ဆင့် အရှိန်အဟုန်တိုးမြှင့်၍ ဆောင်ရွက်သွားရန်''ကတိကဝတ်ပြုကြသည်ဟူ၍ ဇီဝလောင်စာဂက်စီဖိုင်ယာနှင့် ပတ်သက်သည့်အချက်ကို ''ဘင်းမ်စတက်''ကြေညာစာတမ်းတွင် ထည့်သွင်းမြွက်ကြားခဲ့သည်။

ဘင်းမ်စတက်ဆိုသည်မှာ ဘင်္ဂလားဒစ်ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ပါဝင်သော စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့ (Bangladesh-India-Myanmar-Sri Lanka-Thailand Economic Cooperation ကို အတိုကောက်အားဖြင့် ဘင်းမ်စတက်(BIMST-EC)ဟုခေါ်ဝေါ်ခဲ့သည်။ ယခုအခါဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းတွင် ဘင်းမ်စတက်(ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေး

ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားအော် ဦးဆောင် ဦးရွက်ပြုမှုအစီအစဉ်) (BIMST-EC-Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation)ဟုပြောင်းလဲခေါ်ဝေါ်ရန် သဘောတူညီခဲ့ကြသည်။ ဘင်းမ်စတက် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံတွင် ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလအတွင်း ကျင်းပခဲ့သည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းပညာရှင်များအဖွဲ့ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး အဆိုပါအစည်းအဝေး၌ တင်ပြသည့် အဆိုပြုချက်များအပေါ်တွင် ဇီဝလောင်စာ ဂက်စီဖိုင်ယာ စနစ်ဖြင့် အသေးစားနှင့်အလတ်စားစက်ရုံများ တည်ထောင်ခြင်း သရုပ်ပြစီမံကိန်းကို မြန်မာနိုင်ငံ၌ တည်ထောင်ရန် ဆုံးဖြတ်ခဲ့သည်။

၂၀၀၁ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သော အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် ဘင်းမ်စတက်စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး၌ သစ်တောဦးစီးဌာနကို ဇီဝလောင်စာဂက်စီဖိုင်ယာ စီမံကိန်းဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့သည်။ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ ပုံမှန်အစည်းအဝေးနှင့် ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလတွင်ကျင်းပသော မြန်မာနိုင်ငံအစိုးရအဖွဲ့အစည်းအဝေးတို့မှ ဇီဝလောင်စာဂက်စီဖိုင်ယာ စီမံကိန်းကိုဆောင်ရွက်ရန် သဘောတူခွင့်ပြုခဲ့သည်။ ၂၀၀၃ ခုနှစ် ဧပြီလထဲတွင် အိန္ဒိယနိုင်ငံ TERI မှ ပညာရှင် (၂)ဦး မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး၊ သစ်တောဦးစီးဌာနနှင့် ပူးပေါင်းလျက် ၂၀၀၃ ခုနှစ်၊ ဧပြီလအတွင်း မြင်းခြံမြို့နယ်ရှိ စီမံကိန်းဧရိယာသို့သွားရောက်၍ ရွေးပြေးလေ့လာမှုများပြုလုပ်ခဲ့သည်။ ထို့နောက်စွမ်းအင်ဝန်ကြီးဌာန၊ စွမ်းအင်စီမံရေးဦးစီးဌာန၌ Wrap-up Meeting ပြုလုပ်ခဲ့သည်။ အဆိုပါအစည်းအဝေးသို့ စွမ်းအင်စီမံရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် TERI မှပညာရှင်(၂)ဦးတို့ တက်ရောက်ခဲ့ကြပြီး အောက်ဖော်ပြပါအချက်များကို သဘောတူညီခဲ့ကြသည်–

- အိန္ဒိယနိုင်ငံ TERI မှ ၅၀,၀၀၀ ကီလိုကယ်လိုရီ/နာရီ အင်အားရှိ ဂက်စီဖိုင်ယာကို ဓာတ်ငွေ့ပိုက်လိုင်း၊ မီးဖိုနှင့် ဇီဝလောင်စာ ပြုပြင်စက်/ဖြတ်စက်တို့နှင့်အတူပေးရန်၊
- မြန်မာနိုင်ငံမှ မြင်းကောင်ရေ ၀ ၅ ရှိ လေမှုတ်စက်တစ်လုံးပံ့ပိုးရန်၊
- လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံ သစ်တောဦးစီးဌာနသည်–
  - (က) မြေရှင်းလင်းခြင်း
  - (ခ) ဂက်စီဖိုင်ယာကို သင်္ဘောဆိပ်မှ စီမံကိန်းဧရိယာသို့သယ်ပို့ခြင်း၊ တပ်ဆင်ခြင်းနှင့်
  - (ဂ) ဆေးပေါင်းဖိုတည်ထောင်ခြင်းတို့ကို ဆောင်ရွက်ပေးရန်

အဆိုပါကိစ္စနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ဇီဝလောင်စာဂက်စီဖိုင်ယာစီမံကိန်းအတွက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ချမှတ်ရေးဆွဲ၍ အချိန်မီပြီးစီးအောင် ဆောင်ရွက်ခဲ့သည်။ ထိုသုတေသန လုပ်ငန်းအတွက် ဗားဂျီးနီးယားဆေးပေါင်းရုံ တည်ဆောက်ခွင့်ကို အမှတ်(၁)စက်မှုဝန်ကြီးဌာနထံ ခွင့်ပြုချက်တောင်းခံခဲ့ပြီး၊ အမြန်ပြီးစီးအောင် တည်ဆောက်ခဲ့သည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလဆန်းတွင် ဂက်စီဖိုင်ယာစက်နှင့် စက်ပစ္စည်းများကိုအိန္ဒိယနိုင်ငံ၊ Mumbai ဆိပ်ကမ်းမှ သင်္ဘောဖြင့်တင်ပို့ခဲ့ရာ ရန်ကုန်ဆိပ်ကမ်းသို့ ယခုနှစ် ဇန်နဝါရီလဆန်းတွင် ရောက်ရှိခဲ့ပြီး၊ စီမံကိန်းဧရိယာ မြင်းခြံမြို့နယ်၊ ကုက္ကိုရွာသို့ ဇန်နဝါရီလ ဒုတိယပတ်တွင်ရောက်ရှိစေခဲ့သည်။ အိန္ဒိယနိုင်ငံ TERI မှဂက်စီဖိုင်ယာစက်နှင့် စက်ပစ္စည်းများတပ်ဆင်ရေးအတွက် ပညာရှင်တစ်ဦးသည် ဇန်နဝါရီလကုန်တွင် မြန်မာနိုင်ငံသို့ရောက်ရှိပြီး စီမံကိန်းဧရိယာတွင် စက်ကိုစတင်တပ်ဆင်သည်။ အိန္ဒိယနိုင်ငံ TERI မှနောက်ပညာရှင်တစ်ဦးသည် အဆိုပါ ဂက်စီဖိုင်ယာစမ်းသပ်လည်ပတ်ရေးအတွက် ဖေဖော်ဝါရီလထဲတွင် မြန်မာနိုင်ငံသို့ရောက်ရှိပြီး သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ စီမံကိန်းဧရိယာသို့သွားရောက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ယခုအခါ ဇီဝလောင်စာဂက်စီဖိုင်ယာစက်ကို တပ်ဆင်ပြီးဖြစ်သဖြင့် စမ်းသပ်လည်ပတ်ခဲ့သည်။

ဇီဝလောင်စာဆိုသည်မှာ လယ်ယာစွန့်ပစ် ပစ္စည်းများဖြစ်သည့် ပဲရိုး၊ နှမ်းရိုး၊ ဝါးရိုး၊ ပဲစင်းငုံရိုး စသည်တို့ဖြစ်ပြီး ဂက်စီဖိုင်ယာဆိုသည်မှာ ထိုဇီဝလောင်စာများကို တစ်ပိုင်းတစ်စလောင်ကျွမ်းစေ၍ ထိုမှမီးလောင်လွယ်သော ဓာတ်ငွေ့ကိုထုတ်ပေးသည့် စက်သို့မဟုတ် ဖိုတစ်မျိုးဖြစ်သည်။ ထွက်လာသော ဓာတ်ငွေ့ကိုမီးရှို့၍ အပူစွမ်းအင်ကိုအသုံးချနိုင်သည်။ ထိုရရှိသော အပူချိန်သည် လောင်စာကို တိုက်ရိုက်လောင်ကျွမ်းခြင်းမှရရှိသော အပူချိန်ထက် ပိုမိုမြင့်မားသည်။ အပူချိန်ကိုလိုသလို ထိန်းနိုင်သည်။ လောင်စာများကို တစ်ပိုင်းတစ်စ လောင်ကျွမ်းစေသဖြင့် လောင်ကျွမ်းချိန် ပိုမိုကြာရှည်စေသောကြောင့် လောင်စာကိုတိုက်ရိုက်မီးလောင်စေခြင်းနှင့်နှိုင်းစာလျှင် လောင်စာသည် ပိုမိုသက်သာစေသည်။ ထွက်ပေါ်လာသော ဓာတ်ငွေ့

ကို အဆင့်ဆင့်သန့်စင် အအေးခံခြင်းဖြင့် သန့်စင်သော ဓာတ်ငွေ့ကိုရရှိပြီး၊ ၎င်းဖြင့် အင်ဂျင်စက်များကို လည်ပတ်စေနိုင်သည်။ ထိုမှ လျှပ်စစ်ဓာတ်ထုတ်လုပ်သည်ထိ အဆင့်ဆင့်တိုးမြှင့်၍ ဆက်လက်ဆောင်ရွက်နိုင်သည်။ ယခု မြင်းခြံ၊ ကုက္ကဲရွာရှိ ဂက်စီဖိုင်ယာသည် ဆေးရွက်ကြီးများကို ခြောက်သွေ့စေသော အပူစွမ်းအင်ထုတ်ပေးသည့် စက်ဖြစ်သည်။

ဇီဝလောင်စာဂက်စီဖိုင်ယာ စက်ရုံဖွင့်ပွဲအခမ်းအနားကို ၂၀၀၄ ခုနှစ်၊ မတ်လ(၃)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်(၉)နာရီတွင် စတင်ကျင်းပခဲ့ပါသည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အိန္ဒိယနိုင်ငံပညာရှင်များ၊ သစ်တောဦးစီးဌာနမှ အရာထမ်းများ၊ ကျေးရွာ၊ မြို့နယ်နှင့်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဗာဂျီးနီးယားဆေးလုပ်ငန်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့သည်။ နံနက်(၁၁)နာရီတွင် ဂက်စီဖိုင်ယာစက်ကိုစတင် မီးတို့ဖွင့်လှစ်၍ သရုပ်ပြလည်ပတ်ခြင်းဖြင့် အောင်မြင်စွာ စက်ရုံကိုဖွင့်လှစ်ခဲ့သည်။ ထင်းကိုအသုံးမပြုဘဲ လယ်ယာစိုက်ပျိုးစွန့်ပစ်ပစ္စည်းဖြစ်သော ပဲစင်းငုံရိုးကို လောင်စာအဖြစ် အသုံးပြုသည့် ဂက်စီဖိုင်ယာလည်ပတ်နေပြီ။ ပဲစင်းငုံရိုးမှ အပူစွမ်းအင်တွေရပြီ။ ထင်းသုံးစရာမလိုတော့။ သစ်ပင်တွေအခုတ်မခံရတော့။ သစ်တောတွေမပျက်စီး မပြုန်းတီးတော့။ သစ်ပင်တွေ သစ်တောတွေအတွက် ကယ်တင်ရှင် ဂက်စီဖိုင်ယာပေါ်ပေါက်လာပြီမို့ အလွန်ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်ရပါသည်။

ဂက်စီဖိုင်ယာစက်ဖြင့် ဆေးရွက်ကြီးစမ်းသပ်အခြောက်ခံခြင်းကို (၃-၃-၂၀၀၄)ရက်နေ့တွင် ပထမအကြိမ်၊ (၁၃-၃-၂၀၀၄)ရက်နေ့တွင် ဒုတိယအကြိမ်၊ (၂၁-၃-၂၀၁၄)ရက်နေ့တွင် တတိယအကြိမ် စမ်းသပ်ဆောင်ရွက်ခဲ့သည်။ ပထမနှင့် ဒုတိယအကြိမ်တို့တွင် အိန္ဒိယပညာရှင်များဖြင့် ပူးတွဲဆောင်ရွက်ခဲ့သည်။ တတိယအကြိမ်တွင် နိုင်ငံခြားသားမပါတော့ဘဲ၊ မြန်မာများကိုယ်တိုင် မြင်းခြံခရိုင် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးခင်မောင်လှိုင် ဦးစီး၍ဆောင်ရွက်ခဲ့ကြသည်။ မူလနှစ်ကြိမ်ထက် အပူချိန်ပေးရသည့် အချိန်နာရီများစွာ လျော့နည်းခဲ့သည်။ ထို့ပြင်လောင်စာသုံးစွဲသည့် ပမာဏလျော့နည်းခဲ့သည်ကိုတွေ့ရှိရသည်။ ဂက်စီဖိုင်ယာဖြင့် အခြောက်ခံပြီး ရရှိသော ဆေးရွက်ကြီးသည် ဒေသဆေးပေါင်းဖိုမှ ထွက်ရှိသော ဆေးရွက်ကြီးကဲ့သို့ အရည်အသွေးကောင်းမွန်ခြင်း၊ နည်းစနစ်ကောင်းသောကြောင့် လူသက်သာခြင်း၊ လောင်စာသုံးစွဲမှုပမာဏ လျော့နည်းခြင်း၊ ထင်းသုံးစွဲခြင်းမဟုတ်ဘဲ လယ်ယာစွန့်ပစ်ပစ္စည်းသုံးစွဲသည့်အတွက် သစ်ပင်၊ သစ်တောများ ပြုန်းတီးပျက်စီးမှုမှ ကင်းဝေးခြင်း၊ လိုအပ်သည့် အပူချိန်ကို ထိန်းချုပ်၍ရသည့်အတွက် အဆင့်အတန်းမြင့်သည့် ဆေးရွက်ကြီး ရာခိုင်နှုန်းပိုမိုရရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိသည်။

ယခုအခါ ဇီဝလောင်စာဂက်စီဖိုင်ယာ၏ အကျိုးကျေးဇူးကို ဒေသခံပြည်သူတွေ မျက်မြင်ကိုယ်တွေ့ တွေ့မြင်ကြပြီ။ ဒေသခံပြည်သူတွေ ဂက်စီဖိုင်ယာကို ကြိုက်နှစ်သက်ကြသည်။ ဒီဂက်စီဖိုင်ယာဖြင့် ရေတင်လိုသည်။ မီးထွန်းလိုသည်။ ဘက်ထရီတွေ အားသွင်းလိုသည်။ လေဖြည့်သည့်လုပ်ငန်းဆောင်ရွက်လိုသည်။ ဆေးရိုးစင်းလိုသည်။ အုတ်ဖုတ်လိုသည်။ ညမှာစာကြည့်လိုသည်။ တီဗွီဇာတ်လမ်းကြည့်ချင်သည်။ ကာရာအိုကေ သီချင်းဆိုချင်သည် ． ．． စသည်ဖြင့် ဒေသခံပြည်သူတွေ ဂက်စီဖိုင်ယာကို သူတို့လိုအပ်ချက်တွေအတွက် ဘက်စုံအသုံးချချင်လာသည်။ စီမံကိန်း၏ ဒုတိယအချိန်ကာလကို မျှော်လင့်တောင့်တကြသည်။ ဒီကာလမှာ လျှပ်စစ်မီးရအောင်နှင့် ရေတင်နိုင်အောင် ဆောင်ရွက်ပေးလိမ့်မည်ဟု မျှော်လင့်ကြသည်။ ကျေးလက်ပြည်သူများက နေ့အခါရေတင်၍ ညအခါမီးထွန်းချင်ကြသည်။ ထို့ကြောင့် ယခုလ(၁၆)ရက်၊ (၁၇)ရက်၊ ပုဂံညောင်ဦးမှာကျင်းပမဲ့ ဂက်စီဖိုင်ယာ အလုပ်ရုံဆွေးနွေးပွဲကို ဒေသခံပြည်သူများက လှိုက်လှဲဝမ်းသာအားပါတရ ကြိုဆိုနေကြပါတော့သည်။

**မေတ္တာရပ်ခံချက်**--- ကျေးဇူးပြု၍ အဆိုပါ "ဇီဝလောင်စာဂက်စီဖိုင်ယာ" နှင့် ပတ်သက်၍ လုပ်ငန်းတိုးတက်မှုကို သက်ဆိုင်သူများက ဆက်လက်၍ ဗဟုသုတ ဝေမျှပေးပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**သစ်တောများ ၊ မပြုန်းတီးရေး**
**ထင်းကုန်သက်သာ ၊ မီးဖိုကိုသုံးစွဲပေး။**

**တောကိုမခင် ၊ ခုတ်ဖြုန်းလျှင်**
**ဘီဘင်ဘိုးဘွား ၊ ဒို့စော်ကား။**

**ထင်းကိုမသုံး တောမပြုန်း၊**
**ထင်းအစား အခြားလောင်စာသုံး။**




ကမ္ဘာတစ်လွှားတွင် အများစုသော ဆည်တမံရေကာတာတို့ကို စီးပွားရေးနှင့် လူမှုရေးအကျိုးစီးပွားများအတွက် အဓိကမျှော်ရည်တည်ဆောက်ခဲ့ကြပါသည်။ ယခုအချိန်တွင် ဆည်တမံရေကာတာကြီးများ၏ မြစ်ဂေဟစနစ်အပေါ်သက်ရောက်မှုနှင့် လူ့အဖွဲ့အစည်းကပေးဆပ်ရသောနစ်နာဆုံးရှုံးမှုများအပေါ် အဓိကပူပင်လာကြပါသည်။ ဆည်တမံရေကာတာကြီးများသည် မြစ်၏သဘာဝရေစီးရေလာကိုပြောင်းလဲပစ်သည်။ မြစ်ညာပိုင်းနှင့်မြစ်အောက်ပိုင်းတွင်နက်ရှိုင်းသော အပြောင်းအလဲများဖြစ်စေသည်။ ဆည်ရေကာတာများ၏ မြစ်ကြောင်းအပေါ်သက်ရောက်မှုများသည်ရှုပ်ထွေး၊ ကွဲပြား၊ များပြားစွာရှိနေနိုင်သည်။ အများစုမှာဆိုးကျိုးသက်ရောက်မှုများဖြစ်ပါသည်။ ရေအရင်းအမြစ်သည် လူတို့လိုသလို ထုတ်ယူသုံးစွဲနိုင်သည့်ကုန်ပစ္စည်းတစ်ခုမျှသာမဟုတ်ပါ။ ရှင်သန်ရန် လိုအပ်သည့် ကျေးငှက်သားငါးနှင့်ဂေဟစနစ်အတွက်လည်း သဘာဝရေစီးရေလာရှိရပါမည်။ လူ့အလိုလောဘအားဖြင့် ရေအရင်းအမြစ်ကိုဖျက်ဆီးသောအခါ၊ လိုသလိုအမြတ်ထုတ် အသုံးချသောအခါတွင်မူ ကျေးငှက်သားငါးနှင့်ဂေဟစနစ်ခမ်းခြောက်ပါလိမ့်မည်။ ရေရှည်တွင် လူသား၏ရပ်တည်မှုလည်း ဆက်စပ်နိမ့်ပါးလာပါလိမ့်မည်။ မြန်မာနိုင်ငံစွမ်းအင်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန (ယခင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန) သည် ၂၀၀၅ခုနှစ် ကုန်ပိုင်းတွင် ဧရာဝတီမြစ်၏ ထိပ်ဖျားမေခ–မလိခမြစ်ဝှမ်းအတွင်း ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက်စီမံချက်(Master Plan) ရေးဆွဲရန်တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှ YMEC Co.နှင့် ကူမင်းရေအားလျှပ်စစ်စူးစမ်းလေ့လာရေး ဒီဇိုင်းထုတ်လုပ်ရေး အင်စတီကျု့ (Kunming Hydroelectric Investigation and Design Institute)တို့ ပူးပေါင်းဖွဲ့စည်းထားသည့် တရုတ်ကုမ္ပဏီနှင့် MOUလက်မှတ် ရေးထိုးခဲ့သည်။ ထိုအဖွဲ့ သည် မေခ–မလိခမြစ်ဝှမ်းတစ်ခုလုံးအား ကောင်းကင်ဓါတ်ပုံရိုက်ကူး၍ စူးစမ်းလေ့လာမှုများကို စတင်ဆောင်ရွက်ခဲ့သည်။ ထိုသို့ စူးစမ်းလေ့လာမှုများကို ဆောင်ရွက်နေစဉ် ၂၀၀၆ခုနှစ်၊ မေလလယ်တွင် လျှပ်စစ်စွမ်း အင်ဝန်ကြီးဌာနအား အမှတ်(၁)နှင့်အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာန(၂)ခုခွဲ၍ ဝန်ကြီးဌာနနှစ်ခုခွဲ၍ ပြုပြင်ဖွဲ့စည်းလိုက်သောအခါ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ယူနန်ကုမ္ပဏီနှင့် ဆောင်ရွက်နေသော မေခ–မလိခ Master Plan ကိုရပ်ဆိုင်းလိုက်၍ ပီကင်းအခြေစိုက် တရုတ်နိုင်ငံ စွမ်းအင်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (China Power Investment Corporation CPI)နှင့် ၂၀၀၆ခုနှစ် ဒီဇင်ဘာလအတွင်း ဧရာဝတီမြစ်အထက်ပိုင်း မေခ–မလိခမြစ်ဝှမ်းများအတွက် ရေသယံဇာတဖွံ့ဖြိုးမှုနှင့်အသုံးချမှု လေ့လာမှုအပြင် မြစ်ဆုံရေအား လျှပ်စစ်စက်ရုံတည်ဆောက်ရေးအတွက်ပါ လေ့လာရေးလုပ်ငန်းများဆောင်ရွက်ရန် MOU တစ်ခု ထပ်မံရေးထိုးခဲ့ကြောင်း သိရှိရပါသည်။ ထို MOU အရ CPI ကုမ္ပဏီ၏ ပဏာမလေ့လာမှု အစီရင်ခံစာသည် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလတွင်ပေါ်ပေါက်လာပြီး မေခ–မလိခ မြစ်နှစ်ခုဆုံသည့် မြစ်ဆုံအောက်ပိုင်းတွင် မြစ်ဆုံရေအား လျှပ်စစ်စီမံကိန်း၊ မေခမြစ်ပေါ်တွင် ရေအားလျှပ်စစ် စီမံကိန်း(၅)ခု၊ မလိခမြစ်ပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်း(၁)ခု စုစုပေါင်းစီမံကိန်း(၇)ခု တည်ဆောက်ရန်နှင့် ၎င်းစီမံကိန်းများ တည်ဆောက်ရေးကာလတွင် အသုံးပြုရန်လိုအပ်သည့် လျှပ်စစ်ဓါတ်အားထုတ်လုပ်ပေးမည့် ချီဖွေချောင်းပေါ်တွင် အလတ်စားရေအားလျှပ်စစ်တစ်ခု စုစုပေါင်းစီမံကိန်း(၈)ခု သဘောတူညီချက်ရရှိအောင်ဆောင်ရွက်ခဲ့ခြင်းသည် အလွန်ထူးခြားသော စာချုပ်တစ်ခုဖြစ်လေသည်ဟု သုံးသပ်ကြပြန်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ယူနန်ပြည်နယ်အတွင်းမှာရှိသည့် သံလွင်နှင့်မဲခေါင်မြစ်ဝှမ်းအပေါ်ပိုင်းမှ ရေအားလျှပ်စစ်စီမံကိန်းများကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကြောင့် ဆိုင်းငံ့ထားပြီး မြန်မာနိုင်ငံ၏ ဧရာဝတီမြစ်ဝှမ်းအပေါ်ပိုင်း မေခ–မလိခမြစ်ဝှမ်းများတွင် တရုတ်အစိုးရကျောထောက်နောက်ခံပြုသည့် ကုမ္ပဏီကြီးများက လာရောက်ရင်းနှီးမြှုပ်နှံလာသည်ကို သတိထားမိပါသည်။ မေခမြစ်ဝှမ်းသည် ယူနန်ပြည်နယ်ထဲက ရပ်ဆိုင်းထားသည့် သံလွင်(နူး)မြစ်နဲ့ရေဝေကျန်းတန်းချင်း တစ်ဆက်

တစပ်တည်းဖြစ်နေသည့်အတွက် မေခမြစ်ဝှမ်းမှရေအား လျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ရာမှာ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ စစ်တမ်းတွေ့ရှိချက်များ ထိ ထိရောက်ရောက် ဆောင်ရွက်ဖို့လိုပါမည်ဖြစ်ကြောင်း သတိ ပြုရပါမည်။ ထို့အပြင်နိုင်ငံတကာ ရေအားလျှပ်စစ်စီမံကိန်း များအား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံခွင့်ပြုကာလ "လုပ်ပိုင်ခွင့် ကာလ"(Concession Period)သည် ကျွမ်းကျင်မှုပြဿနာ ကြီးမား၍ ခက်ခဲပြီးကုန်ကျစရိတ်များပြားသော စီမံကိန်း တချို့မှအပ အများဆုံးအနှစ်(၃၀)မျှသာ ခွင့်ပြုလေ့ရှိသော် လည်း မြစ်ဆုံနှင့်တကွ ရေအားလျှပ်စစ်စက်ရုံ စီမံကိန်းများ ကို အနှစ်(၅၀)လုပ်ပိုင်ခွင့်ရယူထားခြင်းသည် တရုတ်တို့ ဘက်မှ များစွာအသာစီးရယူထားကြောင်း သုံးသပ်နိုင်ပါ သည်။ ၎င်းအပြင် မြစ်ဆုံစီမံကိန်းနှင့်တကွ တစ်ခြား စီမံကိန်းမှထွက်ရှိလာမည့် လျှပ်စစ်ဓါတ်အားအများစုကို ပြည်ပသို့ရောင်းချမည့် စီမံကိန်းကြီးများဖြစ်သဖြင့် စီမံကိန်း ၏ အကျိုးစီးပွားသည် ဝယ်ယူသူပြည်ပနိုင်ငံများက ခံစား ကြရပြီး၊ ထိုစီမံကိန်းနှင့်ဆက်နွယ်သော သဘာဝပတ်ဝန်း ကျင်ထိခိုက်မှု၊ လူမှုရေးထိခိုက်မှု၊ သဘာဝဘေးအန္တရာယ် အတွက် စိုးရိမ်ကြောင့်ကျမှုစသည့် အန္တရာယ်အမျိုးမျိုး၊ ထိခိုက်မှုဆိုးကျိုးအမျိုးမျိုးတို့ကို အိမ်ရှင်နိုင်ငံက တစ်သက် တာ ခံစားကြရမည်ဆိုသည့်အချက်ကို ထည့်သွင်းစဉ်းစား ရန်လိုအပ်ပါသည်။

စွမ်းအင်လိုအပ်ချက်နှင့် ရေရင်းမြစ်ကိုချင့်ချိန် စဉ်းစားရာတွင်ဒေသဆိုင်ရာ၊ နိုင်ငံဆိုင်ရာလိုအပ်ချက်များ ဦးစားပေးရမည့် အခြေအနေများကို ပြည့်စုံစွာထည့်သွင်း စဉ်းစားရပါမည်။ ပြည်ပသို့ စွမ်းအင်ရောင်းစားရေးနှင့် ပြည်တွင်းစွမ်းအင်လုံခြုံရေးကိုလည်း ဟန်ချက်ညီစေရန် လိုအပ်ပါမည်။ မြန်မာပြည်တွင် ဖွံ့ဖြိုးရေးစီမံကိန်းများသည် အများအားဖြင့် ဒေသခံတိုင်းရင်းသားတို့ နေရာရွှေ့ပြောင်း ရမှု လူ့အခွင့်အရေးချိုးဖောက်မှုများတွင်လည်း အဓိကနေ ရာမှပါဝင်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုအတွက် ဒေသခံတို့ ရသည့် အကျိုးအမြတ်မှာလည်း မဆိုစလောက်သာဖြစ် လေ့ရှိကြောင်း လေ့လာသိရှိနိုင်ပါသည်။ ဆည်များသည် စီးပွားရေးတိုးတက်မှုကို အစဉ်အလာအားဖြင့် အထောက် အကူပြုခဲ့သည့် အစဉ်အလာများရှိသော်လည်း လက်မခံ နိုင်ဖွယ်ခြေအနေများလည်းများစွာရှိနေသည်။ အကျိုး အမြတ်ရရှိရန် အတွက် မလိုလားအပ်သော လက်ခံနိုင်ဖွယ် မရှိသော တန်ဖိုးများစွာကို မကြာခဏပေးဆပ်နေရကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် နေရာရွှေ့ပြောင်းရသည့် ပြည်သူများ ဆည်အောက်ပိုင်းနေ အခြေခံလူ့အဖွဲ့အစည်း များ၊ ပြည်သူ့ဘဏ္ဍာများ၊ သဘာဝဂေဟစနစ်များ စသည့် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တန်ဖိုးတို့ဖြင့် ပေးဆပ်နေကြောင်း သိရှိနိုင်ပါသည်။ ကမ္ဘာ့ဆည်ကြီးများ ကော်မရှင်မှ မြစ်ကြောင်း၏ဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲ နှင့်အတူ မြစ်အကြေအရပ်ရှိ လယ်ယာစိုက်ပျိုးရေး၊ ငါးဖမ်း လုပ်ငန်းစသည်တို့ကို ဆိုးကျိုးသက်ရောက်နိုင်ပြီး မြေယာ တန်ဖိုးကိုလည်း လျော့ကျစေနိုင်သည်။ ဂေဟဗေဒပြောင်း လဲမှု အကျိုးဆက်များမှနေ၍ အသက်မွေးဝမ်းကျောင်းဆိုင် ရာ၊ စားနပ်ရိက္ခာလုံခြုံမှုဆိုင်ရာ နောက်ဆက်တွဲပြဿနာ များဖြစ်ပေါ်လာနိုင်ပါသည်ဟု မှတ်ချက်ပြုထားပါသည်။

မြေဩဇာကောင်းမွန်သော မြစ်ဝှမ်းဒေသများ သည် လူဦးရေထူထပ်လျက်ရှိပြီး လူ့ယဉ်ကျေးမှုများ အခြေ ပြုထွန်းကားရာလည်းဖြစ်သည်။ နေရာရွှေ့ပြောင်းရမှုကြောင့် ဌာနေလူ့အဖွဲ့အစည်းတို့၏အစဉ်အလာ အသိပညာများ ပျောက်ဆုံးရပြီး ကမ္ဘာ့ယဉ်ကျေးမှုအမွေများ ပျက်စီးဆုံးရှုံး ရသည်။ နေရာရွှေ့ပြောင်းရမှုကြောင့် အစဉ်အလာအားဖြင့် တည်ရှိသောဆွေမျိုး၊ မိတ်ဆွေဆက်နွယ်နှောင်ဖွဲ့မှုများ ပျက်ယွင်း၍(လူမှုအသိုက်အမြုံ ယိုယွင်းရသည်) ဘိုးဘွားပိုင် ဌာနေ ဒေသအမှတ်အသား၊ သချိုင်းမြေစသည့် လူ့အ သိုက်အမြုံ၏ သင်္ကေတတို့ကိုစွန့်ခွါရသည့်အခါ ထိုလူ့အဖွဲ့ အစည်း၏ ယဉ်ကျေးမှုဆိုင်ရာ အမှတ်သညာများအား နည်းလာရသည်ကို တွေ့ရှိနိုင်ပါသည်။ မြန်မာနိုင်ငံအတွက် တည်ဆောက်မည့်အကြီးစား ရေကာတာများသည် ပြည် တွင်းမငြိမ်မသက်ဖြစ်နေသည့် နယ်မြေများတွင် တည်ရှိနေ သောကြောင့် စီမံကိန်းအတွက် စတင်ပြင်ဆင်နေသည့် အချိန်မှစ၍ ရေကာတာတည်ဆောက်မည့် ဒေသအတွင်း တွင် စစ်အင်အားတိုးချဲ့ခြင်းများရှိခဲ့ရာ လူ့အခွင့်အရေးချိုး ဖောက်ခံရမှုများနှင့် ဆည်ဆောက်မှုတို့မှာ ဆက်နွယ်နေ





ပါသည်။ ရေကာတာတည်ဆောက်မည့် နေရာဒေသများမှ ပြည်သူများကို ဖယ်ရှားရှင်းလင်းခြင်းအားဖြင့် လျော်ကြေးငွေစသည့် စရိတ်စကများသက်သာစေရန် လုပ်ဆောင်နေသည်ဟု စွပ်စွဲချက်များလည်း ကြားသိနေရပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာများအရ ရေကာတာအတွင်းရှိရေထုသည် ငှက်ဖျားရောဂါ၊ ဝမ်းရောဂါစသည့် ရေအခြေပြုရောဂါများ၊ ဘက်တီးရီးယားများပေါက်ပွားရာဖြစ်သည်။ ရေကာတာအောက်ခြေဒေသများရှိ ငါးများတွင် မာကျူရီပမာဏမြင့်တက်ခြင်းကြောင့် ငါးစားသုံးသော ပြည်သူများအတွက် ရေရှည်ကျန်းမာရေးအန္တရာယ်ဖြစ်စေသည်။ ရေကာတာအောက်ခြေရှိ ငါးရှားပါးမှုမှာ ယာယီသဘောမဟုတ်ဘဲ တည်မြဲသွားတတ်သည်။ ရေကာတာတို့၏ သဘာဝဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများထဲတွင် စားနပ်ရိက္ခာငါးများတွင် မာကျူရီမြင့်တက်မှုမှာ အရေးအကြီးဆုံးကိစ္စတစ်ခုဖြစ်သည်။ နေရာရွှေ့ပြောင်းမှု၊ နေ့စဉ်လူမှုဘဝကွန်ရက် ပျက်ယွင်းမှုကြောင့်ဖြစ်ရသော စိတ်ဖိစီးမှုတို့သည်လည်း သက်ဆိုင်ရာပြည်သူတို့၏ ကျန်းမာရေးနှင့် သာယာဝပြောရေးကို ဆိုးရွားစွာထိခိုက်စေသည်။ ရပ်ရွာဒေသခံများကို ၎င်းတို့၏ အိုးအိမ်များ၊ အလုပ်အကိုင်များမှအမြစ်ဖြုတ်၍ နေရာရွှေ့ပြောင်းရသောဖြစ်စဉ်တွင် မိမိတို့၏ကိုယ်ပိုင်ဖြစ်တည်မှု ဘဝတန်ဖိုးများကို မရေမရာဖြစ်စေကာ စိတ်ဖိစီးမှုပြင်းထန်ရသည်' ဟု ကမ္ဘာ့ဆည်ကြီးများကော်မရှင်က ဖော်ပြထားပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ကိစ္စများတွင် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်ထက် ပြည်ပသို့ပို့ရန် ပို၍အားသန်သည်ဟု သုံးသပ်ရပါသည်။ ထို့အတွက် ပြည်ပသို့တင်ပို့နိုင်မည့် စွမ်းအင်အခြေခံ အဆောက်အအုံများကို ရင်းနှီးမြှုပ်နှံမှုက ပိုနေသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ ပင်မဓါတ်အားလိုင်းရောက်ရန်မလွယ်သည့်နေရာများတွင် လျှပ်စစ်ရနိုင်မည့်နည်းလမ်းများ ရှာဖွေခြင်းထက် ပင်မဓါတ်အားလိုင်းအတွက်သာ ပိုမိုရင်းနှီးမြှုပ်နှံလိုသည်။ စွမ်းအင်ရောင်းချရန်ဖိအားအချို့သည် ပြည်ပနိုင်ငံများမှလာကြောင်းလေ့လာတွေ့ရှိရပါသည်။ ကျေးလက်နေပြည်သူအများစု ဖြစ်သော ပင်မဓါတ်အားလိုင်းနေရာတိုင်းသို့ သွယ်တန်းနိုင်ရန်မလွယ်ကူသေးသော မြန်မာနိုင်ငံတွင်ပြည်ပနိုင်ငံများသို့ ဓါတ်အားရောင်းစားမည့် အကြီးစားရေအားလျှပ်စစ်ကြီးများ တည်ဆောက်ခြင်းထက် တစ်နိုင်တစ်ပိုင်နည်းလမ်းများ အသေးစားရေအားလျှပ်စစ်စွမ်းအင်များဖြင့် ပြည်သူကိုဗဟိုပြုသော စွမ်းအင်ဆိုင်ရာ အဖြေရှာမှုများလုပ်ကြရန် အထူးလိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## ငါးခူးတစ်ကောင်ရဲ့ ဆန္ဒ

ငါ - - - မသေသေးပါဘူး - - -
နာလွန်းလို့ ငြိမ်နေတာပါ
ငါ့တစ်ကိုယ်လုံး
အရှင်လတ်လတ်
ဓါးနဲ့ မွှန်းထားကြတယ်လေ။
ဒါ ရောင်းသူရော ဝယ်သူပါ
မမှားပါဘူး
ငါ့အမှားအတွက်သာ
ငါ ပေးဆပ်နေရတာပါ။
"ဘာ - - ဟာ - - မသိပါဘူး - -
သံသရာတစ်ကွေ့ကွေ့မှာ
အမှားတွေရှိခဲ့မှာပေါ့
လာလေ - - ဝယ်ပါ - -
နောက်ဆုံးဓါးချက်ကိုတောင်
ခံစားတတ်တော့မှာမဟုတ်ပါဘူး။
ငါ သိချင်တာ - -
အရင်ဘဝက - - - ငါ - -
သံသရာကလွတ်မြောက်ရာ
တရားနဲ့ဝေးနေခဲ့လို့လား
ကျင့်ကြံဖို့ရာပဲ မေ့လျော့ခဲ့ လေသလား
အားထုတ်ဖို့ပဲ အချိန်မပေးခဲ့ လေသလား
ဝိုးတိုးဝါးတား - - - ဝိုးတဝါးပါပဲလေ - - -။
ကဲနောက်ဆုံးမှာတော့
ငါ့ခန္ဓာမြင်ရင် ငါ့ဒုက္ခမမြင်နဲ့
သံသရာဒုက္ခကိုဆင်ခြင် - -
အချိန်မနောင်းခင် ကြိုးစား - -
အချိန်မလွန်ခင် တရားအားထုတ် - -
အဝိဇ္ဇာ ထိန်းချုပ်တာမခံနဲ့ - -
သင့်မှာ - - - အချိန်တွေကျန်နေသေးတယ်လေ - - ။

အေပရယ်သီရိ(ဆေး-၂)



# အံ့ညြဖွယ်ရာ ဝါးဆားအစွမ်း

စုစုလှိုင်၊ သုတေသနလက်ထောက်-၂




အရှေ့တိုင်းဆေးပညာအရ ကမ္ဘာပေါ်ရှိသက်ရှိများသည် စတင်ဖြစ်ပေါ်စအချိန်တွင် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် လိုအပ်သောသဘာဝဝန်းကျင်များဖြစ်သည့် သစ်သား၊ ရေ၊ မီး၊ သတ္တု၊ ကမ္ဘာမြေကြီး စသည့် အင်အားစု (၅)မျိုးနဲ့ မွေးဖွားလာကြတယ်လို့အဆိုရှိပါသည်။ အင်အားစုတစ်ခုစီသည် ခန္ဓာကိုယ်အစိတ်အပိုင်း၏ အင်္ဂါအဖွဲ့အစည်းများကို ကိုယ်စားပြုနေပါသည်။ သစ်သားသည် အသည်းနှင့်ဟော်မုန်းဆိုင်ရာ အင်္ဂါအဖွဲ့အစည်းကို ကိုယ်စားပြုပြီး၊ မီးသည်နှလုံးနှင့် သွေးလှည့်ပတ်မှုဆိုင်ရာ အင်္ဂါအဖွဲ့အစည်းကို ကိုယ်စားပြုပါသည်။ သတ္တုဆိုသည်မှာ အဆုတ်နှင့် အသက်ရှူမှုဆိုင်ရာအင်္ဂါအဖွဲ့အစည်းကို ကိုယ်စားပြုပြီး မြေကြီးက သရက်ရွက်နှင့် အစာခြေအင်္ဂါအဖွဲ့အစည်း၊ ရေက ကျောက်ကပ်၊ ဆီးနှင့်ဆိုင်ရာ အင်္ဂါအဖွဲ့အစည်းကို ကိုယ်စားပြုပါသည်။ ၎င်းတို့သည် အချိန်ကာလ၏စီးဆင်းမှုနောက်တွင် ပြောင်းလဲမှုများဖြစ်ပေါ်လာကြသည့်အတွက် ကျန်းမာသောခန္ဓာကိုယ်အဖြစ်ထိန်းသိမ်းရန် ကျွန်ုပ်တို့သည်အစားအစာသို့မဟုတ် လေ့ကျင့်ခန်းများမှတစ်ဆင့် ဖြည့်တင်းပေးကြရပါသည်။

ဝါးဆား Bamboo Salt ဆိုသည်မှာ သဘာဝဝန်းကျင်အင်အားစု (၅)မျိုးဖြစ်သည့် ရေ(သဘာဝပင်လယ်ဆား)၊ သစ်သား(သက်တမ်းသုံးနှစ်ရှိဝါး၊ ထင်းရှူးသား)၊ မြေကြီး(အဝါရောင်ရွှံ့စေးမြေ)၊ မီး(မီးဖုတ်ခြင်း)၊ သတ္တု(metal trolley)ဖြင့် ပေါင်းစပ်ထားသည့် သဘောတရားများအပေါ် အခြေခံပြီး ထုပ်လုပ်ထားသည့်ဆားဖြစ်ပါသည်။

ဝါးဆား Bamboo Salt ကို ကိုရီးယားနိုင်ငံမှ စတင်အသုံးချခဲ့ကြပြီး Jukyeom ဟုခေါ်ဆိုကြပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ ကျော်ကပင်အမျိုးမျိုးသော နာမကျန်းဖြစ်ခြင်းများအား ကုသရန်ရိုးရာဆေးဝါးအဖြစ် ကိုရီးယားဆရာဝန်များနှင့် ဘုန်းတော်ကြီးများက သုံးစွဲခဲ့ကြပါသည်။

ဝါးဆား (Bamboo Salt)ရရှိရန် တောင်ကိုရီးယားနိုင်ငံ၏ အနောက်ပင်လယ်ကမ်းခြေမှနေလှန်းပြီးဖြစ်သော ပင်လယ်ဆားများကို သုံးနှစ်သက်တမ်းရှိဝါးဆစ်များအတွင်းထည့်သွင်းပြီး ထိပ်ဝအား သတ္တုဓာတ်များ ပေါကြွယ်ဝသည့်အဝါရောင်ရှိသော သဘာဝရွှံ့စေးမြေဖြင့်ပိတ်ကာ ထင်းရှူးသားဖြင့် မီးပြင်းဖိုတွင်မီးအပူချိန် ၁၀၀၀ မှ ၁၅၀၀ ဒီဂရီစင်တီဂရိတ်အကြားမှာ ၁၀ နာရီကြာဖုတ်ရန်လိုအပ်ပါသည်။ မီးဖုတ်ခြင်းကို သုံးကြိမ်မှကိုးကြိမ် အဖန်ဖန်ပြုလုပ်ပါသည်။ ရှေးယခင်က နှစ်ကြိမ်(သို့မဟုတ်) သုံးကြိမ်သာ မီးဖုတ်ခဲ့ကြသည်။ သို့ရာတွင် ထပ်ထပ်ခါခါဖုတ်ခြင်းမှ ဆေးကုသမှုဆိုင်ရာ အကျိုးသက်ရောက်မှုများကို ဆရာဝန်များက ရှာဖွေတွေ့ရှိခဲ့ကြပါသည်။ ကိုးကြိမ်ထက်ပို၍ မီးဖုတ်ရာတွင် ဆား၏ဆေးဖက်ဆိုင်ရာ အကျိုးအာနိသင်များ များစွာလျော့နည်းသွားသည်။ ကိုးကြိမ်အထပ်ထပ် ဝါးကိုမီးဖုတ်ခြင်းဖြင့် ရရှိလာသောဝါးဆားသည် ဆေးကုသမှုတွင်အာနိသင်ထက်မြက်မှု အကောင်းဆုံးဖြစ်ပြီး ထိုသို့မီးဖုတ်ခြင်းမှ ခရမ်းရောင်ဖြစ်လာသည့်အတွက် ၎င်းကို Purple Bamboo Salt ဟုအမည်သတ်မှတ်ကြပါသည်(Xin, Zhao, et. al., 2013)။ ဤသို့ကိုးကြိမ်အထပ်ထပ် မီးဖုတ်ခြင်းဖြင့် ပင်လယ်ဆားရှိ အညစ်အကြေးများနှင့် heavy metals များအား ဖယ်ထုတ်သန့်စင်ခြင်းဖြစ်စေပြီး၊ အဝါရောင်ရွှံ့စေးမြေ၊ ထင်းရှူးသားနှင့် ဝါးမှ သက်ရှိတို့ရှင်သန်မှုအတွက် မရှိမဖြစ်လိုအပ်သော ဓာတုပစ္စည်းများနှင့်သတ္တုဓာတ်များသည် ပင်လယ်ဆားထဲသို့ ရောနှောပေါင်းစပ်သွားခြင်းဖြင့် ဆား၏အာနိသင်ကို ပိုမိုကောင်းမွန်စေပါသည်။ အမျိုးမျိုးသော ဝါးဆား Bamboo Salt ဘူးများနှင့် အိတ်လေးများတွင် တွေ့ရှိရသည့် 1x, 3x, 6x, 9x တို့မှာ Bamboo Salt အဖြစ်ရရှိရန် မီးဖုတ်သည့် အကြိမ်အရေတွက်ကို ရည်ညွှန်းထားခြင်းဖြစ်ပါသည်။ ဆေးအစွမ်းထက်မှုသည် မီးဖုတ်သည့်အကြိမ်နှင့်ဆက်စပ်နေသောကြောင့် မီးဖုတ်သည့် အကြိမ်အရေအတွက်အပေါ် မူတည်ပြီး ဈေးနှုန်းမှာလည်းသိသာစွာကွာခြားမှုရှိပါသည်။

# ဝါးဆားပြုလုပ်နည်းစဉ်


၁။ ပင်လယ်ဆားများစုဆောင်းခြင်း


၂။ နေလှန်းပြီးဆားအိတ်များ


၃။ ဝါးဆစ်ပိုင်းများဖြတ်တောက်ခြင်း


၄။ ရွှံ့စေးမြေများစုဆောင်းခြင်း


၅။ ရွှံ့စေးမြေများအားညက်အောင် ပြုလုပ်ခြင်း


၆။ နေလှန်းပြီးပင်လယ်ဆားများ ထည့်သွင်းခြင်း


၇။ ထိပ်ဝအားရွှံ့စေးဖြင့်ပိတ်ခြင်း


၈။ သံစည်ပိုင်းအတွင်း၌ထည့်ခြင်း


၉။ ထင်းရှူးဖြင့်မီးဖုတ်ခြင်း


၁၀။ မီးလောင်ကျွမ်းခြင်း


၁၁။ ပြာအဖြစ်ရောက်ရှိခြင်း။ ၄င်းအားအမှုန့် ကြိတ်ပြီး ဝါးဆစ်ပိုင်းများအတွင်းထည့်ပြီး နောက်ထပ်(၈)ကြိမ်မီးဖုတ်ခြင်း


၁၂။ အကြိမ်ကြိမ်မီးဖုတ်ခြင်းမှ မာကျောသော ဝါးဆားတုံးများ


၁၃။ ကိုးကြိမ်မြောက်မီးဖုတ်ရန် resin အခဲ


၁၄။ ကိုးကြိမ်မြောက်တွင် ဝါးဆစ်ပိုင်းများအား သံမီးဖိုအတွင်းထည့်၍ မီးဖုတ်ပြီး အရည်ပျော်စေခြင်း


၁၅။ ဖျော်ရည်ကဲ့သို့ အရည် ပျော်နေခြင်း


၁၆။ သတ္တုခွက်အတွင်း၌ ထည့်ခြင်း


၁၇။ အအေးခံထားခြင်း


၁၈။ အအေးခံပြီးကျောက်တုံးကဲ့သို့ မာကျောနေသော ဝါးဆားတုံးများ


၁၉။ ဥမင်ပုံသဏ္ဍာန် ဖြစ်နေသော အတွင်းပိုင်း



၂၀။ ပုံဆောင်ခဲကဲ့သို့ ပုံသဏ္ဍာန်အမျိုးမျိုး ဖြစ်ပေါ်နေခြင်း


၂၁။ အမှုန့်အဖြစ်ရရှိအောင် ကြိတ်ခြေ ရမည့် ဝါးဆားပုံဆောင်ခဲများ

**ဝါးဆား(Bamboo Salt)၏ အာဟာရတန်ဖိုးများနှင့် အကျိုးကျေးဇူး**

ဝါးပင်စည်၊ ထင်းရှူးသားနှင့် အဝါရောင်ရွှံ့စေးမြေတို့မှ သက်ရှိတို့ရှင်သန်မှုအတွက် မရှိမဖြစ်လိုအပ်သောဓာတုပစ္စည်းများနှင့် သတ္တုဓာတ်များ၏ ပျော်ဝင်မှုကြောင့် ဝါးဆား(Bamboo Salt)တွင် သတ္တုဓာတ်အမျိုးအစားပေါင်း(၇၀)ကျော်ပါဝင်ကြောင်း သိပ္ပံနည်းကျ သုတေသနပြုဆောင်ရွက်ခြင်းများမှ တွေ့ရှိခဲ့ကြပါသည်။ အားလုံးသော သတ္တုဓာတ်များအနက်မှ လူ့ခန္ဓာကိုယ်ကျန်းမာမှုအတွက် အဓိကအကျိုးပြုသည်မှာ ဆာလဖာ၊ ကယ်လ်စီယမ်၊ ဖော့စ်ပရပ်စ်၊ မဂ္ဂနီဆီယမ်၊ သံဓာတ်၊ မဂ္ဂနိစ်၊ ကော့ပါး(ကြေးနီ)၊ ပိုတက်ဆီယမ်၊ သွပ်၊ ကန့်ဓာတ်တို့ဖြစ်ကြသည်။

အက်စစ်သဘာဝရှိသော အခြားသောဆားများနှင့်မတူသည်မှာ ဝါးပင်စည်၏အဆစ်များရှိ အဖြူရောင်အဖတ်များတွင် ကန့်ဓာတ်(sulfur)ပါဝင်မှု များပြားခြင်းကြောင့် ဝါးဆားသည် အယ်လကာလီသတ္တိ(pH of 10.5)များသောအစားအစာဖြစ်ပါသည်။ ထို့ကြောင့် ခန္ဓာကိုယ်တွင်း အက်စစ်သဘာဝရှိသည့် အဆိပ်အတောက်လွန်ကဲမှုနှင့် အက်စစ်သဘာဝရှိသော အစားအစာများအား အာနိသင်ပျက်ပြယ်စေပြီး ခန္ဓာကိုယ်၏ pH level ကိုထိန်းညှိပေးပါသည်။ ဤထူးခြားသော ဂုဏ်သတ္တိကြောင့် ဝါးဆားသည် ၄င်းတွင်ပါရှိသော သံဓာတ်ကို ဓာတ်တိုးစေခြင်းမရှိပါ။ အခြားသော ဆားများသည် ၄င်းတို့တွင်ပါရှိသော သံဓာတ်ကို ဓာတ်တိုးစေနိုင်သည်။ ကျွန်ုပ်တို့သိရှိပြီး ဖြစ်သည့်ဓာတ်တိုးခြင်းဖြစ်စဉ်က ခန္ဓာကိုယ်တွင် အိုမင်းရင့်ရော်ခြင်းကိုဖြစ်စေပါသည်။ ဝါးဆားကဓာတ်တိုးခြင်းဖြစ်စဉ်အစား ဓာတ်လျော့စေနိုင်သော ဓာတ်ပြုမှုကို ဖြစ်ပေါ်စေသဖြင့် ရောင်ရမ်းခြင်းကို ထိန်းချုပ်ပေးပြီး ဆဲလ်ပွားများလာခြင်းအား နှေးကွေးစေ၍ အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးပါသည်။

ဆားအများစုမှာ ရေနှင့်ပြုလုပ်ခြင်းဖြစ်ပြီး ဓာတ်ဖိုသတ္တိ positively charged ဆောင်ပါသည်။ ဝါးဆား Bamboo Salt သည် မီးဖြင့်ပြုလုပ်ခြင်းဖြစ်သဖြင့် ဓာတ်မသတ္တိ negatively charged ဆောင်သဖြင့် ပတ်ဝန်းကျင်ရှိ ဓာတ်မတည့်မှုများကို ဟန့်တားတိုက်ဖျက်ပေးသည်။ အခြားသောဆားများနှင့်မတူသည်မှာ ဝါးဆားက သွေးတိုးခြင်းကို ဖြစ်စေခြင်းမရှိပါ (Kim, Yong-Sick,et.al.,2013)။ သုတေသီများက ဤသို့ဖြစ်ခြင်းမှာ ခန္ဓာကိုယ်၏ သကြားဓာတ်ကိုထိန်းညှိပေးနိုင်ပြီး အဆီပိတ်ဆို့မှုကို ကျဆင်းစေသည့် ဝါးဆား၏ထူးခြားသော စွမ်းရည်နှင့်ဆက်စပ်နေခြင်းဖြစ်ပါသည်ဟု အဆိုပြုထားပါသည်။ ဝါးဆားအား foot spa အဖြစ်အသုံးပြုပါက ခန္ဓာကိုယ်ရှိအဆိပ်များအားဖယ်ထုတ်ပေးပြီး သွေးလည်ပတ်မှုအား ကောင်းမွန်စေသဖြင့် အထူးသဖြင့် သွေးဖိအားမြင့်မားပြီး သွေးတိုးရှိသောသူများအတွက် သွေးတိုးရောဂါသက်သာစေကြောင်း သိရှိရပါသည်။

ဝါးဆားသည် ၄င်း၏ထူးခြားသော သတ္တုဓာတ်အမျိုးအစားပေါင်း (၇၀)ကျော် ပါဝင်မှုကြောင့် ခန္ဓာကိုယ်တွင် သတ္တုဓာတ်များ ဆုံးရှုံးမှုကိုအပြည့်အဝပြန်လည် အထောက်အပံ့ပြုပေးနိုင်ပါသည်။ ဝါးဆားတွင်အင်တီအောက်ဆီးဒင့်ပါဝင်မှုပမာဏအများဆုံး (up to -400mV)ဖြစ်ပါသည်။ ခန္ဓာကိုယ်အတွက်အကျိုးပြုသော အင်တီအောက်ဆီးဒင့်ပမာဏကို ဓာတ်တိုးဓာတ်လျှော့စွမ်းရည် Oxidation Reduction Potential (ORP)ဖြင့် တိုင်းတာပါသည်။




ဝါးဆားရှိ အင်တီအောက်ဆီးဒင့် (antioxidant)များက ခန္ဓာကိုယ်ရှိ ပျက်စီးနေသောဆဲလ်များကို ပြန်လည်ကောင်းမွန်စေပြီး ဆဲလ်အသစ်များကို ဖြစ်ပေါ်စေသည်။ ခန္ဓာကိုယ်အတွင်းရှိ ကင်ဆာဖြစ်စေသော ဆဲလ်များကြီးထွားမှုကိုဖြစ်စေသည့် ဓာတ်တိုးပစ္စည်း(Free Radicals)များကိုလည်းဖယ်ရှားပေးပြီး အရွယ်ကျအိုမင်းရင့်ရော်ခြင်းဖြစ်စဉ်ကိုနှေးကွေးစေသည်။ ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါအဖွဲ့အစည်းများ၏ ပုံမှန်လုပ်ဆောင်ချက်များကိုလည်း အကျိုးပြုပါသည်။

ထို့ပြင် ဝါးဆားတွင်အစွမ်းထက်သော အနီအောက်ရောင်ခြည်(far infra-red)ပါဝင်ပြီး ၄င်းသည်သွေးကြောများတွင် ပိတ်ဆို့နေသောအရာများကို ထိုးဖောက်နိုင်စွမ်းရှိသဖြင့် လေသင်တုန်းဖြတ်နိုင်သည့် အခြေအနေကိုနည်းပါးစေသည်။

သုတေသီများ၏ သုတေသနပြုလေ့လာမှုပြုလုပ်ခြင်းအရ ဝါးဆား(Bamboo Salt)၏ ကျန်းမာရေးဆိုင်ရာအကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

* ရုတ်တရက်ဖြစ်သော ဓာတ်မတည့်မှုများကို ကာကွယ်ခြင်း၊
* ကင်ဆာကိုကာကွယ်ခြင်း၊
* အဝလွန်ခြင်းကို ဟန့်တားပေးခြင်း၊
* သွားရောဂါများဖြစ်ပွားမှုကိုကာကွယ်နိုင်ခြင်း၊

✱ ရောင်ရမ်းမှုကို သက်သာစေခြင်း၊
✱ အစာအဆိပ်သင့်မှုအား ကာကွယ်နိုင်ခြင်း၊
✱ မှိုနှင့်ဘက်တီးရီးယားများကြောင့် ရောဂါဝင်ရောက်မှုကို ကာကွယ်နိုင်ခြင်း၊
✱ ဓာတုကုထုံး၏ဆိုးကျိုးများကို လျော့နည်းစေခြင်း၊
✱ နားရောဂါကုသခြင်း၊
✱ အစာအိမ်ရောင်ခြင်း၊ နာခြင်းအား သက်သာစေခြင်း၊
✱ ဆီးချိုရောဂါကုသရာတွင် အကျိုးသက်ရောက်မှုရှိခြင်း၊
✱ အဆစ်ရောင်နာ၊ ကြွက်သားနာကျင်ခြင်းအား သက်သာစေခြင်း၊
✱ လည်ချောင်းနာကျင်ခြင်းအား သက်သာစေခြင်း၊ ဝမ်းချုပ်ခြင်းကိုသက်သာစေခြင်း၊
✱ လေ့ကျင့်ခန်းပြုလုပ်ပြီးနောက် သတ္တုဓာတ်များဖြည့်တင်းပေးခြင်း၊
✱ မျက်စိနာခြင်းအတွက် မျက်စဉ်း၊
✱ ဝါးဆားအိတ်အား ခေါင်းအုံးအိပ်ပါက အိပ်မပျော်ခြင်းကို သက်သာစေခြင်း၊
✱ ခြင်ကိုက်မှုကို သက်သာစေခြင်း၊
✱ အိမ်မွေးတိရိစ္ဆာန်များအားရေနှင့်ရော၍ တိုက်ကျွေးပါက နေမကောင်းမှုကို သက်သာစေခြင်း၊

ထို့အပြင် ဝါးဆားကို မျက်နှာပေါင်းတင်ရာတွင်လည်းကောင်း၊ အသားအရေသန့်စင်ရန်အတွက် လည်းကောင်း၊ ဝက်ခြံများပျောက်ကင်းရန်အတွက်လည်းကောင်း၊ နှင်းခူနာကဲ့သို့ အရေပြားပြဿနာများသက်သာစေရန် ရေချိုးဆပ်ပြာအဖြစ်လည်းကောင်း၊ ဆံပင်များသန့်စွမ်းစေရန် ခေါင်းလျှော်ရည်အဖြစ်လည်းကောင်း ထုတ်လုပ်သုံးစွဲနေကြပါသည်။











ဝါးဆားတွင်များစွာသော အကျိုးပြုသည့် အရည်အသွေးများရှိသော်လည်း ၎င်း၏ဘေးထွက်ဆိုးကျိုးများကို စူးစမ်းရန် သုတေသီများအဖွဲ့တစ်ဖွဲ့က သုံးလကြာလေ့လာမှုတစ်ခုဆောင်ရွက်ခဲ့ကြပါသည်။ ဤလေ့လာမှုမှ ဝါးဆားတွင်အရေးပါသည့် အဆိပ်ဖြစ်စေသော တွေ့ရှိချက်များမရှိကြောင်း သိရှိရပါသည် (Toxicological Research, 2002)။

Yu, Byung-kyu, et.al., 2011 ၏ သုတေသနပြုလေ့လာမှုအရ ဝါးဆား Bamboo Salts တွင် Arsenic အနည်းငယ်(0.05 mg/kg)ပါဝင်ကြောင်း တွေ့ရှိသဖြင့် ဝါးဆားအား ပမာဏများစွာ မသုံးစွဲသင့်ကြောင်း သိရှိရသော်လည်း Allan Chai, 2013 က မသန့်စင်ရသေးသောဆားကြမ်း(raw salt)တွင်ပါဝင်သော Arsenic သည် လူ့ခန္ဓာကိုယ်အား အန္တရာယ်ဖြစ်စေသော်လည်း ဝါးဆားရှိ Arsenic သည် ဝါးဆား၏ ဆေးဖက်ဝင်အာနိသင်များနှင့် ဓာတုပစ္စည်းများဖြင့် မျှတသွားပြီး ဖြစ်သဖြင့် အဆိပ်အာနိသင်များပျက်ပြယ်ပြီး ဝါးဆားတွင် ရောဂါများကုသရန်နှင့် ကျန်းမာရေးအတွက် အကျိုးပြုသောသတ္တုများကျန်ရှိနေပါသည်ဟု ဖော်ပြထားပါသည်။

ဝါးဆားသည် ကလေးငယ်များ၏ သွားအပေါ်ယံကြွေသားတွင် ဖွံ့ဖြိုးမှုနှင့်ဆိုင်သော ပုံမှန်မဟုတ်သည်များဖြစ်စေနိုင်သောကြောင့် ကလေးငယ်များမသုံးစွဲရန် ထောက်ခံမှုပြုထားပါသည်။ ထို့ပြင် ကိုယ်ဝန်ဆောင်အမျိုးသမီး (သို့မဟုတ်) ကိုယ်ဝန်ဆောင်မည့် အမျိုးသမီးများအတွက်လည်း သန္ဓေသားတွင် ပုံမှန်မဟုတ်သည့် ဖွံ့ဖြိုးမှုများဖြစ်ပေါ်နိုင်သောကြောင့် ဝါးဆားသုံးစွဲခြင်းအား ရှောင်ရှားသင့်ကြောင်းသိရှိရပါသည်။

ဝါးဆားသည် အစားသောက်တွင်သာမက ကျန်းမာရေး၊အလှအပနှင့် အသားအရေ ထိန်းသိမ်းရာတွင်လည်း များစွာအကျိုးပြုပါသဖြင့် ၎င်း၏အစွမ်းမှာ အမှန်ပင်အံ့သြဖွယ်ဖြစ်ပါသည်။

References

၁။ Bamboo salt: Everything you need to know written by Dr. Ritu Goel published on September 8, 2013.
၂။ How To Make Bamboo Salt? Harnessing Healing Energies of Mother Nature by Allan Chai published on 30/03/2017
၃။ Bamboo salt manufacturing process from koreasalt.com
၄။ Bamboo Salt Versus Refined Salt by Allan Chai published on 17 July 2013.




ယခင်အပတ်က သဘာဝသယံဇာတရင်းမြစ်ဆိုင်ရာဂေဟဗေဒ(Natural Resource Ecology)နှင့် ပတ်သက်သည့် သိသင့်သိထိုက်သည့် အခြေခံအချက်များကို တင်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုအပတ်တွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ပတ်သက်သည့် ဂေဟဗေဒ(Pollution Ecology)အကြောင်းအရာများကို ဆက်လက်ဆွေးနွေးသွားပါမည်။

သမိုင်းခေတ်ဦးကာလက လူသားတို့၏အသက်ရှင်အတွက် အစားအစာရှာဖွေခြင်းလုပ်ငန်းသည် ခွန်အားစိုက်ထုတ်မှုပေါ်တွင် မူတည်ခဲ့ပါသည်။ အထူးသဖြင့် အမဲလိုက်ခြင်းလုပ်ငန်းကိုအားထား၍ လုပ်ကိုင်ရသဖြင့် ခွန်အားသည် မရှိမဖြစ်လိုအပ်ခဲ့ပါသည်။ ထို့နောက် လူသားသည်မီးကိုရှာဖွေတွေ့ရှိခဲ့ပြီးနောက် (၁၈)ရာစုတွင် ရေနွေးငွေ့ဖြင့်မောင်းသော အင်ဂျင်စက်များကိုတီထွင်၍ သမိုင်းတစ်ခေတ်ကိုပြောင်းစေခဲ့ပါသည်။ နောက်ပိုင်းတွင် လေစွမ်းအင်ကို ရယူအသုံးပြုလာခဲ့ကြပါသည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ တိုးတက်လာမှုက စွမ်းအင်သုံးစွဲမှုသမိုင်းကြောင်းကို အကြီးမားဆုံးအပြောင်းအလဲများ ဖြစ်စေခဲ့ပါသည်။ ဤကပင်စတင်၍ လူသားသည် သူရှင်သန်နေထိုင်သည့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးများသက်ရောက်စေခဲ့ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရန် လူသားတို့သည် သဘာဝသစ်တောကြီးများကို ခုတ်ထွင်ရှင်းလင်းလာရပါသည်။ စားရေရိက္ခာများပိုမိုထုတ်လုပ်လာနိုင်ပြီးသိုလှောင်သိမ်းဆည်းထားနိုင်လာကြပါသည်။ ရိက္ခာဖူလုံမှုအကျိုးဆက်ကြောင့် လူ့အဖွဲ့အစည်းအတွင်း လူမှုရေးဖြစ်စဉ်များ ပြောင်းလဲလာကြပါသည်။ ယောကျ်ားနှင့်မိန်းမအတူနေနိုင်သည့်အချိန်များလာကြပါသည်။ လူဦးရေတိုးတက်မှုရလဒ်ဖြစ်ထွန်းလာပါသည်။ လူဦးရေများလာသည်နှင့်အမျှ မြို့ရွာများတိုးတက်များပြားလာပါသည်။ တိုးတက်လာသော ပါးစပ်ပေါက်များအားဖြည့်ဆည်းရန် လူသားသည် စိုက်ပျိုးရေးကို တိုးချဲ့လုပ်ကိုင်လာရပါသည်။ ဆည်ကြီးများဆောက်ပြီး ဆည်ရေသောက်လယ်ယာစိုက်ပျိုးရေးအထိပင် လုပ်ကိုင်လာခဲ့ရပါသည်။

တဖြည်းဖြည်းနှင့် ထင်းလောင်စာအခြေခံသည့် သတ္တုများအား ကျိုချက်ပြုလုပ်သည့် နည်းပညာများထွန်းကားလာခဲ့ပါသည်။ လူသားသည် ပုဆိန်၊ လွှ၊ ဓါးစသည့် လုပ်ငန်းသုံးကိရိယာများကို တီထွင်ခဲ့ကြပါသည်။ အဆိုပါကိရိယာများဖြင့် လူသားသည် သစ်တောကြီးများကိုခုတ်ထွင်ရှင်းလင်းကာ ကျယ်ပြန့်သောလယ်ယာမြေများနှင့် လူနေမြို့ရွာများကို ဖော်ထုတ်ခဲ့ကြပါသည်။ သဘာဝဂေဟစနစ်ကြီးကို အတိုင်းအတာတစ်ခုအထိ စတင်ပြောင်းလဲခဲ့ကြပါသည်။ ဆက်တိုက်ဆိုသလိုပင် လူသားသည် ရုပ်ကြွင်းလောင်စာများမှ စွမ်းအင်ကို ရယူသုံးစွဲတတ်လာပြီး စက်မှုတော်လှန်ရေးကို ဆင်နွှဲခဲ့ကြပါသည်။ ဥရောပမှစတင်ခဲ့သည့် စက်မှုတော်လှန်ရေးကြီးသည် ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို ကြီးမားကျယ်ပြန့်လာစေခဲ့ပြီး ကုန်ထုတ်လုပ်မှုကို အံ့မခန်းတိုးတက်စေခဲ့ပါသည်။ လူသားသည်နည်းပညာအသစ်များကို ထပ်မံတီထွင်ပြီး ကမ္ဘာမြေ၏ သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲ၍ လူနေမှုဘဝ

များကို တိုးတက်စေခဲ့ပါသည်။

လူသားသည် စိုက်ပျိုးရေးထွက်ကုန်များ အထွက်နှုန်းတိုးတက်လာစေရန် ဓါတ်မြေဩဇာများ သုံးလာရပါသည်။ ဖျက်ဆီးသောပိုးမွှားများအား နှိမ်နင်းရန် ပိုးသတ်ဆေးများ သုံးလာရပြန်ပါသည်။ အဆိုပါဓါတ်မြေဩဇာများနှင့်ပိုးသတ်ဆေးများတွင် ပါဝင်သော ဓါတုပစ္စည်းသည် လူသားတို့ယခင်ကမကြုံဖူးသော ဆိုးကျိုးများကို လူသားတို့နေထိုင်သည့် ပတ်ဝန်းကျင်အပေါ်သို့ သက်ရောက်လာခဲ့ပါသည်။ အခြားစက်မှုလုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှ ထွက်ပေါ်လာသော အညစ်အကြေးဒြပ်ပေါင်းများသည်လည်း ပတ်ဝန်းကျင်ကို မကျန်းမမာဖြစ်စေခဲ့ပြန်သည်။ အဆိုပါအညစ်အကြေးဒြပ်ပေါင်းများသည် လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်အချိုးအစားကို ပြောင်းစေခဲ့ပါသည်။ မြစ်၊ချောင်းနှင့်ပင်လယ်အတွင်းရှိ ငါး၊ပုစွန်နှင့် ရေသတ္တဝါများကို အစုလိုက်အပြုံလိုက် ဖျက်ဆီးခဲ့ကြပါသည်။ နောက်ဆုံးတွင် လူသားတို့၏ရှင်သန်တည်တံ့ရေးကိုပါ ခြိမ်းခြောက်လာပါသည်။

လူသားတို့အပေါ် ခြိမ်းခြောက်လာသော ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုသည်ကို သတိထားမိလာကြပါသည်။ ပတ်ဝန်းကျင်ကိုညစ်ညမ်းစေသည့်ပစ္စည်းများတွင် ဓါတ်ငွေ့များ၊သတ္တုအမျိုးမျိုးနှင့် ၎င်းတို့၏ဘေးထွက်ဒြပ်ပေါင်းများ၊ စိုက်ပျိုးရေးသုံးဓါတုပစ္စည်းများ၊ ပိုးသတ်ဆေးများ၊ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးအမျိုးမျိုး၊ အော်ဂဲနစ်ဒြပ်ပေါင်းများ၊ အပူ၊ အသံနှင့် ရေဒီယိုဓါတ်ကြွမှုအစရှိသည့်အရာများသည် ရေထု၊ မြေထု၊ လေထုတို့အပေါ်မသန့်မရှင်းဖြစ်စေပြီး လူသားတို့နေထိုင်ရာ ပတ်ဝန်းကျင်၏ အရည်အသွေးများကို ထိခိုက်စေပါသည်။

ရုပ်ဝတ္ထုပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ရာတွင် ညစ်ညမ်းမှု(၂)မျိုးကို တွေ့ရပါသည်။ အချို့သောပစ္စည်းများသည် စွန့်ပစ်လိုက်ရာတွင် ပတ်ဝန်းကျင်ထဲ၌နှစ်ပေါင်းများစွာ ဆွေးမြေ့ပြောင်းလဲခြင်းမရှိဘဲ ဆက်လက်တည်ရှိနေသည့် ညစ်ညမ်းမှုမျိုးဖြစ်ပါသည်။ ၎င်းတို့ကို တည်မြဲညစ်ညမ်းပစ္စည်း(Persistent pollutants)ဟုခေါ်ပါသည်။ ဥပမာအားဖြင့် ပလတ်စတစ်၊ ပိုးသတ်ဆေးအမျိုးမျိုးနှင့် စွန့်ပစ်အဏုမြူဒြပ်ပေါင်းများ ဖြစ်ကြပါသည်။ အဆိုပါ တည်မြဲညစ်ညမ်းပစ္စည်းများသည် အဆိပ်အတောက်များဖြစ်စေပြီး သတ္တဝါများ၏ဆင့်ကဲစားစဉ်များတွင် ဆက်လက်၍ ဆိုးကျိုးများ သက်ရောက်နေတတ်ပါသည်။

အချို့သောပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့်ပစ္စည်းများသည် အချိန်ကာလတိုတိုအတွင်း၌ ပျက်စီးသွားပြီး မြေကြီးထဲသို့ စိမ့်ဝင်ပေါင်းစည်းသွားပါသည်။ ပတ်ဝန်းကျင်ထဲတွင် ကြာကြာတည်ရှိနေပြီး ဆိုကျိုးပေးခြင်းမရှိသည့်အတွက် ၎င်းတို့ကို(Non-persistent pollutants)ဟုခေါ်ပါသည်။ ဥပမာအားဖြင့် စွန့်ပစ်စိုက်ပျိုးရေးထွက်ကုန်များနှင့် ဇီဝအမှိုက်သရိုက်များဖြစ်ကြပါသည်။ ၎င်းတို့အနက် အချို့သောပစ္စည်းများကို အဏုဇီဝပိုးမွှားများနှင့် အခြားသက်ရှိများက စားသုံးခြင်းဖြင့် ပတ်ဝန်းကျင်အတွက် အန္တရာယ်မရှိသော ပစ္စည်းများအဖြစ်ပြောင်းလဲပေးပါသည်။ အဆိုပါ ဒြပ်ပေါင်းများကို(Biodegradable)ပစ္စည်းများဟုခေါ်ကြပါသည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် သက်ရှိများ၏ ရှင်သန်ပေါက်ဖွားကြသည့်နေရာ(Habitat) အရည်အသွေးကျဆင်းခြင်းကိုတွေ့ရပါသည်။ ညစ်ညမ်းမှုအမျိုးအစား၊ ပမာဏနှင့် ကာလတို့ပေါ်မူတည်၍ အချို့သောသက်ရှိအမျိုးအစားများအရည်အတွက် လျော့ကျခြင်းနှင့် ပျောက်ကွယ်သွားခြင်းရှိပါသည်။ သက်ရှိများ၏အစုအဖွဲ့များလည်း ဖွဲ့စည်းပုံပြောင်းသွားကြပါသည်။ ဂေဟစနစ်အတွင်း စွမ်းအင်စီးဆင်းမှု ပုံဏ္ဍာန်ပြောင်းလဲသွားပါသည်။ သက်တမ်းရှည်သည့် ကြီးမားသောသက်ရှိများကိုလည်း ပျောက်ကွယ်သွားစေပါသည်။ သက်တမ်းတိုသည့် သေးငယ်သောသက်ရှိများ ပြောင်းလဲလာသည့် ညစ်ညမ်းလာမှုကြောင့် ဂေဟစနစ်အတွင်း အတောမသတ်နိုင်သည့် ပြောင်းလဲမှုများ ဖြစ်လာပါသည်။ ယနေ့ကမ္ဘာမြေ၏ တည်ငြိမ်သည့် ဂေဟစနစ်ကိုထိန်းသိမ်းရာတွင် လူ့ပယောဂကြောင့်ဖြစ်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ပြဿနာသည် ခေါင်းခဲစရာအဖြစ် ဆက်လက်တည်ရှိနေပါသည်။

လာမည့်လများတွင် ဂေဟဗေဒနှင့်ပတ်သက်သည့် သိသင့်သိထိုက်သည်များကို ဆက်လက်ဆွေးနွေးတင်ပြသွားပါမည်။

**" ကြိမ်ဖန်များစွာ ကြိုးစားရာ၏ "**

- ♥ ရှုံးနိမ့်ခြင်းသည် မိမိ၌ ဘယ်အချက်မှာလိုနေသည်ကို ပြသသော ဓါတ်မီးရောင်အလင်းနှင့်တူလေသည်။
  အလုပ်တစ်ခုမှာ ကြံသလိုမဖြစ်မြောက် မအောင်မြင်က စွန့်ပစ်ရမည်မဟုတ်။ ထပ်၍သာ လုပ်ဖို့ရှိလေသည်။
- ♥ သစ်ပင်ကြီးအဖြစ်သို့ မရောက်သေးသော သစ်ပင်ပျိုသည် လေပြင်းမုန်တိုင်း၊ ကြမ်းတမ်းသော ဥတုနှင့် နေ မိုးတို့ကြောင့် အပင်ကြီးဖြစ်နိုင်သောအား အစွမ်းကိုရရှိလေသည်။
- ♥ ထိုကဲ့သို့ ကြမ်းကြုတ်ခြင်းများနှင့် မတွေ့ခဲ့ကြချေက သန်သန်မာမာကြီးထွားနိုင်မည်မဟုတ်ပေ။

ပီမိုးနင်း

သစ်သစ်ရှာဖွေဖော်ပြသည်။




**အာဆီယံ–ကိုရီးယားသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်**
**(Agreement on ASEAN-ROK Forest Cooperation- AFoCo) မှသည်**
**အာရှဒေသ သစ်တောပူးပေါင်းဆောင်ရွက်မှုအဖွဲ့ သဘောတူညီချက်**
**(Agreement on the Asian Forest Cooperation Organization) ဆီသို့**

**လေ့ကျင့်ရေးနှင့် သုတေသနဌာန**

## AFoCo သဘောတူညီချက်ဆီသို့

ကိုရီးယားသမ္မတနိုင်ငံ၊ ဂျေဂျူကျွန်း၌ ၂၀၀၉ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ–ကိုရီးယားအထိမ်းအမှတ် ထိပ်သီးညီလာခံတွင် ကိုရီးယားနိုင်ငံသမ္မတက အာရှသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းတည်ထောင်ရန် ကနဦးအဆိုပြုခဲ့ရာ တက်ရောက်လာသည့် အာဆီယံနိုင်ငံခေါင်းဆောင်များက ကြိုဆိုဂုဏ်ပြုခဲ့ပြီး ယင်းမှစတင်၍ တည်ထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ပါသည်။

ဆွေးနွေးညှိနှိုင်းမှုများစွာဖြင့် အစည်းအဝေးများ၊ စည်းရုံးအားထုတ်မှုများ ပြုလုပ်ပြီးနောက် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီ၌ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၄)ကြိမ်မြောက် အာဆီယံ–ကိုရီးယားထိပ်သီးအစည်းအဝေး၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကိုရီးယားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများက အာဆီယံ–ကိုရီးယားသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် (Agreement on ASEAN-ROK Forest Cooperation-AFoCo)အပေါ် လက်မှတ်ရေးထိုးခဲ့ရာ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် စတင်သက်ဝင်ခဲ့ပါသည်။ ထပ်မံ၍ ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံအားလုံးက သက်တမ်းတိုးလက်မှတ်ရေးထိုးခြင်းဖြင့် မူလရည်မှန်းထားသည့် (၂)နှစ်ကာလ သဘောတူညီချက်မှသည် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့အထိ (၄)နှစ်ခရီး ကြာမြင့်သည့် ဒေသတွင်းအဆင့် သစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းမှတ်တမ်းတစ်ခု ဖြစ်ပေါ်လာပါသည်။ သဘောတူညီချက်ကာလအတွင်း အဓိကရည်ရွယ်ချက်(၂)ခုဖြစ်သည့် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ အကောင်အထည်ဖော်ခြင်းနှင့် အာရှဒေသ သစ်တောပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းတည်ထောင်ခြင်းလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

AFoCo သဘောတူညီချက် မူဘောင်အတွင်း ကိုရီးယားသမ္မတနိုင်ငံသည် စီမံကိန်းနယ်ပယ်(၅)မျိုးခြုံငုံပါဝင်သည့် နိုင်ငံအလိုက် သီးခြားပူးပေါင်းဆောင်ရွက်မှုစီမံကိန်း(၇)ခု၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု စီမံကိန်း(၇)ခုနှင့်(၁၀)နှစ်ကာလသက်တမ်းရှိ AFoCo Landmark အစီအစဉ်များဟူ၍ စုစုပေါင်း အမေရိကန် ဒေါ်လာ(၂၄.၅)သန်းတန်ဖိုးရှိ အောက်ပါစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပံ့ပိုးပေးခဲ့ပါသည်–

(က) မဲခေါင်မြစ်ဝှမ်းနိုင်ငံများတွင် ပျက်စီးပြုန်းတီးနေသောသစ်တောဂေဟစနစ်များ ပြန်လည်တည်ထောင်ခြင်း၊

(ခ) သစ်တောသယံဇာတများ အကဲဖြတ်မှုစွမ်းရည် တိုးတက်စေရေးနှင့်ဒေသခံပြည်သူများ ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များဖြေရှင်းမှုဆိုင်ရာစွမ်းဆောင်ရည်များ မြှင့်တင်ခြင်း၊

(ဂ) AFoCo Landmark အစီအစဉ်ရေးဆွဲအကောင်အထည်ဖေါ်ခြင်း (၎င်းအစီအစဉ်တွင် အောက်ဖေါ်ပြပါအပိုင်း(၄)ပိုင်းပါရှိပါသည်)

အပိုင်း(၁)–ဒေသအဆင့် မဲခေါင်မြစ်ဝှမ်းဒေသဆိုင်ရာသစ်တောပညာရေးနှင့်လေ့ကျင့်ရေးသင်တန်းကျောင်းတည်ထောင်ခြင်း၊

အပိုင်း(၂)–လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် သစ်တောပညာရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များရေးဆွဲခြင်း၊

အပိုင်း(၃)–ဒေသတွင်းပျက်စီးနေသော သစ်တောများအား ပြန်လည်တည်ထောင်ခြင်း၊

အပိုင်း(၄)–တိုးချဲ့ပညာပေးခြင်းနှင့် အားပေးထောက်ခံခြင်းလုပ်ငန်းစဉ်များဆောင်ရွက်ခြင်း၊

## AFoCo သဘောတူညီချက် မူဘောင်အတွင်း မြန်မာနိုင်ငံ၏ အခန်းကဏ္ဍ

AFoCo သဘောတူညီချက် မူဘောင်အတွင်း မြန်မာနိုင်ငံအနေဖြင့် အောက်ဖော်ပြပါ စီမံကိန်းလုပ်ငန်းအစီအစဉ်များကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည် –

(၁) မြန်မာနိုင်ငံ၊ ပဲခူးရိုးမဒေသ ပြုန်းတီးနေသော သစ်တောများအား ပြန်လည်တည်ထောင်ခြင်း

နှင့် REDD+လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာရေးစီမံကိန်းကို ၂၀၁၃ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းရန်ပုံငွေမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ (၁၀၀,၀၀၀)ဖြစ်ပါသည်။

(၂) ရေဝေရေလဲဒေသ သစ်တောများထိန်းသိမ်းခြင်းဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Ecotourism linked with Watershed Management in Myanmar)ကို ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်၊ ပွေးလှကျေးရွာအုပ်စုတွင် ၂၀၁၄ခုနှစ်၊ မေလ မှ ၂၀၁၅ခုနှစ်၊ မေလအထိ ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းရန်ပုံငွေ အမေရိကန်ဒေါ်လာ(၆၄,၀၀၀)ဖြစ်ပါသည်။

(၃) ဒေသအဆင့် မဲခေါင်မြစ်ဝှမ်းဒေသဆိုင်ရာ သစ်တောကဏ္ဍပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းကျောင်း တည်ထောင်ခြင်းစီမံကိန်းအစီအစဉ်အတွက် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ကျင်းပခဲ့သော တတိယအကြိမ် အုပ်ချုပ်မှုကောင်စီအစည်းအဝေးမှ အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူဆုံးဖြတ်ချက်ဖြင့် မြန်မာနိုင်ငံကို အိမ်ရှင်နိုင်ငံအဖြစ် သတ်မှတ်ခဲ့ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် ကိုရီးယားသစ်တောဌာနတို့၂၀၁၄ ခုနှစ်၊ဩဂုတ်လ ၁ ရက်နေ့တွင် သဘောတူ လက်မှတ်ရေးထိုးခြင်းဖြင့် အာဆီယံ–ကိုရီးယား သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့် လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းတည်ထောင်ခြင်းစီမံကိန်း (Establishment of ASEAN-Korea Forest Cooperation Regional Education and Training Centre - AFoCo RETC)ကို ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၁၀)နှစ်ကာလ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မူလစီမံကိန်းရန်ပုံငွေ အမေရိကန်ဒေါ်လာ (၅.၄၂)သန်းမှ အမေရိကန်ဒေါ်လာ(၇,၈၅၄,၅၂၈)သို့ တိုးမြှင့်ပံ့ပိုးခဲ့ပါသည်။

(၄) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင်ရည်မြှင့်တင်သည့် အခန်းကဏ္ဍအတွက် မြန်မာနိုင်ငံမှ သင်တန်းသား (၃)ဦးကို ပညာသင်ဆု ချီးမြှင့်၍ ကိုရီးယားနိုင်ငံရှိ တက္ကသိုလ်များမှ မဟာဘွဲ့သင်တန်းသို့ တက်ရောက်စေခဲ့ပါသည်။

**အာဆီယံ-ကိုရီးယားသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့် လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း (AFoCo RETC).......**

(AFoCo RETC) စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သစ်စေ့နှင့် ပျိုးပင်ထုတ်လုပ်ရေးဌာနဝင်းအတွင်းတည်ရှိပါသည်။ စီမံကိန်းအနေဖြင့် အာရှဒေသတွင်းအဆင့် သင်တန်းကျောင်းတည်ဆောက်၍ အဖွဲ့ဝင်နိုင်ငံများအတွက် သစ်တောကဏ္ဍဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်သည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် လေ့လာရေးခရီးစဉ်များကို ဖွင့်လှစ်ပို့ချ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကိုရီးယားသမ္မတနိုင်ငံ၏ အလုံးစုံထောက်ပံ့မှုဖြစ်ပြီး သစ်တောဦးစီးဌာနနှင့် AFoCO Secretariat တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ဧရိယာ(၅၀၁၄.၄)စတုရန်းမီတာရှိ နှစ်ထပ်အဆောက်အဦ သင်တန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၅ခုနှစ်၊နိုဝင်ဘာလ ၁ ရက်နေ့မှာစတင်ခဲ့ပြီး ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ပြီးစီးခဲ့ပါသည်။ ကိုရီးယားသမ္မတနိုင်ငံ၊ BAUM Architects မှ နောက်ဆုံးပေါ်နည်းပညာများ ပေါင်းစပ်ကာ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိစေသည့် ဒီဇိုင်းဖြင့် အဆောက်အဦကို Education & Training Zone ၊ Accommodation Zone နှင့် Support Zone ဟူ၍ ဇုန်(၃)ခုဖြင့် ဖွဲ့စည်းထားပါသည်။ Education & Training Zone တွင် စာသင်ခန်းများ၊ ရုံးခန်းများ၊ အစည်းအဝေးခန်းများ၊ သုတေသနခန်းများ၊ Accommodation Zone တွင် နှစ်ယောက်တွဲ အခန်း(၁၄)ခန်း ပါဝင်သည့် သင်တန်းသားအဆောင်နှင့် တစ်ယောက်ခန်း(၁၀)ခန်း ပါဝင်သည့် သင်တန်းဆရာအဆောင်၊ Support Zone တွင်စုဝေးခန်းမ၊ နည်းပညာဆိုင်ရာ ထိန်းချုပ်ခန်း၊ စားသောက်ခန်း၊ အများပြည်သူနားနေခန်း၊ စာကြည့်ခန်း၊ ဘာသာရေးဆိုင်ရာ ဝတ်ပြုခန်းနှင့် အားကစားခန်းများပါဝင်ဖွဲ့စည်းထားပါသည်။

စီမံကိန်းကာလအတွင်း ကိုရီးယားသမ္မတနိုင်ငံသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပံ့ပိုးဆောင်ရွက်သွားမှာဖြစ်ပြီး အာရှဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများမှ သစ်တောကဏ္ဍနှင့်ဆက်စပ်နေသည့် ဝန်ထမ်းများ၊ ပြည်သူများနှင့် သစ်တောပညာရပ်နယ်ပယ်မှ ကျောင်းသား/ကျောင်းသူများအတွက် အာရှဒေသတွင်းသာမက နိုင်ငံတကာမှ ပညာရှင်များဖြင့် ကာလတို/ ကာလလတ်/ ကာလရှည်အစီအစဉ်များရေးဆွဲကာသင်တန်းများ ပို့ချဆောင်ရွက်သွားမှာဖြစ်ပါသည်။ ထို့ပြင် ဌာနတွင်းသင်တန်းများနှင့် ပြင်ပအဖွဲ့အစည်းများမှ ကျင်းပလိုသည့် သစ်တောကဏ္ဍဆိုင်ရာ သင်တန်းအစီအစဉ်များကို လက်ခံကျင်းပပေးနိုင်ရေး အ

တွက်လည်း သင်တန်းကျောင်းမှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ သင်တန်းအစီအစဉ်များနှင့်ဆက်စပ်သည့် လက်တွေ့ကွင်းဆင်းလေ့လာရေး ခရီးစဉ်များသွားရောက်ရန်အတွက် သင့်လျော်သည့်နေရာများကို သစ်တောဦးစီးဌာနက ရွေးချယ်စီစဉ်ပေးသွားမည်ဖြစ်ပါသည်။

အာဆီယံ–ကိုရီးယား သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်သည် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်ခြင်းကြောင့် အာဆီယံ–ကိုရီးယား သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့် လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတည်ထောင်ခြင်းစီမံကိန်း (Establishment of ASEAN-Korea Forest Cooperation Regional Education and Training Centre - AFoCo RETC) ကို အာရှဒေသသစ်တောပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်း (Asian Forest Cooperation Organization – AFoCO) က ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## AFoCO သဘောတူညီချက်ဆီသို့ ....

မြန်မာနိုင်ငံအနေဖြင့် အာရှဒေသ သစ်တောပူးပေါင်းဆောင်ရွက်မှုအဖွဲ့သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရာတွင် နိုင်ငံတော်၏ကိုယ်စား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သဘောတူညီချက်အပေါ် လက်မှတ်ရေးထိုးခြင်းကို ၃၁–၇–၂၀၁၇ ရက်နေ့တွင်လည်းကောင်း၊ အဆိုပါသဘောတူညီချက်အပေါ်လက်ခံခြင်း၊ အတည်ပြုခြင်းနှင့် အထောက်အထားများပေးအပ်ခြင်းကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အတည်ပြုလက်မှတ်ရေးထိုးခြင်းကို ၂၈–၂–၂၀၁၈နေ့တွင်လည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

AFoCO သဘောတူညီချက်သည် ကိုရီးယားနိုင်ငံအပါအဝင် (၅)နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးခြင်း၊ လက်ခံခြင်းနှင့် အတည်ပြုခြင်းဆိုင်ရာ စာချုပ်စာတမ်းအထောက်အထားများ ပေးအပ်သည့်နေ့ နောက်ရက်မှစ၍ ရက်(၃၀)မြောက်နေ့တွင် စတင်သက်ဝင်မည်ဖြစ်ပါသည်။ အစဉ်လိုက်အားဖြင့် အဆိုပါသဘောတူညီချက်အပေါ် ကိုရီးယားနိုင်ငံနှင့်အတူ တီမောလက်စ်၊ အင်ဒိုနီးရှား၊ ဘူတန်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ မြန်မာ၊ မွန်ဂိုလီးယားနှင့် လာအိုနိုင်ငံ တို့က လက်မှတ်ရေးထိုးပြီးစီးခဲ့ပြီး၊ သဘောတူညီချက်အပေါ် အတည်ပြုလက်မှတ်ရေးထိုးခြင်း၊ လက်ခံခြင်းနှင့် အတည်ပြုခြင်းဆိုင်ရာ စာချုပ်စာတမ်း အထောက်အထားများပေးအပ်ခြင်းကို ကိုရီးယား၊ ဗီယက်နမ်၊ တီမောလက်၊ ဘူတန်နှင့် မြန်မာနိုင်ငံတို့က ဆောင်ရွက်ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံသည် သဘောတူညီချက်သက်ဝင်နိုင်ရေး (၅)နိုင်ငံမြောက်အဖြစ် လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ၂၀၁၈ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် သဘောတူညီချက် စတင်သက်ဝင်ခဲ့ပြီးဖြစ်ပါသည်။

AFoCO သဘောတူညီချက် သက်ဝင်ပြီးနောက်တွင် အဖွဲ့ဝင်နိုင်ငံများ၏ ထည့်ဝင်ကြေးအနေဖြင့် နှစ်စဉ်လုပ်ငန်းလည်ပတ်မှု စုစုပေါင်းကုန်ကျစရိတ်၏ ၈၀ ရာခိုင်နှုန်းကို ကိုရီးယားသမ္မတနိုင်ငံမှ ထည့်ဝင်မည်ဖြစ်ပြီး ကျန်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နှစ်စဉ်လုပ်ငန်းလည်ပတ်မှု စုစုပေါင်းကုန်ကျစရိတ်၏ ၁ ရာခိုင်နှုန်းကိုသော်လည်းကောင်း (သို့မဟုတ်) အမေရိကန်ဒေါ်လာ(၃၀,၀၀၀) ထက်မနည်းသော ပုံသေသတ်မှတ်ပမာဏကိုသော်လည်းကောင်း ထည့်ဝင်ရမည်ဖြစ်ပါသည်။ လိုအပ်သည့် ကျန်ငွေကြေးပမာဏကို အခြားသောရန်ပုံငွေ အရင်းအမြစ်များမှ ထောက်ပံ့သွားမည်ဖြစ်ပါသည်။

## AFoCO သဘောတူညီချက်ကာလတွင် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ

အာရှဒေသ သစ်တောပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်း(AFoCO)သည် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများအား ဖြေရှင်းရန်အတွက် ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှု မူဘောင်အတွင်းမှ ကောင်းမွန်သည့်နည်းပညာနှင့် မူဝါဒများကို ခိုင်မာသည့်လုပ်ငန်းစဉ်များအဖြစ် ပြောင်းလဲအကောင်အထည်ဖော်ကာ ဒေသတွင်း သစ်တောလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်နိုင်ရေး အောက်ပါလုပ်ငန်း အစီအစဉ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည် –

(က) ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်း၊ ဂေဟဗေဒစနစ်များအားထိန်းသိမ်းခြင်း၊ သစ်တောပြန်လည်ထူထောင်ခြင်းနှင့် သစ်တောစိုက်ခင်းများထူထောင်ခြင်း၊

(ခ) ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာစေခြင်းနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေပြုမူခြင်းလုပ်ငန်းများ၊ (သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း၊ သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း၊ စဉ်ဆက်မပြတ်သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်ခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သစ်တောများပြန်လည်တည်ထောင်ခြင်းဖြင့် ကာဗွန်သိုလှောင်မှုတိုးမြှင့်စေခြင်း)လုပ်ငန်းများကို အထောက်အပံ့ပေးခြင်း၊

(ဂ) သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်း၊ သဲကန္တာရဖြစ်ထွန်းခြင်း၊ မြေအတန်းအစားကျဆင်းခြင်းနှင့် သစ်တောနှင့်စပ်ဆက်နေသည့် သဘာဝဘေးအန္တရာယ်များလျှော့ချခြင်း၊

(ဃ)သုတေသနနှင့် ဖွံ့ဖြိုးတိုးမှုလုပ်ငန်းများ၊ အတွေ့အကြုံမျှဝေခြင်း၊ နည်းပညာလွှဲပြောင်းပေးခြင်း၊ ပညာရေးအစီအစဉ်များနှင့် ဝန်ထမ်းနှင့် သုတေသီများ ဖလှယ်ခြင်း အစီအစဉ်များ ဆောင်ရွက်ပေးခြင်းဖြင့် ဆက်စပ်ပတ်သက်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊

(င) သစ်တောနှင့်ဆက်စပ်သည့် အဖွဲ့အစည်းများနှင့် နိုင်ငံတကာ သဘောတူညီမှုများအရ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်အညီ အဖွဲ့ဝင်နိုင်ငံများအကြား၊ အဖွဲ့ဝင်နိုင်ငံများနှင့် အခြားအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊

## AFoCO အဖွဲ့အစည်းတွင်ပါဝင်ခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ .....

မူလက အရှေ့တောင်အာရှသစ်တောများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်တစိုက် ဆောင်ရွက်ခဲ့သော အဖွဲ့အစည်းကို အခြေခံတိုးချဲ့ဖွဲ့စည်းထားသည့် အာရှဒေသအဆင့်အဖွဲ့အစည်းတွင် ပါဝင်ခြင်းဖြင့် –

(က) မြန်မာနိုင်ငံ၏ သစ်တောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခြင်း၊

(ခ) သစ်တောစီမံအုပ်ချုပ်မှုကဏ္ဍတွင် ဆန်းသစ်သော နည်းပညာများ၊ မူဝါဒများ၊ အတွေ့အကြုံကောင်းများရရှိနိုင်ခြင်း၊

(ဂ) နိုင်ငံတကာအစိုးရအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်ဖြစ်၍ နိုင်ငံတကာ အစိုးရအဖွဲ့အစည်းနှင့် ပိုမို၍ ရင်းနှီးစွာဆက်ဆံနိုင်မည်ဖြစ်ခြင်း၊

(ဃ) သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် အဖွဲ့ဝင်နိုင်ငံများအကြား နည်းပညာနှင့် အတွေ့အကြုံများ မျှဝေဖလှယ်နိုင်ခြင်း၊

(င) သစ်တောကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် စွမ်းဆောင်ရည်မြှင့်တင်နိုင်ခြင်း၊

သို့ပါ၍ AFoCO သဘောတူညီချက်ကာလတွင် AFoCO RETC သင်တန်းကျောင်းသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပြီး အတွေ့အကြုံနှင့် ဗဟုသုတများမျှဝေနိုင်မည့် ပိုမိုကောင်းမွန်သော ဆက်သွယ်ရေးကွန်ယက်တစ်ခုကို ဖော်ဆောင်သွားနိုင်မည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အာရှဒေသနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ခိုင်မာသောပေါင်းစည်းမှုကိုအခြေခံကာ နိုင်ငံတကာ အသိုင်းအဝိုင်းအပေါ် ကောင်းမွန်စွာအကျိုးပြုနိုင်မည့် သစ်တောကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးတည်ဆောင်ရွက်သွားမည် ဖြစ်သောကြောင့် မြန်မာ့သစ်တောများသာမက အာရှဒေသတွင်း သစ်တောသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း၊ စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်ခြင်းလုပ်ငန်းများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် အာရှဒေသ သစ်တောပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း(AFoCO)က ဦးတည်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအနက် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်း၊ သဲကန္တာရဖြစ်ထွန်းခြင်း၊ မြေအတန်းအစားကျဆင်းခြင်းနှင့် သစ်တောနှင့်စပ်ဆက်နေသည့် သဘာဝဘေးအန္တရာယ်များ လျှော့ချခြင်းအရ ၂၀၁၅ ခုနှစ် သစ်တောသယံဇာတ ဆန်းစစ်ချက် (Forest Resources Assessment) ဖော်ပြချက်ပါ ကမ္ဘာပေါ်တွင် သစ်တောပြုန်းတီးမှုနှုန်း တတိယအများဆုံးဖြစ်ရပ်တည်လျှက်ရှိသည့် မြန်မာနိုင်ငံ၏ သစ်တောများကို ပြန်လည်ကုစားဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းမှ အကျိုးပြု ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## ပီတိများနှင့်လူ (သို့) ပေးဆပ်နေကြသူများ



ဒို့စိုက်သစ်ပင်
ပြည်တစ်ခွင်ဝယ်
နောင်တွင်တန်ဖိုး
ပြည်အကျိုးမို့
ထပ်တိုးပီတိ - - ပြုံးပျော်၏။
ဒို့ထိန်းတောတောင်
အလှဆောင်ရင်း
မြဲအောင်ကာကွယ်
တာဝန်ရယ်ဖို့
ရင်ဝယ်ပီတိ - - ပြုံးပျော်၏။
နိုင်ငံ့ဝင်ငွေ
များ ရှာဖွေကာ
ဒို့တွေအစွမ်း
ရင်ခွင်ပန်းက
လန်းဆန်းပီတိ - - ပြုံးပျော်၏။
ဒို့များမျိုးဆက်
အနာဂတ်ကို
ပေးဆပ်အမွေ
သန့်ရှင်းစေလို့
ဒို့တွေပီတိ - - ပြုံးပျော်၏။

(စိုပြေ)ကော့မှူး

# ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သည့် စိုက်ခင်း ရှင်သန်ဖြစ်ထွန်းနေမှု မှတ်တမ်းဓာတ်ပုံများ



တနင်္သာရီတိုင်းဒေသကြီး၊ တောင်ဖရူးကြိုးဝိုင်း၊ အကွက်အမှတ်(၃၈)၊ ၁/၂၀၁၇ စီးပွားရေး(ပျဉ်ကတိုး) စိုက်ခင်း (၁၇၀) ဧက



ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ တောင်လေးလုံးကြိုးဝိုင်း၊(၁/၂၀၁၇) စီးပွားရေး (ထင်းရှူး)စိုက်ခင်း (၅၀)



ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၊ ဘော်ဘင်ကြိုးဝိုင်း၊ အကွက်အမှတ်(၄၄) ၂/၁၉၉၀ စီးပွားရေး(ကျွန်း)စိုက်ခင်းဟောင်း ပြန်လည်ပြုစုထိန်းသိမ်းခြင်း(၅၀)ဧက



ရေဝတီတိုင်း ကြံခင်းမြို့နယ်၊ မြောက်မြန်အောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၄၁) ၂/၂၀၀၅ စီးပွားရေး(ကျွန်း)စိုက်ခင်း ( ၃၀၀ )ဧက



ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်၊ ဂုတ်တွင်းကြိုးဝိုင်း၊ အကွက်အမှတ် (၃)၁/၂၀၁၂ စီးပွားရေး(ကျွန်း)စိုက်ခင်း (၃၄) ဧက



ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဘုံဂုံးကြိုးပြင်ကာကွယ်တောခုတ်ကွက်ကြီး(XVI) သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (၄၀) ဧက



မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်တွင် မိုင်းဒိုင်းကြိုးဝိုင်း၊ အကွက်အမှတ်(၂)ဦးမြင့်သိန်းပါ (၉)ဦး တို့၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော(၁၂၄)ဧက



မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ တောင်လျှော်ကန်ကြိုးဝိုင်း၊ အကွက်အမှတ် (၆) (၁/၂၀၁၇) ကျေးရွာထင်းစိုက်ခင်း (၃၆) ဧက




ဒေါက်တာယုယအေး(လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောသုတေသနဌာန)
ဦးမင်းမင်းဦး(ဦးစီးအရာရှိ၊ သဘာဝတောနှင့် စိုက်ခင်းလုပ်ငန်းဌာန)

## ၁။ REDD+ နှင့် FLEGT ၏ အခြေခံသဘောတရား

သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း(REDD+) သည် ကမ္ဘာ့နိုင်ငံများမှ ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်ရန်ညှိနှိုင်းခြင်းမှ စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ REDD+ တွင် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းကိုဖြစ်စေသော အကြောင်းရင်းများကို ဖော်ထုတ်၍ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းကို လျှော့နည်းအောင်ဆောင်ရွက်သော လုပ်ငန်းများ၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများ၊ သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ၊ စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်ခြင်း လုပ်ငန်းများပါဝင်ပါသည်။

သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့်ကုန်သွယ်မှု (FLEGT)ဆိုသည်မှာ တရားမဝင်သစ်ထုတ်လုပ်မှုနှင့် တရားမဝင်သစ်ကုန်သွယ်မှုများကို တိုက်ဖျက်ရန်နှင့် တရားဝင်သစ်များသာ ကုန်သွယ်ရန်အတွက် ဥရောပနိုင်ငံများ (EU)မှစတင်ခဲ့ခြင်းဖြစ်သည်။ ဆန္ဒအလျောက်မိတ်ဖက်အဖြစ်ဆောင်ရွက်ရန် သဘောတူညီချက်(VPA)ဆိုသည်မှာ (EU- FLEGT)ဆောင်ရွက်ရန်အတွက် လုပ်ငန်းစီမံချက် (Action Plan)တစ်ခုဖြစ်သည်။ ဆန္ဒအလျောက် မိတ်ဖက်အဖြစ်ဆောင်ရွက်ရန် သဘောတူညီချက်(VPA)သည် EU နှင့်သစ်တင်ပို့သည့် နိုင်ငံအကြား တရားမဝင်သစ်ထုတ်လုပ်မှုနှင့် ဆက်စပ်သည့်ကုန်သွယ်မှုကို တိုက်ဖျက်ရန်နှင့် တရားဝင်သစ်တင်ပို့မှုကိုမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် သဘောတူလက်မှတ်ရေးထိုးသော တရားဝင်လိုက်နာဆောင်ရွက်ရမည့်ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်တစ်ခုဖြစ်ပါသည်။

REDD+ နှင့် FLEGT သည် အစပြုခဲ့ပုံခြင်းမတူညီသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်သောလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်သော အခြေအနေများစွာရှိပါသည်။

FLEGT သည် တရားမဝင်သစ်ထုတ်လုပ်မှုနှင့် တရားမဝင်သစ်ကုန်သွယ်မှုများကို တိုက်ဖျက်ခြင်းဖြင့် REDD+ ၏လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် (တရားမဝင်သစ်ထုတ်ခြင်းကြောင့် ဖြစ်ပေါ်လာသော သစ်တောအတန်းအစားကျဆင်းမှုကိုလျှော့ချရာတွင်) အထောက်အကူပြုပါသည်။ FLEGT တွင် သစ်တောဥပဒေစိုးမိုးမှုကို မြှင့်တင်ခြင်း၊ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနှင့် ပွင့်လင်းမြင်သာမှုကို ပိုမိုအားကောင်းလာစေခြင်း၊ နိုင်ငံအဆင့်မြေအသုံးချမှုမူဝါဒ ပြုပြင်ပြောင်းလဲခြင်းတို့ပါဝင်ပါသည်။ သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းစီမံချက် (EU FLEGT Action Plan)တွင် တရားဝင်သစ်ထုတ်လုပ်ခြင်းနှင့် တရားဝင်သစ်ကုန်သွယ်မှု မြှင့်တင်သည့်လုပ်ငန်းများဆောင်ရွက်ခြင်း၊ EU အဖွဲ့ဝင်နိုင်ငံများအတွင်း တရားဝင်ပစ္စည်းများသာ ဝယ်ယူသည့်မူဝါဒများ ပြဋ္ဌာန်းစေခြင်း၊ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်နေမှုများအား အထောက်အပံ့ပေးခြင်း၊ လက်ရှိ ဥပဒေ စည်းမျဉ်းစည်းကမ်းများကို လိုက်နာအောင်ဆောင်ရွက်ခြင်း(သို့မဟုတ်) FLEGT VPA လုပ်ငန်းစဉ်အား အထောက်အပံ့ဖြစ်စေမည့် ဥပဒေစည်းမျဉ်းစည်းကမ်းအသစ်များ ပြဋ္ဌာန်း၊ သတ်မှတ်ခြင်းတို့သည် သစ်တောအတန်းအစားကျဆင်းမှုကို ဖြစ်စေသော အကြောင်းရင်းများကိုတားဆီးရာတွင် များစွာအထောက်အကူပြုပါသည်။

REDD+သည် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းကိုဖြစ်စေသော တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သော အကြောင်းရင်းများကို ဖော်ထုတ်၍ လိုအပ်သော သစ်တောစီမံအုပ်ချုပ်မှုများ ဆောင်ရွက်ခြင်းအပြင် သစ်တောထိန်းသိမ်းခြင်း၊ သစ်တောပြန်လည်တည်ထောင်ခြင်းနှင့် စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်ခြင်းများ ဆောင်ရွက်ရန် ထောက်ပံ့မှုများပေးခြင်း၊ တစ်နည်းအားဖြင့် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့ကိုလျှော့ချခြင်းနှင့် သစ်တောဧရိယာတိုးတက်ခြင်းတို့အတွက် ငွေကြေးထောက်ပံ့ခြင်းကြောင့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု၊ မြေအသုံးချမှု၊ မြေယာပိုင်ဆိုင်မှုများ ပိုမိုကောင်းမွန်၍ FLEGT ကို အထောက်အကူပြုပါသည်။

နိုင်ငံအများအပြားသည် REDD+ နှင့် FLEGT လုပ်ငန်းများကိုတက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံသည် REDD+ နှင့် FLEGT လုပ်ငန်းများကို တစ်ပြိုင်နက်တည်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်အထောက်အကူပြုပြီး နှစ်မျိုးလုံး၏ ဦးတည်ချက်များကိုရရှိစေမည်ဖြစ်ပါသည်။ အကယ်၍ REDD+ နှင့် FLEGT လုပ်ငန်းများကို ဆောင်ရွက်နေသောအဖွဲ့များ

ပူးပေါင်းမှုမရှိဘဲ ဆောင်ရွက်ပါက နားလည်မှုလွဲမှားခြင်း၊ လုပ်ဆောင်မှုများ ယှဉ်ပြိုင်ခြင်းတို့ဖြစ်ပေါ်နိုင်ပြီး နှစ်မျိုးလုံး၏ဦးတည်ချက်များကို အနှောင့်အယှက်ဖြစ်နိုင်ပါသည်။

## ၂။ REDD+နှင့် FLEGT အချင်းချင်း ထောက်ပံ့နိုင်သောလုပ်ငန်းများ

### ၁။ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းဖြစ်စေသော တိုက်ရိုက်အကြောင်းရင်းများကို လျှော့ချသောလုပ်ငန်းများ

REDD+လုပ်ငန်းများ အောင်မြင်ရန် အခြေခံအချက်မှာ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းကိုဖြစ်စေသော အကြောင်းရင်းများကို ဖော်ထုတ်ရမည်ဖြစ်သည်။ သစ်တောပြုန်းတီးခြင်းနှင့် သစ်တော အတန်းအစားကျဆင်းခြင်းကို ဖြစ်စေသော အကြောင်းရင်းများအနက် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်းနှင့် တရားမဝင် စိုက်ပျိုးမြေချဲ့ထွင်ခြင်းသည် အများဆုံးဖြစ်သည်။ FLEGT မှ တရားမဝင်သစ်ထုတ်ခြင်းကိုတားဆီးခြင်းနှင့် တရားဝင်သစ်ကုန်သွယ်မှုကို မြှင့်တင်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရရှိသော အတွေ့အကြုံများသည် တရားမဝင်စိုက်ပျိုးမြေချဲ့ထွင်ခြင်း လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

### ၂။ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းကိုဖြစ်စေသော သွယ်ဝိုက်တွန်းအားများ လျှော့ချရန် သစ်တောစီမံအုပ်ချုပ်မှုကို တိုးမြှင့်သောလုပ်ငန်းများ

REDD+ နှင့် FLEGT တို့သည် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းကို ဖြစ်ပေါ်စေသည့် သွယ်ဝိုက်တွန်းအားများဖြစ်သော အုပ်ချုပ်မှုအားနည်းခြင်း၊ မြေအသုံးချမှုနှင့် မြေယာပိုင်ဆိုင်မှု ရှင်းလင်းမှုမရှိခြင်း၊ ဥပဒေရေးရာအားနည်းမှုများကို ဖြေရှင်းဆောင်ရွက်မည်ဖြစ်သောကြောင့် သစ်တောစီမံအုပ်ချုပ်မှုကို ပိုမိုအားကောင်းစေမည် ဖြစ်ပါသည်။

### ၃။ အကျိုးထိရောက်စွာ ဆောင်ရွက်သည့်လုပ်ငန်းများ

FLEGT VPA နှင့် REDD+ တွင် ပါဝင်သောလုပ်ငန်းများသည် နိုင်ငံအဆင့် ဆောင်ရွက်သောလုပ်ငန်းများဖြစ်သောကြောင့် မြေအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုတွင် များစွာထိရောက်သောလုပ်ငန်းများ ဖြစ်ပါသည်။ REDD+ ဆောင်ရွက်ခြင်းကြောင့် ရရှိသောအတွေ့အကြုံများနှင့် FLEGT VPA လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ရရှိသောအတွေ့အကြုံများကို အပြန်အလှန်ဖလှယ်နိုင်သဖြင့် မြေအသုံးချမှုနှင့်ဆက်စပ်သော လုပ်ငန်းများကို ထိရောက်စွာ စီမံအုပ်ချုပ်နိုင်မည် ဖြစ်ပါသည်။

### ၄။ စောင့်ကြည့်ခြင်း၊ တိုင်းတာခြင်း၊ အစီရင်ခံခြင်းနှင့် စစ်ဆေးအတည်ပြုခြင်း လုပ်ငန်းစဉ်များ

REDD+ နှင့် FLEGT နှစ်မျိုးလုံးတွင်ပါဝင်သော စောင့်ကြည့်ခြင်း၊ တိုင်းတာခြင်း၊ အစီရင်ခံခြင်းနှင့် စစ်ဆေးအတည်ပြုခြင်းလုပ်ငန်းများသည် အရေးပါသော လုပ်ငန်းများဖြစ်ပြီး တစ်ခုနှင့်တစ်ခု လိုက်လျောညီထွေမှုရှိပြီး အပြန်အလှန်အကျိုးရှိမည်ဖြစ်ပါသည်။

### ၅။ အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချခြင်း

REDD+ နှင့် FLEGT ဆောင်ရွက်နေသော နိုင်ငံများတွင် အဓိကကြုံတွေ့နေရသော အခက်အခဲမှာ လူသားအရင်းအမြစ် မလုံလောက်မှုနှင့် ငွေကြေးလိုအပ်မှုများဖြစ်နိုင်ပါသည်။REDD+ နှင့် FLEGT အား တစ်ပြိုင်နက်တည်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်မျိုးလုံး၏ ရည်မှန်းချက်များကို ရောက်ရှိစေပြီး နိုင်ငံအတွင်းရှိ လူသားအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်ပါသည်။

### ၆။ တရားမဝင်ကုန်သွယ်မှုကို ကျဆင်းရန် ဆောင်ရွက်ခြင်း

FLEGT တွင် တရားမဝင်သစ်ထုတ်လုပ်မှုကို တားဆီးရန်အတွက် တရားမဝင်သစ်ဈေးနှုန်း ကျဆင်းအောင်ဆောင်ရွက်ခြင်း၊ တရားဝင်သစ်ကို ဈေးပိုမိုရစေရန် ဆောင်ရွက်ခြင်းဖြင့် တရားမဝင်သစ်ထုတ်မှုကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ သစ်တောပြုန်းတီးမှုကို ဖြစ်ပေါ်စေသော တရားမဝင် စိုက်ပျိုးမြေတိုးချဲ့နေမှုကို လျှော့ချရန်အတွက် FLEGT တွင် ဆောင်ရွက်နေသောလုပ်ငန်းများမှ သင်ခန်းစာယူ၍ (ဥပမာ- စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ မူရင်းဒေသဖော်ပြပေးရမည့် အစီအစဉ်၊ တရားဝင်ခွင့်ပြုထားသောစိုက်ပျိုးမြေမှ ထွက်ကုန်များကို ဈေးပိုမိုရရှိအောင်ပြုလုပ်ခြင်း)ဆောင်ရွက်ခြင်းဖြင့် သစ်တောပြုန်းတီးမှုကို လျှော့ချနိုင်မည်ဖြစ်ပါသည်။

### ၂-၁။ သစ်တောပြုန်းတီးခြင်းကို ဖြစ်စေသော တိုက်ရိုက်တွန်းအားများကို လျှော့ချခြင်း

REDD+၏ အဓိကရည်ရွယ်ချက်မှာ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရန်၊ လက်ရှိသစ်တော ကာဗွန်သိုလှောင်မှုကိုထိန်းသိမ်းရန်နှင့် သစ်တောကာဗွန်သိုလှောင်မှု တိုးပွားစေရန်ဖြစ်ပါသည်။ ရည်ရွယ်ချက်များကို ပြည့်ဝစေရန်အတွက် သစ်တောပြုန်းတီးခြင်းနှင့်သစ်တောအတန်းအစားကျဆင်းခြင်းကို ဖြစ်စေသော တိုက်ရိုက်တွန်းအားများကို လျှော့ချရမည်ဖြစ်ပါသည်။ အချို့သော တိုက်ရိုက်တွန်းအားများ ဥပမာ သစ်တောမြေမှစီးပွားဖြစ် စိုက်ပျိုးမြေအဖြစ် တရားဝင်ပြောင်းလဲခြင်းသည် သစ်တောကဏ္ဍ

ပြင်ပတွင် ဖြစ်ပေါ်နေလျှင် FLEGT မှ ဆောင်ရွက်ခြင်းမရှိပါ။

အောက်ဖော်ပြပါဇယားတွင် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းကို ဖြစ်စေသော အဓိကတိုက်ရိုက်တွန်းအားများကိုဖော်ပြ၍ FLEGTတွင် ဆောင်ရွက်မည့်လုပ်ငန်းများသည် REDD+ ၏ ရည်ရွယ်ချက်များကို အထောက်အကူပြုကြောင်းနှင့် REDD+တွင် ဆောင်ရွက်မည့်လုပ်ငန်းများသည် FLEGT၏ ရည်ရွယ်ချက်များကို အထောက်အကူပြုကြောင်းဖော်ပြထားပါသည်။

**ဇယား ၁။ REDD+ နှင့် FLEGT လုပ်ငန်းများမှ သစ်တောပြုန်းတီးခြင်းကို ဖြစ်စေသော တိုက်ရိုက်တွန်းအားများကို လျှော့ချခြင်း**

| **သစ်တောပြုန်းတီးခြင်းကိုဖြစ်စေသောတိုက်ရိုက်တွန်းအားများ** | **REDD+ နှင့် FLEGT မှ ဆောင်ရွက်သော လုပ်ငန်းများ** |
|---|---|
| စီးပွားဖြစ် သစ်ထုတ်ခြင်း | REDD+ တွင် ပိုမိုကောင်းမွန်သော တရားဥပဒေစိုးမိုးရေးအတွက်အားပေးခြင်းနှင့် မြေပိုင်ဆိုင်မှု၊ မြေအသုံးချမှုနှင့်ဆိုင်ရာဆိုင်ခွင့်၊ ရပိုင်ခွင့်များကို တရားမျှတစေရန် ဆောင်ရွက်ခြင်းကြောင့်(စီးပွားဖြစ် သစ်ထုတ်ခြင်း လုပ်ငန်းအပါအဝင်)သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းများကို ပိုမိုအားကောင်းစေပါသည်။<br>FLEGT သည် သစ်ထုတ်ရေးလမ်းကြောင်းတစ်လျှောက် လိုက်နာရမည့်အချက်များကို အဓိကထားစောင့်ကြည့်ပါသည်။ စီးပွားဖြစ်သစ်ထုတ်ခြင်းလုပ်ငန်းများတွင် လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များ (သစ်ထုတ်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင်ထုတ်လုပ်ခြင်း၊ အပင်မျိုးစိတ်များ ထိခိုက်မှုနည်းစေရန်ဆောင်ရွက်ခြင်းနှင့် သစ်ထုတ်လမ်းဖောက်ခြင်း)တို့ကို စောင့်ကြည့်သောကြောင့် REDD+၏ လုပ်ငန်းတစ်ရပ်ဖြစ်သော သစ်တောအတန်းအစားကျဆင်းမှု လျှော့ချခြင်းကို အထောက်အကူပြုပါသည်။ |
| တရားမဝင် သစ်ထုတ်ခြင်း | REDD+ သည် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်း၏ တိုက်ရိုက်တွန်းအားဖြစ်သော တရားမဝင်သစ်ထုတ်ခြင်းအပါအဝင် အခြားတွန်းအားများကို လျှော့နည်းအောင်ဆောင်ရွက်ခြင်း၊ တရားမဝင်မြေ အသုံးချမှုပုံစံပြောင်းလဲခြင်း လျှော့ချရေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် FLEGT ၏ တရားမဝင်သစ်ထုတ်လုပ်မှုနှင့် တရားမဝင်သစ်ကုန်သွယ်မှုများကို တိုက်ဖျက်ရေးလုပ်ငန်းများတွင် အထောက်အကူပြုပါသည်။<br>FLEGT သည် တရားမဝင်သစ်ထုတ်လုပ်ခြင်းကို တားဆီးသောကြောင့် တရားမဝင်သစ်ထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်သော သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းကို လျှော့ချနိုင်ပါသည်။ ထို့ကြောင့် FLEGT သည် REDD+ တွင် အဓိကထားဆောင်ရွက်သော သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်း၏ တိုက်ရိုက်တွန်းအားဖြစ်သော တရားမဝင်သစ်ထုတ်ခြင်းကိုလျှော့ချရာတွင် အထောက်အကူဖြစ်ပါသည်။ |
| ထင်းနှင့် မီးသွေးထုတ်လုပ်ခြင်း | REDD+တွင် ဒေသခံပြည်သူများ၏ အခြေခံလိုအပ်သော သစ်တောထွက်ပစ္စည်းများကို အကျိုးရှိရှိအသုံးပြုရေး လုပ်ငန်းများဆောင်ရွက်ခြင်း(ဥပမာ-စွမ်းအားမြင့် မီးဖိုဖြန့်ဝေခြင်း၊ သစ်တောအခြေခံတန်ဖိုးမြင့်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း)ကြောင့် သစ်တောအပေါ်မှီခိုမှု(အထူးသဖြင့် ထင်းနှင့်မီးသွေးအသုံးပြုမှုများ)ကို လျှော့ချနိုင်မည်ဖြစ်ပါသည်။<br>FLEGT တွင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖော်ဆောင်ရေးနှင့်တည်ရှိပြီး ဥပဒေများကို ပိုမိုထိရောက်စေရန် အကောင်အထည်ဖော်ခြင်းကြောင့် တရားမဝင်ထင်းခုတ်ခြင်းနှင့် မီးသွေးဖုတ်ခြင်းကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ |
| သစ်တောမြေမှ စီးပွားဖြစ်စိုက်ပျိုးမြေအဖြစ် ပြောင်းလဲခြင်း (တရားဝင်) | REDD+တွင် ရေရှည်အသုံးချနိုင်မည့် မြေအသုံးချမှုပုံစံချမှတ်ပေးခြင်း၊ တရားမဝင်ချဲ့ထွင်ထားသော စိုက်ပျိုးမြေများမှ ထွက်ကုန်များ၏ဈေးကွက်ကို လျှော့ချခြင်း(သို့) နေရာတစ်ခုထဲမှ ရေရှည်စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်မှုပုံစံများ အားပေးခြင်းဖြင့် သစ်တောမြေမှအခြားအသုံးချမှုသို့ ပြောင်းလဲမှုများကိုလျှော့ချနိုင်မည်ဖြစ်ပါသည်။ |

| | |
|---|---|
| | FLEGT သည် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းကို ဖြစ်စေသော်လည်း တရားဝင်လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းများကို ဖြေရှင်းပေးမည်မဟုတ်ပါ။ |
| သစ်တောမြေမှ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမြေအဖြစ်ပြောင်းလဲခြင်း (တရားဝင်) | REDD+ တွင် ဒေသခံပြည်သူများ မြေပိုင်ဆိုင်မှု၊ လုပ်ပိုင်ခွင့်များကို ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ခြင်း၊ သစ်တောပြုန်းတီးမှုလျှော့ချခြင်းအတွက် ရရှိသောအကျိုးအမြတ်များခွဲဝေခြင်း၊ တိုးချဲ့ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့ဖြင့် မြေအသုံးချမှုပြောင်းလဲခြင်းများကို လျှော့ချနိုင်မည်ဖြစ်ပါသည်။<br>FLEGT သည် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းကို ဖြစ်စေသော်လည်း တရားဝင်လုပ်ကိုင်ဆောင်ရွက်နေသောလုပ်ငန်းများကို ဖြေရှင်းပေးမည်မဟုတ်ပါ။ |
| သစ်တောမြေမှ စိုက်ပျိုးမြေအဖြစ် ပြောင်းလဲခြင်း (တရားမဝင်) | REDD+တွင် ပွင့်လင်းမြင်သာသော မြေယာပိုင်ဆိုင်မှု၊ မြေအသုံးချမှုနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုများကို ဖြစ်ပေါ်စေရန်အတွက် ရလာဒ်အခြေပြု အကျိုးအမြတ် ရရှိမည့်လုပ်ငန်းများပါဝင်ပါသည်။ ထို့ကြောင့် တရားမဝင်သစ်တောမြေမှ အခြားမြေအသုံးချမှုပုံစံပြောင်းလဲခြင်းကြောင့် ရရှိသောသစ်များ တရားမဝင်ဈေးကွက်သို့တင်ပို့ခြင်းကို လျော့ကျစေသောကြောင့် FLEGT ၏ လုပ်ငန်းများကို အထောက်အကူပြုပါသည်။<br>FLEGT သည် တရားမဝင်သစ်ထုတ်လုပ်ခြင်းနှင့် တရားမဝင်မြေအသုံးချမှုမှရရှိသော သစ်ရောင်းချခြင်းကိုတားဆီးခြင်း၊ ဆက်စပ်ပတ်သက်သူများကြား ပွင့်လင်းမြင်သာသော စနစ်ကိုကျင့်သုံးရန် အားပေးသောကြောင့် သစ်တောမြေများ တရားမဝင်ချဲ့ထွင်ခြင်းကို တားဆီးပေးနိုင်ပါသည်။ |
| မြေဈေးကစားခြင်း (သစ်တောမြေမှ အခြားမြေအသုံးချမှုပုံစံ ပြောင်းလဲခြင်း) | REDD+ သည် မြေယာပိုင်ဆိုင်မှု၊ မြေအသုံးချမှုများကို ရှင်းလင်းစွာသိရှိစေရန် တိုးချဲ့ပညာပေးရေးလုပ်ငန်းများဆောင်ရွက်သောကြောင့် သစ်တောမြေမှ အခြားမြေအသုံးချမှုသို့ပြောင်းလဲ၍ မြေရောင်းဝယ်ခြင်းနှင့် ယင်းမြေပေါ်ရှိ သစ်ပင်များခုတ်လှဲ ရောင်းချခြင်းများကို တားဆီးနိုင်ပါသည်။ ဤကဲ့သို့ REDD+ သည် တရားမဝင်သစ်ထွက်မှု လျှော့ချခြင်းဖြင့် FLEGT ၏လုပ်ငန်းများကို အထောက်အကူပြုပါသည်။ ထို့နည်းတူ FLEGT သည် သစ်တောမြေမှ အခြားမြေအသုံးချမှုသို့ တရားမဝင်ပြောင်းလဲ၍ထွက်ရှိသော သစ်များကိုရောင်းဝယ်မှု ဈေးကွက်မရှိစေရန် ဆောင်ရွက်သောကြောင့် REDD+၏ သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းမှု လျှော့ချရေးလုပ်ငန်းများတွင် အထောက်အကူပြုပါသည်။ |
| အဆောက်အအုံများနှင့် ရွှေ/သတ္တုတူးဖော်ခြင်း | REDD+ ၏ နိုင်ငံအဆင့်မဟာဗျူဟာရေးဆွဲခြင်းတွင် ဆက်စပ်ပတ်ဆက်သောဌာနများ၏ ဥပဒေများ၊ မူဝါဒများ၊ ရည်မှန်းချက်များနှင့်သစ်တောဌာန၏ ဥပဒေများ၊ မူဝါဒများ၊ ရည်မှန်းချက်များနှင့် ဆွေးနွေးခြင်းများပါဝင်သောကြောင့် ပိုမိုကောင်းမွန်သော ညှိနှိုင်းဆောင်ရွက်မှုများကို ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် REDD+ သည် သစ်တောဥပဒေနှင့် သတ္တုတွင်းဥပဒေများအကြား စေ့စပ်ညှိနှိုင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် သစ်တောမြေမှအခြားမြေသို့ ပြောင်းလဲအသုံးချမှု လျော့ကျစေရန်နှင့် သတ္တုတူးဖော်ခြင်းကြောင့် သစ်တောအပေါ် ထိခိုက်မှုများကို လျော့နည်းစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။<br>FLEGTသည် အုပ်ချုပ်ရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် တရားမဝင်သတ္တုတူးဖော်ခြင်းလုပ်ငန်းများကို လျှော့ချခြင်းနှင့် တရားမဝင်သတ္တုတူးဖော်သည့်မြေပေါ်မှထွက်ရှိသော တရားမဝင်သစ်များရောင်းဝယ်ခြင်းကို တားဆီးနိုင်ပါသည်။ |
| မီးလောင်ခြင်း | REDD+ သည် ထိရောက်သော သစ်တောစောင့်ကြည့်မှုစနစ်တည်ထောင်ခြင်း၊ ကောင်းမွန်သောစီမံအုပ်ချုပ်မှုနည်းလမ်းများဆောင်ရွက်ခြင်း၊ ထိရောက်သောမြေအသုံးချမှုအစီအစဉ်နှင့် အုပ်ချုပ်မှုများဆောင်ရွက်ခြင်းတို့ကြောင့် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဧရိယာများဆုံးရှုံးမှုကို လျှော့ချနိုင်ပါသည်။<br>FLEGT သည် သစ်တောထဲတွင် တရားမဝင်လုပ်ဆောင်မှုများကို တားဆီးခြင်း၊ ပိုမိုကောင်းမွန်သောသစ်တောအုပ်ချုပ်မှုကို အကောင်အထည်ဖော်ခြင်းနှင့် သစ်တောနှင့်ပတ်သက်သော စီမံကိန်း(သို့)စီးပွားရေးလုပ်ငန်းများကို စနစ်တကျ စီမံအုပ်ချုပ်ခြင်းဖြင့် သစ်တောထဲတွင်ပေါ့ဆမှုကြောင့် ဖြစ်ပွားသောမီးလောင်မှုကို လျှော့ချနိုင်ပါသည်။ |

ဆက်လက်ဖော်ပြပါမည်--




# အသင်းအဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်ခြင်း

ချမ်းမြေ့အောင်၊ တောအုပ်ကြီး

Team–အသင်းအဖွဲ့ဟူသောစကားလုံးကို စဉ်းစားမိသည်နှင့် သင်၏အာရုံထဲတွင်ပေါ်လာသော အသင်းအဖွဲ့သည် ဘောလုံးအသင်းတစ်သင်းလား၊ ဘက်စကက်ဘောအားကစားအသင်းတစ်သင်းလား သို့မဟုတ် မိမိနှင့်သက်ဆိုင်ရာလုပ်ငန်းတာဝန်ကို ကျွမ်းကျင်ပိုင်နိုင်သည့် ပရော်ဖက်ရှင်နယ်ပညာရှင်များ အတူတကွ အလုပ်လုပ်နေခြင်းကိုမြင်ယောင်လာပါသလား။ အမှန်တကယ်အားဖြင့် အသင်းဟူသည် အသင်းဝင်အချင်းချင်း အပြန်အလှန်ကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ဘုံရည်ရွယ်ချက်အား အကောင်အထည်ဖော် ဆောင်ရွက်သည့် အစုအဖွဲ့ဖြစ်ပါသည်။

Teamwork – အသင်းလိုက်ဆောင်ရွက်မှုကို Merriam Webster Dictionary ၌ ရည်မှန်းထားသော ကိစ္စရပ်တစ်ခုကို အချိန်တိုတိုနှင့်ထိရောက် အောင်မြင်မှုရှိစေရန်အတွက် လုပ်ဖော်ကိုင်ဖက်အဖွဲ့ဝင် တစ်ဦးချင်းစီသည် ကိုယ်စီကဏ္ဍများကို ညီညွတ်မျှတစွာဆောင်ရွက်ခြင်းဖြင့် ပြီးမြောက်သွားသောအလုပ်ဟု အဓိပ္ပါယ်ဖွင့်ဆိုသည်။ အသင်းလိုက်ဆောင်ရွက်မှုတွင် အသင်းဝင်အချင်းချင်း လူမှုဆက်ဆံရေးအခြေအနေများကို ဖွံ့ဖြိုးစေခြင်းနှင့် တစ်ဦးချင်းစီအလိုက် ကျွမ်းကျင်မှု၊ အလေ့အကျင့် စိတ်နေသဘောထားတို့ကို အသုံးပြု၍ ထိရောက်စွာ အလုပ်လုပ်ကြခြင်းပင်ဖြစ်သည်။ အသင်းလိုက် ဆောင်ရွက်သည့်အခါ၌ အောက်ပါအချက်များပေါ် အခြေခံ၍ဆောင်ရွက်ပါသည်။

- ➢ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ခြင်း၊
- ➢ စိတ်ကူးအကြံဉာဏ်၊ အကြံပြုတိုက်တွန်းခြင်းနှင့်အားထုတ်ဆောင်ရွက်မှုတို့ဖြင့် အလုပ်အတူလုပ်ကိုင်သည့်လူစုတို့ကိုအကျိုးဖြစ်ထွန်းအောင် အောင်ကူညီခြင်း၊
- ➢ ဆက်သွယ်ခြင်း၊ သတင်းပေးပို့ခြင်း၊ ဆက်ဆံပြောဆိုခြင်း၊
- ➢ တာဝန်ယူမှု အသိရှိခြင်း၊
- ➢ မတူညီသည့် သဘောထား၊ ထင်မြင်ချက်၊ ဓလေ့ထုံးစံများနှင့် တစ်ဦးချင်းစီအလိုက် နှစ်သက်စိတ်ဝင်စားမှု၊ ဦးစားပေးမှုတို့အပေါ် အလေးထားဂရုပြုခြင်း၊
- ➢ အုပ်စုအလိုက် ဆုံးဖြတ်ချက်ချသည့် ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်တတ်သည့် စွမ်းရည်ရှိခြင်း၊ စသည်တို့အပေါ်မူတည်၍ ဆောင်ရွက်ကြသည်။

Effective teamwork– ''ထိရောက်မှုရှိသော အသင်းအဖွဲ့အလိုက်ပူးပေါင်းဆောင်ရွက်မှု''သည် ပိုမိုကောင်းမွန်သော ထုတ်လုပ်နိုင်စွမ်းရရှိစေရန်၊ အဖွဲ့အစည်းတစ်ခုအတွင်း အခက်အခဲကြားမှ ရှန်းကန်လှုပ်ရှားရမှုကို ပို၍လျော့နည်းစေရန်နှင့် ပိုမိုပျော်ရွှင်ဖွယ်ကောင်းသော အလုပ်ဆောင်ရွက်ခြင်းအတွေ့အကြုံတို့ကိုရရှိစေရန်အတွက် မရှိမဖြစ်အရေးပါပါသည်။ "A team without trust isn’t really a team." အသင်းအဖွဲ့အလိုက် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် အသင်းဝင်အချင်းချင်း အပြန်အလှန်ယုံကြည်လေးစားမှုရှိရန်လိုအပ်ပါသည်။ အကယ်၍အသင်းတစ်သင်း၌ အသင်းဝင်အချင်းချင်း အပြန်အလှန်ယုံကြည် စိတ်ချခြင်းမရှိလျှင် ထိုအသင်းအဖွဲ့သည် အလုပ်အတူတကွ လုပ်နေကြသော်လည်း အလုပ်ခွင်အတွင်း လုပ်ငန်းတိုးတက်မှုကို မကြာခဏနှောင့်နှေးစေသည့် အုပ်စုတစ်စုသာဖြစ်ပေလိမ့်မည်။ ယင်းအစုအဖွဲ့သည် သတင်းအချက်အလက်များနှင့် ပတ်သက်၍လည်းမျှဝေခြင်းမရှိ။ ရပိုင်ခွင့်နှင့်တာဝန်ယူခြင်းတို့နှင့်ပတ်သက်၍ အကြိတ်အနယ်ငြင်းခုံကောင်း ငြင်းခုံနေကြမည်။ တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်မှုလည်း အားနည်းကောင်းနည်းပေမည်။ အပြန်အလှန်ယုံကြည်ခြင်းမျိုးမရှိသည့်အတွက် ၎င်းအသင်းအဖွဲ့ထဲ၌ ပါဝင်သည့် အသင်းဝင်တစ်ဦးချင်းစီ၏ ပင်ကိုယ်စွမ်းရည် မည်မျှပင်ရှိစေကာမူ အလားအလာကောင်းများဆီသို့ ရောက်ရှိမည်မဟုတ်ပါ။ ထို့ကြောင့် အသင်းတစ်သင်း၌ ထိရောက်မှုရှိသော စွမ်းဆောင်ရည်ရစေရန်အတွက် အသင်းဝင်အချင်းချင်း အပြန်အလှန်ယုံကြည်မှုသည် မရှိမဖြစ်အရေးပါ ပါသည်။ အသင်းဝင်အချင်းချင်း အပြန်အလှန်ယုံကြည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်ခြင်း၏ ဥပမာတစ်ခုအနေဖြင့် သဘာဝပတ်ဝန်းကျင်တွင် ဆောင်းခိုရန်အတွက် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ကျက်စားသော *Branta canadensis* ဟူသောငန်းအစုအဖွဲ့ကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။ ၎င်းငန်းအစုအဖွဲ့တို့သည် အမြဲတမ်းဗွီ(V)ပုံစံဖွဲ့၍ ပျံသန်းလေ့ရှိသည်။ ဗွီပုံစံပျံသန်းခြင်းအားဖြင့် တစ်ကောင်ချင်းစီပျံသန်းသည်ထက် ၇၁%ခန့် ပို၍မြန်ကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာမှုများအရ သိရှိရသည်။ အကယ်၍ ငန်းတစ်ကောင်သည် ထိုဗွီပုံစံပျံသန်းမှုပုံစံထဲမှ ခွဲထွက်၍ပျံသန်းပါက ၎င်းငန်းသည်ချက်ချင်းပင်လျှင်လေကြောင်း၏ တွန်းလှန်မှုနှင့် တရွတ်တိုက်ဆွဲခတ်မှု ဒဏ်ကိုခံရပြီး တစ်ကောင်တည်းပျံသန်းခြင်း၏ အခက်အခဲများကို ကြုံတွေ့ရလေသည်။

စာမျက်နှာ-၃၆ သို့ ➢➢

# ထောင်ကြီးတန်း ဒီရေတောပျိုးဥယျာဉ်နှင့် ထိန်းသိမ်းရေးစခန်းသို့အလည်တစ်ခေါက်

ကျော်မျိုးလွင်(ကောလင်း)
Field Assistant
Worldview International Foundation(WIF)

ဖျာပုံမြို့နယ်၊ ထောင်ကြီးတန်း ဒီရေတောပျိုးဥယျာဉ်နှင့် ထိန်းသိမ်းရေးစခန်းသို့ အလည်တစ်ခေါက် ရောက်ရှိချိန်သည် ရာသီဥတုသာယာလှပသော နေ့လေးတစ်နေ့ဖြစ်သည်။ မိုးသားတိမ်တောင်များ ကင်းစင်နေပြီး နေမင်းသည် သူ၏နွေးထွေးသော အလင်းရောင်များဖြင့် လောကကြီးကို ထွေးပိုက်ထားသယောင်ထင်ရသည်။ ကျွန်ုပ်တို့ကားကလေးသည်လည်း ရန်ကုန်–ဖျာပုံ လမ်းမပေါ်တွင် အမြန်နှုန်း(၈၀)ကီလိုမီတာဖြင့် တရွေ့ရွေ့သွားနေသည်။ ကားထဲတွင် Aircon ဖွင့်ထားသောကြောင့် ပြတင်းပေါက်မှန်ချပ်ကို ဖွင့်မထားရသော်လည်း အပြင်ဘက်ကိုကြည့်ပြီး လမ်းဘေးဝဲယာသစ်ပင်ကြီးများ ယိမ်းထိုးလှုပ်ရှားနေသည်ကိုထောက်ခြင်းဖြင့် အေးမြလတ်ဆတ်သော လေအေးလေးများက ကျွန်ုပ်တို့ကို ဆီးကြိုအသိအမှတ်ပြုနေသည်ဟု ကောက်ချက်ချမိပေ၏။

မြန်မာပြည်အောက်ပိုင်းဟုဆိုလိုက်လျှင် 'ရန်ကုန်' အဆုံးသာရောက်ဖူးသေးသည့် ကျွန်ုပ်အတွက် 'ထောင်ကြီးတန်းဒီရေတောစခန်း'သို့သွားနေသည်ဟု တွေးလိုက်တိုင်း အကြိမ်ကြိမ်စိတ်လှုပ်ရှားမိသည်။ အတိုင်းမသိပျော်မိသည်။ ထို့ကြောင့် ရန်ကုန်မှစထွက်လာကတည်းကပင် ဘေးပတ်ဝန်းကျင်ကို အဆက်မပြတ်ကြည့်ရှုလိုက်ပါခဲ့၏။ သို့ပါသော်လည်း မည်သည့်အချိန် အိပ်ပျော်သွားသည် မသိလိုက်ချေ။ ကားရပ်၍ ကျွန်ုပ်လန့်နိုးလာပြီး နာရီကိုကြည့်လိုက်သောအခါ နေ့လယ်(၁၁)နာရီထိုးနေပေပြီ။ မျက်လုံးများကို လက်ဖြင့်ပွတ်သပ်ပြီး ကားထဲမှဆင်းလိုက်သောအခါဝယ် ဖျာပုံ–သစ်တောဦးစီးရုံးရှေ့သို့ ရောက်နေသည်ကို သတိထားမိ၏။ အံ့ဩပျော်ရွှင်စရာကောင်းလှသည်မှာ ဦးစီးအရာရှိကား အခြားမဟုတ်၊ ကျွန်ုပ်နောက်ဆုံးနှစ် သစ်တောတက္ကသိုလ်ကျောင်းသားတုန်းက တောတွင်းလက်တွေ့ဆင်းရာတွင် သင်ကြားပို့ချခဲ့သည့် ဆရာဦးအောင်ကိုမင်းပင်။ ဆရာလည်း ကျွန်ုပ်တို့ကိုမြင်သောအခါ ယခုလိုအမှတ်မထင် တွေ့ဆုံမှုကြောင့်တစ်ကြောင်း၊ WIF INGO တွင် အလုပ်လုပ်နေသည်ကို သိရသောကြောင့်တစ်ကြောင်း ဝမ်းသာရှာ၏။

ကျွန်ုပ်တို့အဖွဲ့တွင်ပါဝင်သူများမှာ ဆရာဦးဝင်းမောင် (WIF Project Manager, Worldview International Foundation)၊ ဆရာဦးဝင်းစိန်နိုင်( MSN Chairman, Mangrove Service Network)၊ Mr. Phan Sang (Researcher, The University of QUEENSLAND, Australia)၊ ကိုစွမ်းပြည့်အေးအောင်(တောအုပ်ကြီး)၊ WIF ဝန်ထမ်း(၅)ယောက်(ကျွန်ုပ်အပါအဝင်)၊ ကျောင်းနေဖက်သူငယ်ချင်း(၃)ယောက်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ အပါအဝင် စုစုပေါင်း(၁၅)ယောက်ခန့်ရှိ၏။ ကျွန်ုပ်တို့အဖွဲ့၏ ထောင်ကြီးတန်းဘက်သို့သွားရသည့် ရည်ရွယ်ချက်မှာ QUEENSLAND University၊ APFNet နှင့် Forest Department တို့ပူးပေါင်းပြီး (၃)နှစ်စာစီမံကိန်းရေးဆွဲရန်အတွက် Survey စာရင်းကောက်ရန် ဖြစ်သည်။

ဖျာပုံသစ်တောဦးစီးနှင့် ဆရာတို့အချင်းချင်း(၁၅) မိနစ်ကြာခန့် စကားစမြည်ပြောပြီးသောအခါ နေ့လယ်စာအတွက် ဖျာပုံမြို့လယ်ခေါင် ထမင်းဆိုင်သို့ သွားစားကြ၏။ ကျွန်ုပ်တို့အားလုံး စားသောက်ပြီးစီးသောအခါ ဆိုင်ရှင်မှ စားပွဲပေါ်သို့ ထန်းလျက်ခဲပူးများ လာချပေးသည်။ ထိုစဉ် ဆရာဦးဝင်းစိန်နိုင်မှ ထန်းလျက်တစ်ခဲကို နှိုက်ယူလိုက်ပြီး–

ဆရာဦးဝင်းစိန်နိုင်။ ။"Mr. Phan Sang!"

Mr. Phan Sang ။ ။ Yes

ဆရာဦးဝင်းစိန်နိုင်။ ။"This is Myanmar sweet. It promotes your digestion power. Good for you."

Mr. Phan Sang ။ ။"Thank you!

ဆရာဦးဝင်းမောင်။ ။"Do you know the juice that we can obtain from the palm-tree? You know, palm juice."

Mr. Phan Sang ။ ။"Why not!"

ဆရာဦးဝင်းစိန်နိုင်။ ။"That's Sky Beer! Ha ha ha

ဆရာဦးဝင်းမောင်မှ ကျွန်ုပ်ကိုခေါ်လိုက်ပြီး –

ဆရာဦးဝင်းမောင်။ ။''မင်း မဟာဖြေဆေး (အစားအသောက်များပြီး ဝမ်းဗိုက်နှင့်ပတ်သက်သော ရောဂါများအတွက်ဆေး)လေးသွားဝယ်ထားအုံးကွ။ Coastal Mangrove နဲ့ Delta Mangrove က လုံးလုံးမတူဘူး။ Coastal Mangrove မှာ ပင်လယ်စာစားတာက

ဘာမှမဖြစ်လှဘူး၊ နုံးနည်းတာကို။ ဒီမြစ်ဝကျွန်းပေါ်ဒေသ (Delta)မှာက နုံးများတော့ ဂုံး၊ ကနကမာကောင်တွေထဲမှာ နုံးတွေပါနေတာ၊ ဒါကြောင့် ပင်လယ်စာတွေကို ချက်ချင်း တန်းစားလို့ အဆင်မပြေဘူး၊ နုံးတွေထွက်သွားအောင် တစ်ရက်ကြာလောက် ရေစိမ်ထားရသေးတယ်၊ မြန်ချင်တယ် ဆိုရင်တော့ ထုံးသာဖျော်ထည့်လိုက်၊တစ်နာရီကြာလောက် ဆိုရင် ဂုံးတွေက ထုံးတွေကိုအန်ထုတ်လိုက်ပြီး နုံးပါစင် သွားတာ၊ နုံးတွေပါနေရင် လူကိုဗိုက်ဒုက္ခပေးတယ်၊ဂရုစိုက် စားမှကွ။ အဓိကကတော့ နေရာဒေသအစားအသောက် အပြောင်းအလဲဖြစ်တော့ ဗိုက်က Reaction ပြန်ဖြစ်တဲ့ သဘောပါပဲ။ ဒါ့ကြောင့် ရှေးလူကြီးတွေကပြောတာနေရာ သစ်ရောက်ရင် 'မြေကြီးကိုနည်းနည်းလောက် စားလိုက်'၊ ဒါကတော့ တင်စားပြောလိုက်တာပေါ့ကွာ။ အမှန်ကတော့ ရေ၊ အစားအသောက်တွေနဲ့ လူနဲ့တစ်သားတည်း ဖြစ်စေ ချင်တဲ့သဘောပါ။ ဒီမဟာဖြေဆေးက တော်တော်စွမ်း တယ်ကွ၊ ဘယ်နိုင်ငံခြားသားလာလာ ဝမ်းပျက်၊ ဝမ်းလျှောနဲ့ Food Poisoning ဖြစ်ရင် ဒီဆေးနဲ့ဆိုပျောက်တာချည်းပဲ။ ဒီဆေးနဲ့ကုမရတဲ့ လူကိုတော့ ရေသန့်ဗူးအဖုံးလောက်ရှိတဲ့ အိုးခြမ်းပဲ့ မျှိုခိုင်းလိုက်ရတော့မှာပဲ၊ ဟား--ဟား--''

ခရီးဆက်ရန်အတွက် ဖျာပုံမြို့တွင် Taxi ကားသေး ပြောင်းစီးရသည်။ မြို့မှထွက်လျှင်ထွက်ခြင်းပင် ကျောက်ခဲ များပေါ်နေသော လမ်းကိုဖြတ်မောင်းရသည်။ လမ်းကြမ်းပြီး ချိုင့်ခွက်ပေါသည်။ ရေသွင်းမြောင်းများနှင့် လယ်ကွင်းပြင် များကို တစ်မျှော်တစ်ခေါ်လှမ်းမြင်ရသည်။ ထူးခြားသည်မှာ စပါးရိတ်သိမ်းပြီး ရိုးပြတ်များအားလုံးကို မီးရှို့ထားသည်။ ကျွန်ုပ်တို့ ကောလင်းနယ် တစ်ဝိုက်တွင်ကား ရိုးပြတ်များကို မီးရှို့လေ့မရှိ။ ကျွဲ၊ နွားများ လွတ်ကျောင်းဖို့ရန်အတွက်သာ ထားလေ့ရှိကြသည်။ ထို့ကြောင့် ကျွန်ုပ်ဘေးနားရှိ ကိုမျိုးမြင့် ( WIF Staff ၊ ဘိုကလေးမြို့ဇာတိ)အား -

ကျွန်ုပ်။ ။ 'ကိုမျိုးမြင့် ဒီလယ်တွေမှာ ဘာလို့ရိုးပြတ်တွေ မီးရှို့ထားရတာလဲဗျ'

ကိုမျိုးမြင့်။ ။'ဒါက ဒီလိုရှိတယ်ကွ ညီလေးရ၊ဒီဒေသတွေမှာအယူအဆတစ်ခုရှိတယ်။ အဲ့တာက လယ်တွေရိတ်သိမ်းပြီးသွားရင် ကျန်နေတဲ့ ရိုးပြတ်တွေကို မီးရှို့လိုက်တာက ဖျက်ပိုးတွေသေအောင်၊ မြေသြဇာ(ပြာ) ကောင်းအောင် ဆိုပါတော့ကွာ။ နောက်တစ်ခုရှိသေးတယ်၊ပြာသိုလ တစ်လလုံးမှာ ထင်းမီးဖိုက ပြာတွေကို ဘယ်ကိုမှ လွှင့်မပစ်ဘူး၊ မြေအိုးနဲ့ သိမ်းထားတယ်၊ ပြာသိုလဆိုရင် အခြားဓါတ်တွေ စုပေါင်းလာပြီး ပြာတွေက အစွမ်းရှိတယ်ပေါ့ကွာ။ အဲ့ပြာတွေကို ဘယ်မှာသုံးလဲဆိုရင် သီတင်းကျွတ်-တန်ဆောင်မုန်းလလောက်မှာ စပါးပင်တွေက အဖုံးတုံးလုံးတွေထွက်ကြပြီ၊ ဖျက်ပိုးတွေကျလာပြီဆိုတာနဲ့ ပြာသိုတစ်လလုံးစုထားတဲ့ ပြာတွေကို ကြဲချလိုက်တာပဲ၊ ပိုးတွေသေတယ်ကွ၊ ဘာပိုးသတ်ဆေးမှ သုံးစရာမလိုဘူး၊ မိရိုးဖလာနည်းပေါ့။ ဒီဘက်မှာတော့ ညီလေးရာ ပင်လယ်ရေတွေဝင်ပြီး ဆားဓါတ်တွေ ပေါက်နေတော့ မြေပဲ၊ နှမ်း၊နေကြာတို့စိုက်လို့မရဘူး၊စပါး တောင် ရေငန်အတက်များတဲ့ နှစ်ဆိုရင် အထွက်နှုန်းကျတယ်ကွ''

ထွေရာလေးပါး စကားများကိုပြောရင်း Taxi လေးပေါ်တွင်လိုက်ပါလာရာ နေအတော်ပင်ကျသွားလေပြီ။ ညနေစောင်း(၃)နာရီတွင် နောက်မီးကျေးရွာလေးသို့ ကျွန်ုပ်တို့ရောက်ရှိလေ၏။ ကားပေါ်မှပါလာသော ပစ္စည်းများကို ချနေစဉ် -

ဆရာဦးဝင်းမောင်။ ။'မင်းတို့ ဒီကိုခဏလာကြအုံး၊ ဆရာပြစရာလေးရှိတယ်'

ကျွန်ုပ်လှမ်းကြည့်လိုက်သောအခါ အလျားတစ်ထွာကျော်၊ လုံးပတ်လက်ညှိုးခန့်ရှိသော'မဒမဈော'ပင်အမြစ်ဖြတ်ပိုင်းများကို(၄)ချောင်းတစ်စည်း စည်းထားသည်ကို တွေ့ရ၏။

ဆရာဦးဝင်းမောင်။ ။ဒါရောင်းနေတဲ့ ထင်းစည်းတွေကွ၊ တစ်စည်းကို (၅၀)ကျပ်လောက်ပဲရှိတယ်။ ထင်းတွေကိုလည်း သေချာကြည့်ကြအုံး၊ လက်ကောက်ဝတ်လောက်ရှိတဲ့ 'မဒမဈော'သစ်ငုတ်တိုကို အမြစ်ပါမကျန်တူးပြီး ခွဲစိပ်ထားတာ၊ ဒီဒေသ ထင်းရှားပုံကတော့ ဒါသာကြည့်တော့ကွာ'

နောက်မီးကျေးရွာမှတစ်ဆင့် ထောင်ကြီးတန်းစခန်းသို့ ပဲ့ထောင်ဖြင့် ခရီးဆက်ရပြန်သည်။ ရွာမှစထွက်ခွာလျှင် ကျွန်ုပ်ပဲ့ထောင်ပေါ်မှ လှမ်းကြည့်လိုက်သောအခါ နေအိမ်အများစုမှာ ဝါးတိုင်များနှင့် ဓနိမိုး၊ ဓနိကာအိမ်များသာ ဖြစ်ကြသည်။ အိမ်သာဆိုသည်မှာကား ဓနိလက်(၁၀)လက်ခန့်ကို မလုံ့တလုံကာရံထားပြီး ကျင်းဟူ၍မရှိ၊ ရေထဲသာစွန့်ကြဟန်တူ၏။ နောက်မီးရွာမှ (၁၅)မိနစ်ခန့် ခုတ်မောင်းပြီးသောအခါ ချောင်းခွဲလေးတစ်ခုထဲသို့ မောင်းဝင်းသွားရပြန်သည်။

ဆရာဦးဝင်းမောင်။ ။ ပဲ့ထောင်ဘေး တစ်ဖက်စီကိုကြည့်ကြပါအုံးကွာ၊ သမဲ့ပင်ကြီးတွေမြင်တယ်မလား။ ဒီမြစ်ဝကျွန်းပေါ်ဒေသမှာက သမဲ့အုပ်စု၊ သရော၊ ကနစိုစတဲ့သစ်မျိုးတွေက Dominant ဖြစ်တာကွ၊ ကန့်ပလာပင်လည်းပေါတယ်။ Avicenniaceae Family 'သမဲ့'အုပ်စုမှာတော့ အဓိကအပင်(၃)မျိုးခွဲထားတယ်၊ အဲ့တာတွေက Avicennia officinalis သမဲ့ကြီး၊ ရခိုင်နာမည် ပြာ၊ Avicennia marina သမဲ့ဖြူ(ရခိုင်-ပြာဖြူ)၊

Avicennia alba သမဲ့ကြက်တက် (ရခိုင်–ပြာချွန်း)။ အခု ဆရာပြောသွားတဲ့ အပင်(၃)မျိုးလုံး ဒီဒေသတွေမှာ ပေါပေါများများကိုတွေ့ရတယ်။ လေရှူမြစ်(Pneumatophores) က ထူးခြားတယ်၊ ကန်တော့ချွန်ပုံသဏ္ဍာန်ပေါ်ကို ထိုးထွက်နေတယ်။ သမဲ့ကြီးဟာ အခြားသောဒီရေတောပင်တွေနဲ့မတူတာကတော့– ပင်လယ်ရေထဲကဆားကို အမြစ်ကနေစစ်ထုတ်လိုက်သော်လည်း ပင်စည်ထဲကိုတော့ ထုံးစံအတိုင်းပဲ ဆားအချို့ဝင်လာတယ်။ အဲ့အထဲဝင်လာတဲ့ ဆားတွေကို အရွက်ထဲမှာရှိတဲ့ ဆားစွန့်ဂလင်း(Gland) လေးတွေမှတစ်ဆင့် စွန့်ထုတ်လိုက်တာပဲ။ လူတွေချွေးထုတ်သလိုပဲပေါ့ကွာ၊ နွေရာသီမှာဆိုရင် သမဲ့ပင်တွေရဲ့အရွက်တွေမှာ ဆားပွင့်တွေတွေ့တယ်။ အသီးကတော့ Semi-viviparous လို့ခေါ်တဲ့ 'တစ်ပိုင်းပင်ထက်မျိုးပေါက်ခြင်း' ဂုဏ်သတ္တိရှိတယ်။ ဗြူးဖို၊ ဗြူးမပင်တွေလို အပင်ပေါ်မှာကတည်းက အပင်တစ်ခါတည်းဖြစ်ပြီးသား မဟုတ်ဘူး၊ အသီးရင့်လို့ ကြွေပြီဆိုတော့မှ အသီးခွံကကွာသွားပြီးတော့ အပင်လောင်းက ရက်ပိုင်းအတွင်းပေါ်လာတာပဲ။ သြဂုတ်လနဲ့ စက်တင်ဘာလတွေမှာ အသီးတွေရင့်တာပဲကွ။ ဒီဒေသဘက်ကတော့ သမဲ့ကိုထင်းအဖြစ် သုံးကြတာများတယ်။ အပင်ခွဲတဲ့အခါ သမဲ့ကြက်တက်ကတော့ အရွက်ချွန်းဆိုတော့ခွဲရလွယ်တယ်၊ သမဲ့ကြီးနဲ့ သမဲ့ဖြူကိုတော့ အရောင်နဲ့ အရွက် Size လေးတွေကို သေချာမှတ်ပြီးခွဲကြ၊ လွယ်တော့ လွယ်ပါတယ်ကွာ၊ သမဲ့ကြီးကအရွက်ပြန့်တယ်၊ သမဲ့ဖြူရဲ့ အရွက်တွေကတော့ အတွင်းဘက်ကို နည်းနည်းလိပ်ဝင်နေပြီး အဝါရောင်ဘက်သမ်းတယ်''။




ပဲ့ထောင်ပေါ်မှ မြင်တွေ့ရသော နောက်မီးကျေးရွာရှိ နေအိမ်များနှင့် ကမ်းစပ်ရှိ သမဲ့တောကြီးများ



သမဲ့ကြီး (*Avicennia officinalis*)



သမဲ့ဖြူ (*Avicennia marina*)



သမဲ့ကြက်တက် (*Avicennia alba*)



ဆားပွင့်နေသော သမဲ့ရွက်များ



Cyclone Shelter ပေါ်မှမြင်တွေ့ရသော ကနစိုပင်နှင့် သမဲ့တောကြီးများ

ဆက်လက်ဖော်ပြပေးပါမည်



## " ဟဲ---- ဟဲ--- ဒါလေးများ---------(၇)"

သီရိတင်(သစ်တော)

**"ချစ်တဲ့မြေးလေးတို့ရေ"--**

၁၉၇၂ ခုနှစ်၊ဇွန်လ(၅)ရက်နေ့''ဆွီဒင်နိုင်ငံ၊စတော့ဟုမ်းမြို့''မှာ ''ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး''က လူ့ပတ်ဝန်းကျင်ဆိုင်ရာညီလာခံကြီးကို ဦးစီးကျင်းပခဲ့ပါတယ်။ နိုင်ငံပေါင်း(၁၁၃)နိုင်ငံက ကိုယ်စားလှယ်(၁၂၀၀)ကျော် တက်ရောက်ခဲ့ကြတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံများအားလုံး အတူတကွ ပူးပေါင်းလက်တွဲဆောင်ရွက်ကြဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပေါင်းစပ်ညှိနှိုင်းပေးဖို့နဲ့ နည်းပညာ အထောက်အပံ့ပေးနိုင်ဖို့ ''ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်''(United Nations Environment Programme) ကိုဖွဲ့စည်းပေးပြီး၊ နှစ်စဉ် ဇွန်လ(၅)ရက်နေ့ကို ''ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့''အဖြစ်သတ်မှတ်ပေးခဲ့ပါတယ်။



ကမ္ဘာတစ်ဝှမ်းမှာဖြစ်ပေါ်ခဲ့ဖြစ်ပေါ်ဆဲ ဖြစ်ပေါ်မဲ့ သဘာဝဘေးအန္တရာယ်အခြေအနေများကို သတိပေးနှိုးဆော်တဲ့အနေနဲ့ ''ဆောင်ပုဒ်''များချမှတ်ကာ၊ ကာကွယ်တားဆီးရေး စောင့်ရှောက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်စေခဲ့တယ်။ အဲဒီဆောင်ပုဒ်သတိပေးနှိုးဆော်ချက်တွေဟာ ကမ္ဘာမြေပတ်ဝန်းကျင်ထိန်းသိမ်းဖို့ကို နှစ်စဉ်အမြဲသတိပေး တပ်လှန့်နေတာဖြစ်ပါတယ်။''မြေးလေး''တို့ ''ဖိုးဖိုး''တို့ လူသားအားလုံးရဲ့ နှလုံးသားထဲမှာလဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စိတ်ဓာတ်ထာဝရကိန်းအောင်းနေပြီး၊ ကမ္ဘာပေါ်မှာရှိသမျှ သဘာဝသယံဇာတပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ဖို့အထူးလိုအပ်တာမို့ ''ပတ်ဝန်းကျင်ထိန်းသိမ်းရေး''နဲ့ ဆက်စပ်ပတ်သက်နေတဲ့ အောက်ပါကွက်လပ်များကို ကြိုးစားဖြည့်စွက်ဖြေဆိုကြည့်ပါနော်။

''မြေးလေးတို့အားလုံး''ဘေးရန်ကင်းကွာ၊ စိတ်ချမ်းသာ၍ လိုရာဆန္ဒပြည့်ဝကြပါစေ''

အားလုံးကို သတိရလျက် "ဖိုးဖိုး"





## " ဟဲ---- ဟဲ--- ဒါလေးများ------- (၇)"

### မေးခွန်းများ

အောက်ဖော်ပြပါ ကွက်လပ်များကိုဖြည့်ပါ။

(ကွက်လပ်တစ်ခုအဖြေမှန်လျှင် (၃)မှတ်ဖြစ်သည်၊ ကွက်လပ်စုစုပေါင်း(၃၃)ခုအတွက် (၉၉)မှတ်ဖြစ်ပြီး အားလုံးမှန်လျှင် (၁)မှတ်တိုးပေးမည်ဖြစ်၍ စုစုပေါင်းအမှတ်(၁၀၀)ဖြစ်သည်။)

၁။ ၁၉၇၂ ခုနှစ်မှစတင်၍ နှစ်စဉ် -- လ -- ရက်နေ့ကို ''ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့'' (World Environment Day)အဖြစ် သတ်မှတ်ထားရှိသည်။

၂။ ၁၉၉၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ပုဒ်မှာ "We The Poeple; United For the Global Environment". ''ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းဖို့ လူသားအားလုံး (က) ''

၃။ ၂၀၀၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်မှာ "Melting Ice: A Hot Topic". ''ရေခဲတောင်များ တည်တံ့ရေး၊ (က) ဦးစားပေး။

၄။ ၂၀၀၈ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်မှာ "Kick The Habit. A low Carbon Economy ''ကာဗွန်လျှော့ချထုတ်လုပ်ရေး၊ အမူအကျင့်ဟောင်းများ (က) ''

၅။ ၂၀၀၉ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ"Your Planet needs You- United to Combat Climate Change". ''ဥတုရာသီ (က) ၊သင်လည်း ပါဝင်လှုပ်ရှားပေး''။

၆။ ၂၀၁၁ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ "Forest : Nature at Your Sevice". သဘာဝပတ်ဝန်းကျင်ထာဝစဉ်တည်တံ့ရေး၊ (က) ထိန်းသိမ်းပေး။

၇။ ၂၀၁၂ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်မှာ "Green Economy; Does it included You?" ''ပတ်ဝန်းကျင်မပျက်ယွင်းစေသော (က) ၊ သင်တို့အားလုံးပါဝင်ဆောင်ရွက်ပေး''။

၈။ ၂၀၁၄ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ "Raise Yours Voice , not the sea level". (က) ကိုတားဆီးဖို့ လှုပ်ရှားမှုအသံတွေမြှင့်တင်စို့''

၉။ ၂၀၁၆ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ " The Fight against the illegal trade in wildlife" တို့ ကမ္ဘာမြေဂေဟစနစ်ထိန်းသိမ်းဖို့၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ (က) ကို ဆန့်ကျင်တိုက်ဖျက်စို့''

၁၀။ ကမ္ဘာပေါ်တွင် သစ်တောပြုန်းတီးမှု အများဆုံးနိုင်ငံများမှာ ပထမ– ဘရာဇီးနိုင်ငံ၊ ဒုတိယ–အင်ဒိုနီးရှားနိုင်ငံ၊ တတိယ– ဖိလစ်ပိုင်နိုင်ငံနှင့် စတုတ္ထ– (က) နိုင်ငံတို့ဖြစ်ပါသည်။

၁၁။ လူတို့၏ ခန္ဓာကိုယ်သည် ရာသီဥတုမျှတစေရန် မဖန်တီးနိုင်ပါ။ (က) သာလျှင် ရာသီဥတုမျှတစေရန် ပြုလုပ်ပေးနိုင်စွမ်းရှိသည်။

၁၂။ သစ်တောတစ်ဧကထိန်းသိမ်းခြင်းသည် လေထဲရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့ (က) တန်ခန့်အား စုပ်ယူနိုင်ပြီး အောက်စီဂျင်ဓါတ်ငွေ့ (ခ) တန်အားထုတ်လွှတ်ပေးနိုင်သည်။

၁၃။ ငွေရှိလျှင် မည်သည့်အရာကိုမဆိုဝယ်လို့ရသည်ဟုပြောဆိုနေကြသော်လည်း၊ လူ၊ သစ်ပင်၊ တိရစ္ဆာန်တို့ အချင်းချင်း ကျေးဇူးပြုနေသော အပြန်အလှန်ဆက်နွယ်နေသည့် ဂေဟဝန်ဆောင်မှု (က) ကိုဝယ်ယူ၍ မရနိုင်ပါ။

၁၄။ လူတို့ထံမှ ထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုဒ်သည် ၃၄°C ရှိ၍ (က) ကိုညစ်ညမ်းစေပါသည်။

၁၅။ စက္ကူတစ်တန်ထုတ်လုပ်ရန် ရေ (က) ဂါလံနှင့် အရွယ်ရောက်သစ်ပင် (ခ) လိုအပ်၍ စက္ကူကို ချွေချွေတာတာအသုံးပြုသင့်သည်။

၁၆။ လျှပ်စစ်မီးသီးနှင့် လျှပ်စစ်ပစ္စည်းကိရိယာများကိုအသုံးပြုပြီးပါက၊ သတိတရပိတ်ပါ။ (က) လည်း သက်သာပြီး၊ (ခ) ချွေတာရာလည်းရောက်ပါသည်။ အပူလွန်ကဲပြီး မီးလောင်ခြင်းမှလည်း ကာကွယ်ပါသည်။

၁၇။ သွားတိုက်စဉ်နှင့် ဆပ်ပြာတိုက်စဉ်၊ ရေပိုက်ခေါင်းကို (က) သင့်သည်။ ထိုပိုက်ခေါင်းမှ ၁စက္ကန့်လျှင် ရေ ၁ ပေါက်နှုန်းကျနေလျှင်၊ ၁နှစ်လျှင် ရေဂါလံ (ခ) ဆုံးရှုံးနိုင်သည်။

၁၈။ ကားရှိ ဆီ ရေ လေ ကိုသတိထား၍ ပုံမှန်စစ်ဆေးလဲလှယ်ခြင်းဖြင့် ပတ်ဝန်းကျင် လေထုသို့ ထွက်ရှိသော ညစ်ညမ်းစေသည့် (က) မီးခိုးထွက်ရှိမှုကို လျှော့ကျစေမည်ဖြစ်ပါသည်။

၁၉။ လမ်းလျှောက်ခြင်းနှင့် စက်ဘီးစီးခြင်းတို့သည် မော်တော်ကားမောင်းနှင်စီးနင်းခြင်းထက် (က) လျှော့ကျ ရုံမျှမက ၊ လောင်စာဆီချွေတာရာရောက်ပြီး၊ (ခ) နှင့်လည်းညီညွှတ်စေနိုင်သည်။

၂၀။ ကြွပ်ကြွပ်အိတ်အမှိုက်များသည် ၊ ဆွေးမြေ့ပျက်စီးရန် နှစ်ပေါင်း (က) မှ ၁၀၀၀ အထိ ကြာမြင့်သည်။

၂၁။ လောကကောင်းကျိုးအတွက် လူတိုင်းနေ့စဉ်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် နည်းလမ်း ၅ခု(5R)ရှိသည်။ ၎င်းတို့မှာ–

(၁) မလိုဘဲ၊ ပလတ်စတစ်အိတ်ပိုမသုံးခြင်း။ ( (က) = Reduce )

(၂) လွှင့်မပစ်ဘဲ ပြန်သုံးခြင်း။ ( (ခ) = Reuse )
(၃) အမှိုက်မှ အသုံးဝင်ပစ္စည်းပြန်လည်ထုတ်လုပ်ခြင်း။ ( (ဂ) = Recycle )
(၄) ကိုယ့်မှာထည့်စရာပါလျှင် ''မလိုဘူး''ဟုပြောခြင်း။ ( (ဃ) = Reject )
(၅) အိတ်ခွံတွေထားပြီးဆိုင်သို့ပြန်ပို့ခြင်း။ ( (င) = Return )

၂၂။ အဝတ်လျှော်စက်ဖြင့် အဝတ်များအားအခြောက်ခံသည်ထက်၊ သဘာဝအတိုင်း နေလှန်းအခြောက်ခံလျှင် (က) ၂ ၀၃ ကီလိုဂရမ်ကို လျှော့ချနိုင်ပါသည်။

၂၃။ ကမ္ဘာ့မျက်နှာပြင်၏ ၇၀% သည် ရေတည်ရှိသော်လည်း သောက်သုံးနိုင်သောရေသည် (က) သာရှိသည်။ သို့ပါ၍ ရေကိုချွေတာသုံးစွဲပါ။

၂၄။ (က) အမြင့်ရှိသော သတင်းစာတစ်ပုံကို (Recycle) ပြန်လည်ထုတ်လုပ်အသုံးပြုပါက သစ်ပင်တစ်ပင်ကို ကယ်တင်ရာရောက်သည်။

➢➢ *စာမျက်နှာ -၃၀ မှအဆက်*

ဤငန်းများသည် ခေါင်းဆောင်မှုကိုလည်း ပုံမှန်ပြောင်းလေ့ရှိသည်။ ရှေ့ဆုံးမှဦးဆောင်၍ ပျံသန်းနေသည့် ခေါင်းဆောင်ငန်းသည် အားအင်ကုန်ခန်း၊ ပင်ပန်းလာပါက ဗွီပုံစံပျံသန်းခြင်း၏ အစွန်းတစ်ဘက်သို့ ခွဲထွက်နေရာယူကာပျံသန်း၏။ ခေါင်းဆောင်ငန်းချန်လုပ်ခဲ့သည့်နေရာလပ်ကို အခြားငန်းတစ်ကောင်က ဝင်ရောက်တာဝန်ယူကာ ပျံသန်းသည်။ ထိုပျံသန်းမှုပုံစံထဲ၌ ငန်းများသည် ပျံသန်းမှုကို အရှိန်မြှင့်တင်ရန်အတွက် တိုက်တွန်းလှုံ့ဆော်သည့်အနေဖြင့် မကြာခဏအော်သံပေးကြ၏။ အကယ်၍ အခြားငန်းတစ်ကောင်သည် ပျံသန်းမှုခရီးစဉ်အတွင်း ဒဏ်ရာရ၍သော်လည်းကောင်း၊ နာမကျန်းဖြစ်လျှင်သော်လည်းကောင်း၊ ၎င်းငန်းသည်ငန်း အုပ်စု၏ဗွီပုံစံပျံသန်းမှုမှ ခွဲထွက်ရပေလိမ့်မည်။ တစ်ပြိုင်နက်တည်းမှာပင် အခြားငန်းနှစ်ကောင်မှလည်း ဗွီပုံစံပျံသန်းမှုမှ စွန့်ခွာကာ ဒဏ်ရာရသည့်ငန်းနှင့်အတူ ဘေးတစ်ဖက်တစ်ချက်မှလိုက်ပါ၍ ၎င်းငန်းပျံသန်းနိုင်သည့် အချိန်အထိ အကူအညီပေး၍ စောင့်ရှောက်ကာပျံသန်းကြ၏။ တိရစ္ဆာန်များ၏ သာဓကယူဖွယ် နမူနာတစ်ခုဖြစ်ပါသည်။




## Lessons learnt from *Branta canadensis*

- တူညီသောဦးတည်ချက်ရှိပြီး တာဝန်ကိုယ်စီခွဲဝေယူ၍ အသင်းအဖွဲ့အလိုက် စုပေါင်းအားထုတ်ကြိုးပမ်းဆောင်ရွက်ခြင်းကြောင့် ရည်မှန်းထားသည့်ခရီးပန်းတိုင်ကိုရောက်ရှိ၏။
- ခေါင်းဆောင်မှုကို ခွဲဝေဆောင်ရွက်ခြင်းဖြင့် (mutual respect and trust) အပြန်အလှန် ယုံကြည်လေးစားမှုကို တည်ဆောက်နိုင်ပြီး အခက်ခဲဆုံးပြဿနာများနှင့် လုပ်ငန်းတာဝန်များကို တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ကို အသုံးချ၍ ဖြေရှင်းနိုင်၏။
- တစ်ဦးနှင့်တစ်ဦး အားပေးတိုက်တွန်းမှု/လှုံ့ဆော်မှု အပြန်အလှန်ရှိသဖြင့် မိမိတို့ဦးတည်သည့် ရည်မှန်းချက်သို့ သွားရာ၌ ပို၍မြန်မြန်ဆန်ဆန်ရောက်နိုင်သည်။
- အထူးအားဖြင့် အခက်အခဲများနှင့် ကြီးမားသောစိန်ခေါ်မှုများ ကြုံတွေ့နေရသည့်အချိန်တွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဖေးမခြင်း၊ အခြားသူတစ်ဦး၏ ဝန်ထုပ်ဝန်ပိုးကို အပြန်အလှန်မျှဝေ တာဝန်ယူခြင်းကြောင့် (great team)ထူးကဲပြောင်မြောက်သောအသင်းအဖြစ် သတ်မှတ်နိုင်သည်။

ထို့ကြောင့် မိမိတို့အနေဖြင့် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ဆောင်ရွက်ပါက မိမိတို့၏ရည်မှန်းထားသည့်ပန်းတိုင်၊ အလုပ်ခွင်ဘဝတွင် စိန်ခေါ်မှုများကို ပိုမိုထိရောက်စွာဖြေရှင်းနိုင်မည်ဟု ယုံကြည်မိပါသည်။

# ပုပ္ပါးသားလေးကျနော်



မေ(သစ်တောတက္ကသိုလ်)

ကျနော့်နာမည် ငညို လို့ခေါ်ပါတယ်။ နေတာကတော့ မြန်မာပြည်အလယ်ပိုင်းက ပုပ္ပါး တောင်မှာပါ။ ဒီဒေသကလူတွေ ကတော့ ကျနော့်ကို မျောက်ညို လို့ခေါ်ကြတာများပါတယ်။ နာမည် ကသာ ညိုနေတာ၊ တကယ် တော့ ကျနော့်အမွေးအရောင်က အနက်ဘက်ကို များတာပါဗျာ။ ကျနော်နေတဲ့နေရာလေးက ဟိုး ပုပ္ပါးတောင်မကြီးရဲ့ မြောက်ဘက် ခြမ်း မီးတောင်ချိုင့်ဝှမ်းထဲမှာဗျ။ အဲဒီမှာဆို အပင်ကြီးတွေကလည်း အုပ်အုပ်ဆိုင်းဆိုင်း၊ စားစရာ သောက်စရာကလည်း ဘာပေါသ လဲမမေးနဲ့။ လူတွေက တစ်ခါ တလေကျနော့်ကို မျောက်သူတော် လို့လည်း ချစ်စနိုးခေါ်တတ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်က လူ့လုပ်စာမစားဘူးလေဗျာ။ ကျနော်က မျောက် ဆိုပေမယ့် ငှက်ပျောသီးလည်းမကြိုက်ဘူး။ စားကိုမစား ချင်တာ။ စားချင်သပဆိုရင် ကျနော်နေတဲ့နေရာနဲ့ တခေါ် လောက်ပဲဝေးတဲ့နေရာမှာ ငှက်ပျောသီးမှည့်တွေမှ အများ ကြီးဗျ။ ပုပ္ပါးတောင်မြောက်ဘက်မှာရှိတဲ့ တောင်ပေါ်လို့ခေါ် တဲ့ရွာက ရွာသားတွေစိုက်ထားကြတာလေ။ ငှက်ပျောခုတ် တဲ့အချိန်ဆို ပင်မှည့်သီးတွေတောင် လွယ်လွယ်လေးသွား ခူးစားလို့ရတယ်။ အဲဒီလိုမျိုး ကျနော်တစ်ခါမှ မလုပ်ဘူး ပါဘူးဗျာ။ ဒါကြောင့်လည်း လူတွေကကျနော့်ဆိုရင် ချစ်ကြ တယ်လေ။ အဲ့ -- ဒါပေမယ့် ကျနော်တို့ပုပ္ပါးဒေသမှာ ကျနော့်အပြင် နောက်ထပ် မျောက်မျိုးတစ်မျိုးရှိသေး တယ်ဗျ။ မျောက်နီကောင်တွေလေ။ မျောက်စပ်လို့လည်း ခေါ်ကြတယ်။ ပုပ္ပါးကို ဘုရားဖူးရောက်ဖူးသူတွေဆိုရင် သိကြပါလိမ့်မယ်။ တောင်ကလပ်က ဈေးဆိုင်တန်းတွေ၊ တောင်ပေါ်တက်တဲ့ စောင်းတန်းတွေမှာ ဘုရားဖူးတွေ ကျွေးမွေးတဲ့အစာတွေကိုစားပြီး သူတို့ရဲ့နဂိုမူလမျောက်ဘဝ ကို မေ့ချင်နေတဲ့ကောင်တွေလေဗျာ။ အချောင်စားချင်တဲ့ စိတ်တွေကတော်တော်များနေကြပြီဗျ။ အဲဒီကောင်တွေက တစ်ခါတလေ ကျနော်နေတဲ့နေရာဘက်ထိ ရောက်ရောက် လာတတ်တယ်။ ခြံထဲက အသီးအနှံတွေကို သွားသွားခိုးစား ကြတော့ ရွာသွားတွေက အဲဒီကောင်တွေကို သိပ်မကြည် ကြဘူးလေ။ တစ်ခါတလေ ပစ်ခတ်ခံရတာတွေ ကြားရ တော့ ကျနော်စိတ်မကောင်းပါဘူးဗျာ။ ကျနော့်အမြင်ပြော ရရင်တော့ အဲဒီကောင်တွေရဲ့ အပြစ်ကြီးပဲတော့လည်း မဟုတ်ပါဘူး။ ဘုရားဖူးတွေကလည်း ရောက်တုန်းရောက် ခိုက်ကုသိုလ်ရအောင် သူတို့ကို ကျွေးကြမွေးကြတော့ ဒီကောင်တွေက အကျင့်ပါသွားတာပေါ့ဗျာ။

အဲဗျာ့သူများအကြောင်းပြောနေတာနဲ့ ကျနော့် ကိုကျနော် မိတ်ဆက်တာတောင် ဘယ်ရောက်သွားလည်း မသိဘူး။ ပြန်ဆက်ရရင်တော့ ကျနော်တို့က ဘိုးစဉ်ဘောင် ဆက်ဒီပုပ္ပါးတောင်ကြီးမှာပဲ နေခဲ့ကြတာပါ။ ကျနော်သိရ





ပုပ္ပါးမီးတောင်ချိုင့်ဝှမ်းအား တောင်ထိပ်ရှိ ဆက်သွယ်ရေးစခန်းမှ တွေ့မြင်ရပုံ

သလောက်ဆိုရင် လွန်ခဲ့တဲ့ရာစုနှစ်တစ်ခုကတည်းက ရှိနေခဲ့ကြတာပါ။ ကျနော်တို့ ဘယ်ကနေဘယ်လို ပုပ္ပါးကို ရောက်လာကြတာလည်းဆိုတာတော့ တကယ်ကိုဖြေရခက်တဲ့မေးခွန်းခင်ဗျ။ အားလုံးသိတဲ့အတိုင်းပဲဗျာ၊ ဒီပုပ္ပါးတောင်ကြီးက သူ့ဘာသာထီးထီးကြီးတည်ရှိနေတာ။ ဘယ်တောင်တန်းတောတန်းနဲ့မှလည်းဆက်မနေဘူး။ ဒါပေမယ့် ဖြစ်နိုင်ခြေကတော့ လွန်ခဲ့သောနှစ်ပေါင်းများစွာက ဒီပုပ္ပါးတောင်ကြီးက တောင်ဘက်မှာရှိတဲ့ ပဲခူးရိုးမကြီးနဲ့ဆက်စပ်နေနိုင်တယ်။ အဲဒီကာလတုန်းက တောတွေတောင်တွေကလည်း ဆက်စပ်နေခဲ့ကြမှာဆိုတော့ တစ်နေရာနဲ့တစ်နေရာ ကူးသန်းသွားလာနိုင်ခဲ့မှာပေါ့ဗျာ။ ပဲခူးရိုးမမှာလည်း ကျနော်နဲ့မျိုးတူကောင်တွေအခုထိ ရှိနေသေးတယ်လို့ ကြားတယ်ဗျ။ နောက်ပြဿနာတခုရှိသေးတယ်ဗျ။ ကျနော့်နာမည်နဲ့ ပတ်သက်ပြီးတော့ပေါ့။ စာအရပေအရဆိုရင် ကျနော့်နာမည်က မျောက်မျက်ကွင်းဖြူ။ အင်္ဂလိပ်လိုတော့ Phayre's Leaf Monkey။ သိပ္ပံအမည်ကတော့ *Trachypithecus phayrei* ။ ခေါ်ရတာအင်မတန်ကို လျှာလိပ်တယ်နော်။ ဒါကြောင့်ပဲလား မသိပါဘူးဗျာ။ တချို့လူတွေက ကျနော့်ကို Dusky Leaf Monkey (Trachy-pithecus obscurus) ဆိုပြီးအလွယ်ခေါ်ကြတယ်ဗျ။ အမှန်တော့အမှတ်မှားကြတာပါဗျာ။ သူတို့က ဟိုး...အောက်ပိုင်းတနင်္သာရီတိုင်းဘက်မှာကျက်စားကြတာပါ။ ဒါပေမဲ့ကျနော်တို့က ရုပ်ရည်ချင်းအင်မတန်မှ တူနေကြပြန်ရော။ အထူးသဖြင့်တော့ ကျနော်တို့ရဲ့မျက်လုံးတွေလေ။ နှစ်ကောင်စလုံးရဲ့ မျက်လုံးနှစ်လုံးပတ်လည်က အဖြူရောင်ကွင်းတွေပေါ့ဗျာ။ အပြင်ပန်းရုပ်ရည်ကြည့်ပြီး ခွဲခြားဖို့ အတော်ကိုခက်ပါတယ်။ အဲဒါကြောင့်လည်း ကျနော့်ကို နာမည်မှားခေါ်နေကြတာပေါ့ဗျာ။ ကျနော် စိတ်မကောင်း အလွန်ဖြစ်ရပါတယ်ဗျာ။ ကျနော်ဘယ်သူဘယ်ဝါဆိုတာကို တိတိကျကျ ခိုင်ခိုင်မာမာ ပြောချင်တာပေါ့။

ဒါနဲ့ ဝမ်းသာစရာသတင်းပြောရအုံးမယ်ဗျ။ကျနော့်တို့ရဲ့မျိုးရိုးပြဿနာကို ဖြေရှင်းနိုင်တော့မယ့်ကိစ္စပေါ့။ ကျနော်နေတဲ့ပုပ္ပါးတောင်ကိုလာပြီး ကျနော်နဲ့ပတ်သက်တဲ့အကြောင်းအရာတွေကို သုတေသနပြုတဲ့သူတွေ အခုတလောရောက်ရောက်လာကြတယ်ဗျ။ သူတို့လုပ်တဲ့ထဲက ကျနော်စိတ်အဝင်စားဆုံးက ကျနော်တို့မျိုးရိုးကို ခွဲခြားပေးမယ့်လုပ်ငန်းဗျ။ သူတို့ကတော့ DNA, DNA ဆိုပြီး ပြောနေတာကြားတာပဲ။ အဲဒါကြီးက ကျနော်တို့မျိုးရိုးဘာလဲဆိုတာကို အတိအကျပြောနိုင်တယ်တဲ့။ တောသားဆိုတော့ ကျနော်လည်း သေချာမသိပါဘူး။ စိတ်ဝင်စားဖို့တော့ကောင်းသားလားဗျ။ အဲဒီ DNA လုပ်ဖို့တဲ့ ကျနော်စွန့်ထုတ်လိုက်တဲ့ မစင်တွေကို မရွံမရှာပဲ ပလတ်စတစ်ဘူးသေးသေးလေးတွေနဲ့ အသေအချာမှတ်သားပြီး ထည့်ယူသွားကြတာဗျ။ ကျနော်ကဖြင့် ကိုယ့်မစင်ကို ကိုယ်ကိုတိုင်တောင် ပြန်လှည့်မကြည့်ချင်ပါဘူး။ ရွံပါ့ဗျာ။ ကျနော် သူတို့ကိုကျေးဇူးတင်ပါတယ်။ ချီးလည်းချီးကျူးပါတယ်။ ဖြစ်နိုင်ရင်သူတို့ကို အကူအညီတောင်ပေးချင်ပါတယ်။

ကျနော် သိရသလောက်တော့ သူတို့လုပ်ကြမဲ့ DNAဆိုတာကြီးက ကျနော့်တို့ရဲ့အသားတို့၊ သွေးတို့ယူပြီး စမ်းနိုင်မယ်ဆိုရင် ပိုလွယ်ပြီး စရိတ်စကလည်း ပိုသက်သာတယ်တဲ့။ အဖြေမှန်လည်း မြန်မြန်သိနိုင်တယ် ပြောတယ်။ စကားမစပ်ကြွားရအုံးမယ်။ ကျနော်ဆိုတဲ့ကောင်ကလည်း ပေါ့သေးသေးတော့ မဟုတ်ဘူးဗျ။ ကျနော်တို့က ကမ္ဘာပေါ်မှာ အလွန်ရှားပါးနေပြီဆိုတော့ အားလုံးကဝိုင်းဂရုစိုက်ကြတာများဗျာ။ ကျနော်တို့ကို ထိတောင်မှမထိရဘူးဆိုပြီး နိုင်ငံတကာဥပဒေအရရော ၊ မြန်မာနိုင်ငံသားရှင်ဥပဒေအရရော အကာအကွယ်ပေးထားကြတာလေ။ အဲဒါကြောင့်မို့ DNA လုပ်မဲ့သူတွေကလည်း ကျနော့်မစင်ကိုပဲစုကြရတာတဲ့။ ကျနော့်အနေနဲ့ကတော့ဗျာ ကျနော့်ကိုယ်ထဲကသွေးကိုပဲဖောက်ပေးရပါစေ သူတို့ကို ကူညီပေးလိုက်ချင်ပါတယ်။ အသက်စွန့်ဖို့ဆိုရင်တော့ နည်းနည်းစဉ်းစားရမှာပေါ့ဗျာ။ ဟုတ်တယ်မဟုတ်လား။ ကျနော့်မျိုးရိုးအစစ်အမှန်ကို သက်သေအထောက်အထားနဲ့ သူများတွေကို ပြောပြချင်တာပေါ့ဗျာ။

ဒါနဲ့ဗျာ... အဲဒီမျိုးရိုးစစ်တယ်ဆိုတဲ့အလုပ်ကို မြန်မာပြည်မှာ လုပ်ရတာအဆင်မပြေသေးလို့ဆိုလား မသိဘူး တောင်ကိုရီးယားနိုင်ငံမှာသွားလုပ်ကြတယ်လို့ ကြားတယ်ဗျ။အဲဒီမှာပါရဂူဘွဲ့အတွက် ကျောင်းသွားတက်တဲ့ မြန်မာပြည်က ကျောင်းသူတစ်ယောက်က ကိုယ်တိုင်လုပ်တာတဲ့...။ ကျနော်လည်း ရင်ခုန်စွာနဲ့ အဖြေကဘာဖြစ်မလည်းစောင့်နေရတာ အမောပါပဲဗျာ...။

အဲ့နောက်ဆုံးတော့အဖြေထွက်လာပါပြီ... DNA ရလဒ်အရ ကျနော့်မျိုးရိုးအစစ်အမှန်က Phayre's Leaf Monkey ပါတဲ့။ သူများတွေမှားပြောပြောနေတဲ့ Dusky Leaf Monkey မဟုတ်ပါဘူးတဲ့...။ ကျနော် ဝမ်းသာလိုက်တာပြောမပြတတ်အောင်ပါပဲ။ ကျနော်လူမှန်း အဲ...မှားလို့ မျောက်မှန်းသိတတ်စကတည်းက ကျနော့်ကို မှားမှားခေါ်နေကြတာဗျာ... အခုမှပဲ ကျနော့်ကိုကျနော် ဘာကောင်လဲဆိုတာ သေချာသိရတော့တယ့်အရင်တုန်းကဆို... ကျနော့်မှာဖြင့်လူရှေ့သူရှေ့တောင် သိပ်မထွက်ချင်ပါဘူးဗျာ...မင်းက ဘယ်မျိုးရိုးလည်းမေးကြရင် ကိုယ့်ကိုကိုယ်တောင် မသိခဲ့လို့ပါ။

အခုတော့ ကျနော်အားလုံးကို အပြုံးနဲ့ရင်ဆိုင်ရဲပါပြီ။ ခင်ဗျားတို့အားလုံးကို ကျနော်နေတဲ့ပုပ္ပါးကို လာလည်ကြဖို့ ဖိတ်ခေါ်ပါတယ်ဗျာ။ ပုပ္ပါးသားညီ၊ဆိုပြီး မေးပြီးလာခဲ့ကြပါ။ အဲ...ဒါပေမဲ့ ကျနော်နေတဲ့ မီးတောင်ချိုင့်ဝှမ်းထဲအောင်တော့ လာခဲ့ကြပါနော်...ကျနော်က တောသားဆိုတော့ လူများများရှိတဲ့နေရာတွေဆို မလာရဲလို့ပါဗျာ..။ ကျနော်တို့ပုပ္ပါးသားတွေ ဘယ့်လောက်တောင် ဧည့်ဝတ်ကျေလည်းဆိုတာ ခင်ဗျားတို့သိရပါစေပါ့မယ်။



# မိန်းမလှဆီသို့အလည်တစ်ခေါက်လာရောက်စေချင်

သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန

မြန်မာနိုင်ငံအတွင်း စိတ်ဝင်စားဖွယ်သွားရောက်လည်ပတ်ချင်စရာကောင်းသည့် နေရာများသည် တစ်နိုင်ငံလုံးအနှံ့တည်ရှိနေရာ ဘုရားစေတီပုထိုးများ၊ သမိုင်းဝင်နေရာများ၊ ဘူမိရုပထူးခြား ထင်ရှားသည့်နေရာများ၊ တောတောင်တိရစ္ဆာန်နှင့် မြစ်ချောင်းအင်းအိုင်များ၊ယဉ်ကျေးမှုအမွေအနှစ်များ၊ ရှုခင်းများနှင့် ပင်လယ်ကမ်းခြေဒေသများအဖြစ် ဒေသတစ်ခုနှင့်တစ်ခု မတူညီဘဲကွဲပြားစွာတည်ရှိနေကြပါသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း သွားရောက်လည်ပတ်နိုင်သည့် နေရာအများအပြားတွင် တမူထူးခြားပြီး စိတ်ဝင်စားစရာကောင်းသည့် ဒေသတစ်ခုမှာ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်အတွင်းတည်ရှိသည့် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောပင်ဖြစ်သည်။ ယခင်က လှပသည့်နတ်သမီးလေးနှစ်ပါး ပိုင်ဆိုင်နေထိုင်ခဲ့ခြင်းကိုအကြောင်းပြု၍ မိန်းမလှကျွန်းဟုခေါ်ဆိုခဲ့ကြသော်လည်း ယခုအခါကျွန်း၏ပုံသဏ္ဍာန်မှာ မိန်းမလှလေးတစ်ယောက်၏ညာဘက်ခြေဖဝါးရာနှင့် ဆင်တူနေခြင်းကလည်း ထူးခြားလှပပြီးစိတ်ဝင်စားဖွယ် ဖြစ်နေပေသည်။




ကေ(၃၃၇၇၉)ကျယ်ဝန်းသည့် ကျွန်းပေါ်တွင်ကျေးရွာများမရှိဘဲ ဝန်ထမ်းများနှင့်အကူများ နေထိုင်သည့် စခန်း(၇)ခုသာရှိပြီး တစ်နှစ်ပတ်လုံးစိမ်းလန်းစိုပြေနေသည့် ဒီရေတောပင်များဖြစ်သည့် လမု၊ သမဲ့၊ ကနစို၊ မဓမ၊ လဘ၊သရော၊ မြင်းက၊ ကန့်ပလာ၊ သင်ဘောင်း၊ ငှက်ကြီးတောင်ပင်များ ပေါက်ရောက်လျက်ရှိသည်။ ကျွန်းအတွင်းရှိချောင်းများသည် ဒီရေအတက်အကျရှိခြင်းကြောင့် လက်ယှက်ထိုးစီးဆင်းနေကြသည်။ ကျွန်းပေါ်တွင် သမိုင်းဝင်မျောက်တစ်ရာစေတီတစ်ဆူတည်ရှိပြီး ဒေသခံများယုံကြည်ကိုးကွယ်သည့် ရေငံပိုင်ဦးရှင်ကြီးနတ်နန်းလည်း တည်ရှိနေသည်။

ရေချိုရေငံစပ်မိကျောင်း (ငမိုးရိပ်မိကျောင်း)များကို သဘာဝအတိုင်း ထိန်းသိမ်းကာကွယ်ထားသည့်တစ်ခုတည်းသောနေရာဖြစ်ပြီး မိကျောင်းများ၏ သွားလာနေထိုင်ကျက်စားမှုများကို အချိန်မရွေးသွားလာကြည့်ရှုနိုင်သည်။ ညပိုင်းအချိန်တွင် မိကျောင်းများကို ဆလိုက်မီးအသုံးပြု၍ လိုက်လံကြည့်ရှုနိုင်ပြီး ပိုးစုန်းကြူးများ၏ အလှအပကိုပါခံစားနိုင်သည်။ နေ့ပိုင်းတွင် မိကျောင်းများ လတာပြင်တွင် နေပူစာလှုံနေမှု၊ ဧရာဝတီလင်းပိုင်များကူးခတ်သွားလာမှု၊ ငှက်မျိုးစုံတို့လှုပ်ရှားမှု၊ နေဝင်နေထွက်နှင့် ချောင်းငယ်များ၏ ရှုခင်းအလှများကို စိတ်ကြည်နူးဖွယ်ခံစားနိုင်သည်။ တစ်ခါတစ်ရံ တောကြောင်များ၊ မျောက်များ၊ ဖျံများ၊ ခွေးအများ၊ မြွေများ၊ ဖွတ်များကိုတွေ့ရှိနိုင်ပြီး မှတ်တမ်းဓာတ်ပုံများရိုက်ယူနိုင်သည်။

မိန်းမလှကျွန်းသို့ အလည်လာရောက်ခြင်းဖြင့် ပင်လယ်စာများဖြစ်သော ငါး၊ ပုစွန်၊ ကဏန်းများကိုလည်း လတ်လတ်ဆတ်ဆတ်စားနိုင်သည်။ ဒေသထွက်ဖြစ်သည့်








သင်ဘောင်းဖူး၊ ဓနိသီး၊ ကျီးကလိန်အသီးအရွက်၊ ငှက်ကျီးတောင်အညွန့်၊ လမုသီး၊ သမဲ့သီး၊ ဗျိုက်အညွန့်များကိုလည်း ထမင်းနှင့်အတူ မြိန်ယှက်စွာ စားသုံးနိုင်သည်။

ဘိုကလေးမြို့မှ မိန်းမလှကျွန်းသို့ ပဲ့ထောင်စက်လှေစီးပြီး မြစ်ကြောင်းတစ်လျှောက် သဘာဝအလှရှုခင်းများ၊ ဒေသခံတို့ငါးဖမ်းနေပုံများ၊ စက်လှေမော်တော်အကြီးအသေးတို့၏ သယ်ယူပို့ဆောင်သွားလာနေမှုများ၊ ဒေသတွင်း စိုက်ပျိုးရေးလယ်လုပ်ငန်းများကိုလည်း လေ့လာနိုင်သည်။

မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ သာယာလှပမှု၊ ဇီဝမျိုးစုံမျိုးကွဲစုံလင်မှု၊ ရိုးရာယုံကြည်ကိုးကွယ်မှု၊ ဒေသခံများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှုများကြောင့် (၁၉၉၄)ခုနှစ်တွင် စတင်တည်ထောင်ခဲ့မှုမှ (၂၀၀၃)ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်၊ (၂၀၁၇)ခုနှစ်တွင် ကမ္ဘာ့အရေးကြီးရေဝပ်ဒေသ(Ramsar Site)အဖြစ်သတ်မှတ်ခံခဲ့ရ၍ သဘာဝကိုစိတ်ဝင်စားသူများ ရန်ကုန်မြို့မှ ကားဖြင့်လှိုင်သာယာအဝေးပြေး၊ဒလဆိပ်ကမ်းတို့မှ (၈၇)မိုင်ခန့် (၃း၃၀)နာရီ၊ သင်္ဘော၊ ရှပ်ပြေးအမြန်ယာဉ်တို့ဖြင့် ရန်ကုန်ဆိပ်ကမ်းမှ ညခရီးစဉ်ဖြင့် ဘိုကလေးမြို့သို့လာရောက်၍ မိန်းမလှကျွန်းသို့ အလည်တစ်ခေါက်လာရောက်ဖို့ရန် ဖိတ်ခေါ်အပ်ပါသည်။



## "ဟဲ---ဟဲ---ဒါလေးများ---(၇)အဖြေမှန်များ"



၁။ (က) ဇွန်လ ၅ ရက်
၂။ (က) စည်းလုံးစို့။
၃။ (က) ထိပ်တန်း
၄။ (က) စွန့်ပစ်ပေး
၅။ (က) တည်ငြိမ်ရေး
၆။ (က) သစ်တောများကို
၇။ (က) အစိမ်းရောင်စီးပွားရေး
၈။ (က) ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုကို
၉။ (က) တရားမဝင်ကုန်သွယ်မှု
၁၀။(က) မြန်မာ
၁၁။(က) သစ်ပင်သစ်တောများ
၁၂။(က) ၆ (ခ) ၄
၁၃။(က) Ecological Service.
၁၄။(က) လေထု
၁၅။(က) ၇၀၀၀ (ခ) ၁၇ ပင်
၁၆။(က) မီတာခ (ခ) စွမ်းအင်
၁၇။(က) ပိတ်ထား (ခ) ၈၈၀
၁၈။(က) ကာဗွန်
၁၉။(က) လေထုညစ်ညမ်း (ခ) ကျန်းမာရေး
၂၀။(က) ၃၀
၂၁။(က) လျှော့သုံးခြင်း
(ခ) ပြန်သုံးခြင်း
(ဂ) ထွင်သုံးခြင်း
(ဃ) ငြင်းပယ်ခြင်း
(င) ပြန်ပို့ခြင်း
၂၂။(က) ကာဗွန်
၂၃။(က) ၃%
၂၄။(က) ၃'




အော်ပီကျယ်

# BEAT PLASTIC POLLUTION

# ၂၀၁၈ ခုနှစ်၊ ဇွန်လ (၅)ရက်နေ့၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့

## ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြပါစို့

## ကမ္ဘာကြီး ဘာဖြစ်နေပြီလဲ ?

□ ၄ရာစုတုန်းက ကမ္ဘာကြီးကို ပြားတယ်လို့ထင်ခဲ့တယ်။



□ ၁၄ ရာစုကျတော့ လေးထောင့်ကြီးလို့ မှန်းဆခဲ့တယ်။



□ ၁၆ ရာစုရောက်မှ ကမ္ဘာလုံးမှန်း သိကြတယ်။



□ အခုရာစုမှာ ကမ္ဘာကြီး ဘယ်ပုံ ဖြစ်နေပြီလဲ ?



လူတွေရဲ့ မဆင်ခြင်မှုကြောင့်ကမ္ဘာကြီးဟာ အမှိုက်ပုံးကြီးနဲ့တူနေပြီ။ ဒီထဲမှာ ပလပ်စတစ်အမှိုက် က အတော်ဆိုးတယ်။ စွန့်ပစ်လိုက်ပြီးရင် မြေကြီးထဲမှာ ဆွေးမြေ့ဖို့ နှစ်ပေါင်း(၃၀) ကနေ (၁၀၀၀)ထိ ကြာတယ်။



လူတစ်ယောက်ဟာ ပလပ်စတစ်အိတ် (၂)အိတ်ကျော် နေ့စဉ် သုံးတယ်။ လူ(၆)သန်းနီးပါး ရှိတဲ့ ရန်ကုန်မှာ ပလပ်စတစ်အိတ်(၁၀)သန်းကျော် နေ့စဉ် စွန့်ပစ်နေတာပေါ့။

ဒီမဆွေးမြေ့တဲ့ ပလပ်စတစ်အမှိုက်တွေဟာ မြေပေါ်မှာသာမက



..........

..........

ရေထဲကိုပါ ဒုက္ခပေးတယ်။





## လူတိုင်းတတ်နိုင်တဲ့ နည်း(၅)ခု




**Reduce**
၁။ လျှော့သုံး

■ မလိုဘဲ ပလပ်စတစ် ပိုမသုံးနဲ့။



**Reuse**
၂။ ပြန်သုံး

■ လွှင့်မပစ်ဘဲ ပြန်သုံးပါ။



**Recycle**
၃။ ပြန်ထွင်သုံး

■ အမှိုက်တွေကနေ အသုံးဝင်တဲ့ပစ္စည်း ထုတ်လုပ်ပါ။



**Reject**
ငြင်းပယ်ပါ။

■ ကိုယ့်မှာ ထည့်စရာပါရင် "မလိုဘူး" လို့ ငြင်းပယ်ပါ။



**Return**
ပြန်ပို့ပါ။

■ အိတ်ခွံတွေ စုထားပြီး ဆိုင်ကို ပြန်ပို့ပါ။



ဒီနည်းတွေနဲ့ လောက**ကောင်းကျိုး** ကို မပင်မပန်း **နေ့စဉ်** လုပ်သွားနိုင်တယ်။

**ဒီနေ့ စလုပ်နော်..**

အောင်ပီကျယ်

*from previous month*



# ECD, IUCN and FREDA on Sustainable Management of Peatland Ecosystems Project in Inle Lake of Myanmar

By
U Sein Thet, Director(Rtd)
Vice-Chairman, FREDA

Forest Resource Environment Development and Copnservation Association (FREDA) is a non-political, non-profit and non-government organization in the forestry sector of Myanmar. Its strength is experience, dedication and dynamism. Registered in 1996, FREDA is currently composed of (552) members, comprising foresters, botanists, agronomists, zoologists, veterinary scientists, hydro-geologists, engineers, timber businessmen, journalists, artists, etc. Membership is open to any citizen of Myanmar over the age of 18, except those in active government service. The Vision of FREDA is to regulate climate change and environmental deterioration through active participation of local community in sustainable forest management, proper land use practice and community development. The Mission is to promote participation and partnership in

-Sustainable forest management
-Natural environment conservation
-Wildlife protection
-Grass root level community development
-Human resource development
-Disaster risk reduction and sustainable land use, and
-Responsible eco-tourism.

The Organization of FREDA included the 15 member Central Committee (CC), approved at an appropriate General Assembly for a term of three year governs FREDA. The CC forms the Executive Committee,(EC) consisting of CC members including Chairman, Vice-Chairman, General Secretary, Finance Secretary and Internal Auditor, to oversee day-day operations. Field and office activities are implemented by the members recruited for specific assignments.

FREDA has been engaged in a wide range of activities like socio-economic survey for rural development, planning and demonstration for community participation in reforestation and forest conservation especially in mangrove including implementation of integrated management activities for natural disaster preparedness and sustainable land use. Restoration of degraded mangrove ecosystem in the delta of Myanmar, introduction of renewable energy resources including various types of gasifies for village electrification, support to scholars in environmental science at M.Sc. and PhD levels in partnership with donors and universities concerned, and relief and rehabilitation works in natural affected areas, and responsible eco-tourism.

The Sustainable Management of Peatland Ecosystems in Mekong Countries Project will operate in Cambodia, Lao PDR and Myanmar. The goal of the project is to sustainably manage peatland ecosystems in targeted countries and to conserve biodiversity and reduce greenhouse gas (GHG) emissions, by:

1. Expanding the network of protected peatland ecosystems in the countries in line with Aichi Target 11;
2. Strengthening the capacity for sustainable peatland management at local, national and subregional levels; and

3.Strengthening the management of peatland in existing protected areas to demonstrate sustainable management of peatland to conserve biodiversity, reduce GHG emissions and strengthen sustainable livelihoods for local communities.

The project will contribute to the ASEAN Programme on Sustainable Management of Peatland Ecosystems 2014-2020 (APSMPE) Haze Pollution (AATHP), and the ASEAN Peatland Managemement Strategy 2006-2020(APMS).

The project will be comprised of the following four components:

Component 1:Expansion of protected peatlands in Mekong Countries

Component 2: Capacity and national planning

Component 3: Demonstration of sustainable peatland management and

Component 4: Regional cooperation

IUCN will be the GEF Implementing Agency. The Lead Executing Agencies will be the Ministry of Environment (MoE) in Cambodia, the Ministry of Natural Resources and Environment (MoNRE) in Lao PDR, and the Ministry of Natural Resources and Environment Conservation (MONREC) in Myanmar. Based on requests from the Governments of Cambodia, Lao PDR, and Myanmar, IUCN will support the Lead Executing Agencies in the financial and operational execution of the GEF resource, including hiring of project staff, financial management, procurement of goods, and contracting of services following IUCN rules and procedures. In accordance with the present project document, progress in the financial execution of the project, and the Annual Work Plan and Budget will be approved by the regional Project Steering Committee and the National Steering Committees. A strict firewalling between IUCN's role as the GEF Agency and its support to the execution will be Maintained. All project staff hired by IUCN will report to the relevant National Project Directors and will be independent from the GEF Agency staff. While government staff time is provided in kind, their travel, accommodation and per diem expenses related to the project activities will be covered from the project budget. Relevant IUCN and/or government rates apply, depending on the regulations in each country.

The project will be delivered through a Regional Coordination Unit (RCU) and national Project Management Unit (PMU) in each of the three countries. The RCU will be managed on a day-to-day basis by the Chief Technical Advisor and the three National Project Directors assigned (on a part-time basis) by the lead agencies in the three counties (MoE,MoNRE and MONREC). The RCU will be responsible for the overall day-to-day project operations. The RCU will operate under the guidance of the Regional Steering Committee, to ensure the efficient coordination and delivery of the project. The RCU is not a physical unit since the three National Project Directors are located in three different countries. Rather, it is an organizational unit that communicates regularly via video calling, email and other means. The RCU will:

- Lead the overall coordination of the project in close collaboration with project partners.
- Manage project information and documentation and distribution of project reports, communications products, and training materials to relevant stakeholders.
- Manage project M&E and knowledge management, and prepare biannual Progress Reports.
- Liaise with IUCN when preparing financial reports.
- Act as the secretariat to the Regional Project Steering Committee.
- Handle day-to-day project issues and requirements, coordinate project interventions with other on-going activities and ensure a high degree of inter-institutional collaboration, and ensure the timely delivery of inputs and outputs.
- Organize workshops and annual meeting for the project.
- Develop work plans with detailed budgets for the next year to be approved by the Regional Project Steering Committee and the national teering Committees.
- Develop bi-annual Project Progress and Financial report and assist in the preparation of the annual Project Implementation Review and midterm and final evaluations.
- Prepare and submit to the Regional Project Steering Committee, the national Steering Committees and IUCN Project Progress Reports on outputs and out-

comes achieved, financial statements, Annual Work Plans, and detailed Budgets.

In Myanmar, based on the previous experience and involvement under SEApeat and upon request of ECD the activities implementation for components 1-3 will be supported by FREDA, an IUCN NGO member, in close collaboration with the Ecosystem Management Specialist and the Community Engagement Specialist.

In particular, FREDA will:

- Support field operation in close collaboration with the national PMU and lead agency in Myanmar (ECD). Support the implementation of the field surveys, national workshops and planning outcomes.
- Lead the implementation of awareness raising and capacity building activities. Lead the implementation of best management practices (component 3) in Inle Lake.

The project will be implemented within the context of the APSMPE and the ASEAN Peatland Management structures of previous initiatives, particularly the EGF-supported ASEAN Peatland Forests Project. In each country, project activities will be overseen by a multi-stakeholder National ^steering Committee, Comprised of representative from government, civil society and where possible, the private sector. It is envisioned that execution will be carried out through a hybrid arrangement involving the appropriate government department and the IUCN Country Office, Coordinator/ Focal Point will be appointed in each country to oversee and manage the day-today activities of the project. Particular emphasis will be placed on designing and implementing the regional component of the project, in order to maximize coordination and synergy, the sharing of experience and lessons learned, and the development of best practices. The regional component will also be designed to promote to promote efficiencies and economies of scale in relation to capacity building, monitoring and evaluation.

---




**ဘဝမှာ** တစ်ကယ်သုံးလို့ဖြစ်တဲ့ ကိုယ့်အချိန်ဟာ ပစ္စုပ္ပန်တစ်မျိုးတည်းသာဖြစ်တယ်။ အတိတ်ကလည်းလွန်ခဲ့ပြီ။ အနာဂတ်ကလည်း မရောက်သေးတာဖြစ်လို့ စကားအနေနဲ့ပြောလို့ဖြစ်ပေမယ့်၊ လက်တွေ့မှာအသုံးချလို့မဖြစ်ပါဘူး။

သုံးလို့ဖြစ်နိုင်တဲ့ ပစ္စုပ္ပန်တိုင်းကို "အချိန်ထိန်းကိရိယာသတိ"တပ်ဆင်သွားရင် လုပ်သင့်တာတွေလည်း ကျေနပ်ဖြစ်မယ်။ ရှောင်သင့်တာတွေလည်း မုချရှောင်ဖြစ်တော့မှာမို့ နောင်ရေးအတွက် စိတ်အေးစရာ ဖြစ်သွားရပါတယ်။

(တိပိဋကဓရ ယောဆရာတော်)

သစ်သီးပုပ်သော် ထုတ်ပစ်၍ရ၏။

ကြက်ငှက်ပုပ်သော် မြှုပ်ပစ်၍ရ၏။

မိမိအလုပ်မလုပ်သဖြင့် ပုပ်သွားရသော် 'အချိန်'ကား မည်သို့မှထုတ်ပစ်၍လည်းမရ၊ မြှုပ်ပစ်၍လည်းမရ၊ မည်သည့်အရာနှင့်မျှလည်း အစားထိုးပေး၍ မရစကောင်း။

အရွယ်ကလွန်သွားသော်လည်း 'အချိန်'က ပုပ်ကျန်နေရစ်ခဲ့ပြီ။ ဘဝကို ပုပ်သိုးစေသော 'အချိန်သိုး'ဖြစ်သွားပြီ။ ထိုအချိန်ပုပ်ကို အခြားနာရီ၊ အခြားနေ့ရက်၊ အခြားဘဝတို့ဖြင့် မည်သို့ပင်အစားထိုးစေ၊ ကွက်လပ်ကားကွက်လပ်မျှသာ။ ထို့ကြောင့် အခြားရွှေငွေစသည်တို့ကဲ့သို့ အစားထိုးမရစကောင်းသော 'အချိန်'ကို ဖြုန်းတီးမပစ်ကြရာ။

(ဟောမိမြိုင်ဆရာတော်)

သစ်သစ်ရှာဖွေတင်ပြသည်

# အင်တာနက်သတင်းစာလွှာ

## သစ်မျိုးစုံစိုက်ခင်းများ၏ ဂေဟစနစ်နှင့် စီးပွားရေးအရ ကောင်းမွန်သာလွန်မှု





သစ်မျိုးစုံစိုက်ခင်းများသည် သစ်မျိုးတစ်မျိုးတည်း စိုက်ပျိုးထားသော စိုက်ခင်းများထက် ပိုမိုဖြစ်ထွန်းအောင်မြင်ကြောင်း Technical University of Munich (TUM) မှလေ့လာမှုတစ်ခုအရ သိရှိရသည်။ မကြာသေးမီက ထုတ်ဝေခဲ့သည့် သစ်မျိုးစုံစိုက်ခင်းများ၏ ဂေဟစနစ်နှင့် စီမံအုပ်ချုပ်မှုနှင့်ပတ်သက်သည့် စာအုပ်၏စာရေးသူ တစ်ဦးဖြစ်ပြီး ယခုလေ့လာမှု၏ တွဲဖက်စာရေးသူတစ်ဦးဖြစ်သူ ပါမောက္ခ Hans Pretzsch သည် သစ်မျိုးစုံစိုက်ခင်းများ၏ ကောင်းကျိုးများစွာရှိသည်ကို သိရှိကြပြီးဖြစ်သည်။ သစ်မျိုးစုံစိုက်ခင်းများသည် အခြားသောနေထိုင်ရာ နေရာများကဲ့သို့ပင် ဂေဟစနစ်ကို များစွာအထောက်အကူပြုပေသည်။ ထိုစိုက်ခင်းများသည် ရာသီဥတုပြောင်းလဲမှုကို ဟန့်တားတိုက်ဖျက်နိုင်ပြီး ကာဗွန်ပိုမိုစုပ်ယူနိုင်သည့် နေရာများဖြစ်သည်''ဟူ၍ ပြောကြားခဲ့သည်။

သစ်မျိုးစုံစိုက်ခင်းများရှိ သစ်ပင်များသည် ၎င်းတို့၏ ရွက်အုပ်များနှင့် အမြစ်ဖွဲ့စည်းပုံများကြောင့် အလင်း၊ ရေနှင့်မြေဆီလွှာများ ပိုမိုထိရောက်စွာ အသုံးချနိုင်ပြီး ၎င်းတို့သည် ပူပြင်းခြောက်သွေ့သောနှစ်များတွင် ပိုမိုခံနိုင်ရည်ရှိသည်။ ထို့ပြင် ပိုးမွှားဒဏ်ကို ပိုမိုခံနိုင်ရည်ရှိပြီး အမြင်အရလည်း ပိုမိုလှပကြောင်း ပါမောက္ခ Pretzsch ကပြောကြားခဲ့သည်။

သို့ရာတွင် အဆိုပါတွေ့ရှိချက်များနှင့်သာလျှင် သစ်မျိုးစုံစိုက်ခင်းများကို ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် သစ်တောစီမံအုပ်ချုပ်မှုများတွင် လက်ခံအသုံးပြုရန် မဖြစ်နိုင်သေးပေ။ အသေးစိတ်လေ့လာမှုများနှင့် သုံးသပ်မှုများအရ သစ်မျိုးစုံစိုက်ခင်းများတွင် သစ်မျိုးတွဲစပ်မှုများကို နှိုင်းချင့်စဉ်းစားရွေးချယ်မှုသည် အရေးကြီးလှသည်။ ထိုသို့ရွေးချယ်မှသာ ဂေဟစနစ်ပိုမိုကောင်းမွန်ပြီး ပိုမိုခံနိုင်ရည်ရှိသောသစ်တောများ ဖြစ်ပေါ်လာမည်ဖြစ်ပြီး အထွက်နှုန်းအားဖြင့်လည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ပါမောက္ခ Pretzsch က ရှင်းပြခဲ့ သည်။ ယခုလေ့လာမှုအရ သစ်မျိုးစုံစိုက်ခင်းများသည် သစ်မျိုးတစ်မျိုးတည်း စိုက်ပျိုးထားသောစိုက်ခင်းများထက် ပိုမိုဖြစ်ထွန်းအောင်မြင်ကြောင်း၊ အထူးသဖြင့် Central Europe ကဲ့သို့သော ရေရရှိမှု ပိုမိုကောင်းမွန်သောနေရာများတွင် ပိုမိုဖြစ်ထွန်းအောင်မြင်ကြောင်း သိရှိရသည်။

ပြင်သစ်၊ ဂျာ၊ ဆွစ်ဇာလန်နှင့် စကော့တလန်နိုင်ငံများမှ သစ်တောပညာရှင်များနှင့်ပူးပေါင်း၍ TUM မှပညာရှင်များသည် သစ်မျိုးစုံစိုက်ခင်းများ၏ အထွက်နှုန်းအပေါ် လွှမ်းမိုးမှုများကို လေ့လာထားသည့် သုတေသနပေါင်း (၆၀၀)ကို အသေးစိတ်လေ့လာခဲ့သည်။ သစ်ပင်လုံးပတ်၊ အမြင့်နှင့်ပင်စည်ပုံစံများကို ထပ်ခါထပ်ခါတိုင်းတာခြင်းဖြင့် သစ်လုံး၏ထုထည် တိုးလာမှုကို တိုင်းတာခဲ့သည်။ အဆိုပါ လေ့လာမှုများမှ ၁၉၉၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း တိုက်ကြီး(၅)တိုက်ရှိ နေရာ(၆၀)မှ သုတေသန(၁၂၆)ခုကို စိစစ်ထုတ်လေ့လာခဲ့သည်။ ထိုလေ့လာမှုများသည် ဆယ်စုနှစ်တစ်ခုကြာမျှ ပုံမှန်တိုင်းတာ၍ ရေရှည်လက်တွေ့လေ့လာမှုကိုအခြေခံထားပြီး အများစုသည် Bavaria နိုင်ငံမှ လေ့လာမှုများဖြစ်သည်။

ထိုတွေ့ရှိချက်များကို အခြေခံ၍ သစ်မျိုးတစ်မျိုးနှင့်တစ်မျိုးကြားဆက်စပ်မှုများကို TUM တွင် အသေးစိတ်လေ့လာခဲ့ကြောင်း Pretzsch မှ ပြောကြားခဲ့သည်။ ထိုသုတေသနများအတွက် ရေရှည်လက်တွေ့ ဆောင်ရွက်နိုင်မည့်နေရာများလိုအပ်သည်။ သို့ရာတွင် ယခင်က Bavaria တွင် သစ်မျိုးတစ်မျိုးတည်း စိုက်ပျိုးထားသော စိုက်ခင်းများသာရှိခဲ့ကြောင်းသိရသည်။ Bavaria ရှိ သစ်တောလက်တွေ့စမ်းသပ်မှုများသည် ကမ္ဘာပေါ်တွင် သက်တမ်းအရင့်ဆုံးဖြစ်ပြီး အခြေခံအချက်အလက်များကိုပေးနိုင်သည့် စိုက်ခင်းများဖြစ်သည်။ ၁၈၇၀ခုနှစ် အစောပိုင်းကာလများတွင် Fprestry August von Ganghofer မှ အမြဲတမ်းအတွင်းဝန်သည် သင့်လျော်မှန်ကန်သော အချက်အလက်များရရှိနိုင်ရန် လေ့လာမှုများကို ထပ်ခါထပ်ခါ ဆောင်ရွက်နိုင်ရေးအတွက် လက်တွေ့စမ်းသပ်ကွက်များ တည်ထောင်ခဲ့သည်။ စမ်းသပ်ကွက်အများစုသည် ယနေ့အချိန်အထိ ဆက်တိုက်တိုင်းတာလျက်ရှိကြောင်း Bavaria မှ ရေရှည်လက်တွေ့စမ်းသပ်မှုများအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ Pretzsch ကရှင်းပြခဲ့သည်။ လက်ရှိအနေဖြင့် စမ်းသပ်ကွက်များတွင် အကွက်ပေါင်း(၁၀၀၀)ကျော်ပါဝင်ပြီး (၈၀)ရာခိုင်နှုန်းသည် သစ်မျိုးတစ်မျိုးတည်း စိုက်ခင်းများဖြစ်သည်။

လာမည့်(၅)နှစ်အတွင်း သစ်မျိုးစုံစမ်းသပ်စိုက်ခင်းများကို(၁၀၀)ဟက်တာခန့် တိုးချဲ့တည်ထောင်မည်ဖြစ်

သည်။ အဆိုပါစီမံကိန်းကို Bavarian State Ministry of Food, Agriculture and Forestry နှင့် Bavarian State Forests မှ အနာဂတ်တွင် သစ်မျိုးစုံစိုက်ခင်းများလုပ်ကိုင်ခြင်းနှင့် စီမံအုပ်ချုပ်ခြင်း ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ အချက်အလက်များပေးနိုင်ရန် ငွေကြေးထောက်ပံ့ဆောင်ရွက်မည်ဖြစ်သည်။ Pretzsch က ထိုသို့လုပ်ဆောင်မှုများသည် သိပ္ပံပညာအရ စိတ်ဝင်စားဖွယ်ဖြစ်သည့်အပြင် လက်တွေ့ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**Source:** Technical University of Munich (TUM). "Mixed forests: Ecologically and economically superior: Meta-analysis provides facts on mixed-species forest stand productivity for science and practice." Science Daily. ScienceDaily, 9 May 2018. www.sciencedaily.com/ releases/ 2018/ 05/ 180509105008.htm.

## ရှားပါးမျိုးစိတ်တစ်မျိုးဖြစ်သည့် *Muntiacus vuquangensis* (ချေမျိုးစိတ်)အား ဗီယက်နမ်နိုင်ငံအလယ်ပိုင်း၊ Quang Nam ခရိုင်တွင် ကင်မရာမှတ်တမ်းများတွင် တွေ့ရှိခြင်း

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် Leibniz Institute for Zoo and Wildlife Research မှ သိပ္ပံပညာရှင်များ၊ ထိန်းသိမ်းရေးပညာရှင်များနှင့် ဗီယက်နမ်နိုင်ငံ WWF အဖွဲ့သည် အရှေ့တောင်အာရှတွင် ရှားပါးပျောက်ကွယ်ရန်အန္တရာယ်အရှိဆုံးဖြစ်သော ချေမျိုးစိတ်တစ်မျိုးဖြစ်သည့် Muntiacus vuquangensis မျိုးစိတ်အား ဗီယက်နမ်နိုင်ငံအလယ်ပိုင်း၊ Quang Nam ခရိုင်တွင် ကင်မရာထောင်ချောက်မှတ်တမ်းများအရတွေ့ရှိခဲ့ရသည်။ ယခု တွေ့ရှိမှုမတိုင်မီတွင် ထိုမျိုးစိတ်ကို ၂၀၀၀ခုနှစ်တွင် ဗီယက်နမ်နိုင်ငံရှိ သဘာဝနယ်မြေ(၃)ခုတွင် တပ်ဆင်ထားသော ကင်မရာများတွင်သာတွေ့ရှိခဲ့ရသည်။ ယခု Quang Nam ခရိုင်တွင်တွေ့ရှိရသော ဓာတ်ပုံမှတ်တမ်းအသစ်အရ အထီးနှင့်အမနှစ်မျိုးစလုံးတွေ့ရှိရပြီး ထိုမျိုးစိတ်များမျိုးသုဉ်းပျောက်ကွယ်တော့မည့်အခြေအနေမှ ဆက်လက်ရှင်သန်နိုင်မည့် မျှော်လင့်ချက်တစ်ခုဖြစ်သည်။

Quang Nam ခရိုင်၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးဖြစ်သည့် Phan Tuanကတွေ့ရှိရသည့် နှစ်ကောင်သည် အရွယ်ရောက်ပြီး မျိုးပွားနိုင်သည့် အသက်အရွယ်တွင်ရှိနေပြီး ဓာတ်ပုံများက Quang Nam ခရိုင်တွင် ထိုမျိုးစိတ်များ ဆက်လက်ရှင်သန်နေသည့် သက်သေများဖြစ်ပြီး ထပ်မံမျိုးပွားနိုင်သည့် အခြေအနေရှိနေကြောင်း ပြောကြားခဲ့သည်။

ထိုမျိုးစိတ်များကို ၁၉၉၄ ခုနှစ်တွင် သိပ္ပံပညာရှင်များကရှာဖွေတွေ့ရှိခဲ့ပြီး ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံအကြား Annamites တောင်တန်းတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဝါယာကြိုးထောင်ချောက်များ အသုံးပြု၍ တရားမဝင် အမဲလိုက်ခြင်းများကြောင့် အများအပြားသေကြေခဲ့ရသည်။ ဝါယာကြိုးထောင်ချောက်များ အသုံးပြုခြင်းသည် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းရှိတောများတွင် သိသိသာသာမြင့်တက်လာခဲ့သည်။ ၂၀၁၁ခုနှစ်မှ ၂၀၁၇ခုနှစ်အတွင်း အစိုးရဝန်ထမ်းများနှင့် WWF မှ သစ်တောဝန်ထမ်းများသည်Thua Thien Hue နှင့် Quang Nam Saola သဘာဝကြိုးဝိုင်းများတွင် ဝါယာကြိုးထောင်ချောက်များ သိမ်းနှင့်ချီ၍ ဖယ်ရှားခဲ့ရသည်။ ၂၀၁၆ ခုနှစ်တွင် ထိုမျိုးစိတ်သည် IUCN Red List စာရင်းတွင် မျိုးသုဉ်းမည့်အန္တရာယ်နှင့်ကြုံတွေ့နေရသော မျိုးစိတ်စာရင်း (Endangered Species)မှ မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသော မျိုးစိတ်စာရင်း(Critically Endangered Species)သို့ ရောက်ရှိခဲ့သည်။ ထိန်းသိမ်းရေးပညာရှင်များသည် ထိုမျိုးစိတ်များကိုသဘာဝအတိုင်းကာကွယ်ရန် ကြိုးစားကြသော်လည်း အကောင်ရေနည်းပါးလာပြီး မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိလာသောကြောင့် ထို *Muntiacus vuquan-gensis* မျိုးစိတ်နှင့် Saola(*Pseudoryx nghe inhensis*)တို့ကို ဖမ်းယူမွေးမြူ၍ ထိန်းသိမ်းကြရန်စီစဉ်ကြသည်။ Saola မျိုးစိတ်သည် Muntjac မျိုးစိတ်ထက် ပိုမိုရှားပါးသောဒေသရင်းမျိုးစိတ်တစ်ခုဖြစ်သည်။ ဗီယက်နမ်နိုင်ငံ- WWF အဖွဲ့မှ ထိန်းသိမ်းရေး ညွှန်ကြားရေးမှူးဖြစ်သည့် Dr. Benjamin Rawson က 'ယခုလက်ရှိအခြေအနေတွင် ထိုမျိုးစိတ်များကိုဖမ်းယူမွေးမြူ၍ ထိန်းသိမ်းထားနိုင်ခြင်းမရှိသေးကြောင်း၊ အကယ်၍ သဘာဝအခြေအနေအတိုင်း ထိန်းသိမ်းကာကွယ်နိုင်ခြင်းမရှိပါက ထိုသမင်များသည် ပျောက်ကွယ်ဆုံးရှုံးရတော့မည့် အခြေအနေတွင်ရှိကြောင်း၊ ထိုအခြေအနေများကိုဖြေရှင်းရန် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းရှိတောများတွင် နေထိုင်ကျက်စားကြသော တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးခြင်းမှ ကာကွယ်ရန်လိုအပ်ကြောင်း၊ အကောင်ရေတိုးပွားလာစေရန် ဖမ်းယူမွေးမြူ၍ ကာကွယ်ထိန်းသိမ်းမှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ကြောင်း' ပြောကြားခဲ့သည်။

ကင်မရာထောင်ချောက်များတပ်ဆင်၍ စစ်တမ်းကောက်ယူခဲ့ရာတွင် ထိုမျိုးစိတ်များအပြင် အခြားသောအရေးကြီးသည့် မျိုးစိတ်များကိုလည်း မှတ်တမ်းတင်နိုင်ခဲ့သည်။ ထိုမျိုးစိတ်များမှာ Owston's civet (*Chrotogale owstoni*)၊ Asiatic black bear (*Ursus thibetanus*)၊ Annamite striped rabbit (*Nesolagus timminsi*)နှင့် pangolin (*Manis spp.*)တို့ ဖြစ်ကြသည်။

Leibniz Institute for Zoo and Wildlife Research မှ Ph.d ကျောင်းသားတစ်ဦးဖြစ်ပြီး WWF



ဝါယာကြိုး ထောင်ချောက်များတွင် ဖမ်းဆီးခံရပုံ



*Pseudoryx nghe inhensis*



*Muntiacus vuquangensis*



Asiatic black bear (*Ursus thibetanus*)

Russell E. Train Fellowship ရရှိသူတစ်ဦးဖြစ်သည့် လက်တွေ့စစ်တမ်းကောက်ယူခဲ့သူဖြစ်သော Nyuyen Van Thanh ကထိုမျိုးစိတ်များတွေ့ရှိရခြင်းသည် ဗီယက်နမ်နိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော ရတနာများဖြစ်ကြောင်း၊ မြေပြင်တွင်နေထိုင်ကျက်စားကြသော နို့တိုက်သတ္တဝါများနှင့် ငှက်များ၏အကောင်ရေသည် ထောင်ချောက်ဆင်ဖမ်းဆီးခြင်းများကြောင့် လျော့နည်းလာသော်လည်း ယခုတွေ့ရှိချက်များကိုကြည့်ခြင်းဖြင့် Quang Nam မှ သစ်တောများသည် ဇီဝမျိုးစုံမျိုးကွဲများပေါ်များသေးကြောင်း သိရှိနိုင်ကြောင်း ပြောကြားခဲ့သည်။ Quang Nam သစ်တောဦးစီးဌာနအနေဖြင့် ယခုလေ့လာမှု၏တွေ့ရှိမှုများကိုအခြေခံ၍ ထိုမျိုးစိတ်များနှင့် ၎င်းတို့၏နေထိုင် ကျက်စားရာဒေသများကို စီမံအုပ်ချုပ်ခြင်းနှင့် တရားဥပဒေ စိုးမိုးရေး စီမံချက်များချမှတ်ရေးဆွဲရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ Leibniz-IZW နှင့် ဗီယက်နမ်–WWF အဖွဲ့သည် Quang Nam မြောက်ဘက်၊ Thua Thien Hue ခရိုင်အတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများပေါ်များနိုင်သေးသော အလားအလာရှိသည့်နေရာများတွင် ကင်မရာထောင်ချောက်များ တပ်ဆင်ကာ ထပ်မံ၍စနစ်တကျ စာရင်းကောက်ယူလျက်ရှိသည်။



Owston's civet (*Chrotogale owstoni*)



Annamite striped rabbit (*Nesolagus timminsi*)

**Source:** Forschungsverbund Berlin."First record of largeantlered muntjac in Vietnam: New hope for the survival of this species." Science Daily, 22 May 2018.

<www.sciencedaily.com/releases/2018/05/180522123327.htm>.



Pangolin (*Manis spp.*)

နောက်ကျောဖုံးမှအဆက်

နတ်မတောင်ဒေသ ထူးခြားသည်မှာ ပေါက်ရောက်သည့် သဘာဝပေါက်ပင်များသည် အခြားသောဒေသတွင် ပေါက်ရောက်သည့် အပင်ပုံစံများနှင့်မတူ ထူးခြားခြင်း၊ သစ်ခွနှင့်သစ်ကပ်ပင်များ ပေါများစုံလင်ခြင်း၊ မြန်မာနိုင်ငံ နတ်မတောင် သဘာဝပတ်ဝန်းကျင်ဒေသတွင်သာ ရှင်သန်ကျက်စားသည့် မျက်ခုံးဖြူငှက်ပြာခြောက် (White-browed Nuthatch Sitta villosa)နှင့် မြန်မာတစ် (Burmese Tit Aegithalos sharpei) ငှက်မျိုးစိတ်နှစ်မျိုး တွေ့ရခြင်း၊ ငှက်မျိုးစိတ်တချို့ မိတ်လိုက်သားပေါက်ရာသီတွင် ဥအုသားပေါက်ကျက်စားခြင်းတို့သည် ထူးခြားသည့် သဘာဝဂေဟစနစ်ဆိုင်ရာ ထူးခြားမှုများပင်ဖြစ်သည်။ သဘာဝတော၊ တောင်၊ ရေ၊ မြေ၊ ကောင်းကင် သဘာဝရှုခင်းများသည်လည်း လှပဆန်းကြယ်သည်။ တောင်မြင့်ပိုင်းဒေသတွင် ပေါက်ရောက်သည့် အပင်များ၏ ပင်စည်နှင့် အကိုင်းများသည် စိုထိုင်းဆများသည့် သဘာဝပတ်ဝန်းကျင်၌ ရေညှိပင်နှင့် သစ်ကပ်ပင်မျိုးစုံ ထူထပ်စွာ တွယ်ကပ်ပေါက်နေတတ်သည်။ ပင်စည်များတွင် ကျက်စားသည့် အင်းဆက် ပိုးကောင်၊ ဘောက်ဖတ်အမျိုးစုံလင် ပေါများစွာကျက်စားခြင်းကြောင့် ၎င်းတို့အားဖမ်းယူကျက်စားသည့် ငှက်မျိုးစုံနှင့် အခြားသော တောရိုင်းတိရစ္ဆာန် ပေါများစုံလင်သည်ကို တွေ့ရသည်။

ဥဩ(Cuckoo)မျိုးစိတ်တို့သည် ခန္ဓာကိုယ် အလယ်အလတ်အရွယ် ငှက်မျိုးဖြစ်သည်။ မျိုးစိတ်အများစုသည် သစ်ပင်များတွင်နေထိုင်ကာ အပင်နှင့် မြေပြင်ပေါ်မှ အင်းဆက်များနှင့်သော သတ္တဝါငယ်များကို ဖမ်းယူစားကြသည်။ အသီးလည်းစားကြသည်။ မျိုးစိတ်တချို့သည် ကိုယ်တိုင်အသိုက်မဆောက်ပဲ အခြားငှက်အသိုက်များအတွင်း ဥအုကြသည်။ Cuckooတို့သည် အချိန်တိုင်း အဆက်မပြတ် အော်မြည်တတ်ကြသည်။ လူတို့သည် ဥဩမျိုးစိတ်တို့ကို မြင်ဖူးသည်ထက် အသံကြားဖူးသူများသည်။ အိမ်တွင် တပ်ဆင်အသုံးပြုသည့် တိုင်ကပ်နာရီ (သို့) နံရံကပ်နာရီများတွင် ကုက္ကူ . . . ကုက္ကူ . . . ကုက္ကူ အချက်ပေးသံနာရီကိုရင်းနှီးကြသည်။ အဆိုပါ ဥဩမျိုးစိတ်အများအပြားသည် နတ်မတောင်ဒေသတွင် မိတ်လိုက်သားပေါက်ကြသည်။

တောင်ပေါ်ဒေသ ထင်းရှူး၊ တောင်ဇလပ်၊ ဝက်သစ်ချပေါက်ရောက်သည့် သစ်တော၊တောင်မြင့်ပိုင်း မြက်တောနှင့် လွင်ပြင်စသည့် သဘာဝစားကျက်ဒေသများတွင် ကျက်စားသည့် ငှက်မျိုးစိတ်တို့သည် ၎င်း သဘာဝပတ်ဝန်းကျင်၊ ရာသီဥတု၊ ဂေဟစနစ်များနှင့် လိုက်လျောညီထွေ ရှင်သန်နိုင်သည့် မျိုးစိတ်များဖြစ်သည်။ ဇီဝဗေဒပညာရှင်များ သတ်မှတ်သည့် ဇီဝယူနစ် (Bio Unit) အရ နတ်မတောင်ဒေသအမြင့်ပိုင်းသည် မြန်မာနိုင်ငံမြောက်ဖက်စွန်း ခါကာဘိုရာဇီဒေသ အတူတူသတ်မှတ်ထားသည်။ ဇီဝဆိုင်ရာအချက်အလက်များ ဖြစ်သည့် ဖြစ်ထွန်းတည်ရှိသည့် အပင်နှင့် သတ္တဝါ ဇီဝမျိုးစုံမျိုးကွဲ တူညီခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် နတ်မတောင်ဒေသပင်လယ်ရေမျက်ပြင် အမြင့်ပေနှင့်တူညီသည့် ခါကာဘိုရာဇီရပ်ဝန်းဒေသတွင် တွေ့မြင်ရသည့် ငှက်မျိုးစိတ်၊ အပင်မျိုးစိတ်၊ သစ်ခွမျိုးစိတ်အများစုသည် တူညီမှုရှိသည်ကိုတွေ့ရသည်။

ချင်းပြည်နယ်တွင် သစ်ခွမျိုးစုံပေါက်ရောက်ခြင်းသည်လည်း ထူးခြားချက်ပင်ဖြစ်သည်။ ဟိမဝန္တာအရှေ့ဖျားဒေသတွင်ပေါက်ရောက်သည့် ချင်းသစ်ခွနီ (*Renanthera imschootiana*)ပေါက်ရောက်သည်။ ချင်းပြည်နယ်(မြောက်ပိုင်း)ဟားခါး၊ ဖလမ်းနှင့် တီးတိန်ဒေသ သဘာဝတောများမှထွက်သည့် သစ်ခွမျိုးစုံတို့သည် ကလေးမြို့ဈေးကွက်တွင် ရောင်းဝယ်မှုကောင်းသည်။

ကမ္ဘာပေါ်တွင် ငှက်ပြာခြောက်မျိုးစိတ်(၂၆)မျိုးရှိပြီး၊ အရှေ့တောင် အာရှတွင်(၁၀)မျိုးရှိသည်။ မြန်မာနိုင်ငံတွင်(၇)မျိုးရှိသည်။ ထိုအထဲတွင် မျက်ခုံးဖြူငှက်ပြာခြောက်သည် အခြားသောငှက်ပြာခြောက်(၆)မျိုးနှင့်မတူ ထူးခြားစွာ မြန်မာနိုင်ငံ၊ ချင်းပြည်နယ်တောင်ပိုင်း၊ နတ်မတောင်ဒေသတွင်သာ နေထိုင်ကျက်စားသည့် ဒေသရင်း(Endemic) ငှက်မျိုးစိတ်ဖြစ်သည်။ မျက်ခုံးဖြူငှက်ပြာခြောက်သည် ထူးခြားစွာ နတ်မတောင်ဒေသ အမြင့်ပေကန့်သတ်ချက်အတွင်းနေထိုင်ကျက်စားသဖြင့်၊ ၎င်းကျက်စားရာ သဘာဝပတ်ဝန်းကျင် စားကျက်ဒေသ၊ ဂေဟစနစ်၊ ရာသီဥတုတို့သည် အခြားဒေသနှင့်မတူ တမူထူးခြားပေသည်။ ဤအချက်သည် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အရေးပါသည့် အချက်ပင်ဖြစ်သဖြင့် အလေးထား ထိန်းသိမ်းရပေမည်။

မျက်ခုံးဖြူငှက်ပြာခြောက်သည် မျက်ခုံးအဖြူပါရှိပြီး ထူးခြားသည့်ငှက်မျိုးစိတ်ဖြစ်၍ ငှက်အမည်ကို မျက်ခုံးဖြူငှက်ပြာခြောက်(White-browed Nuthatch Sitta villosa)ဟု အမည်ပေးထားခြင်းဖြစ်သည်။ ငှက်ပြာခြောက်သည် အရွယ်သေးငှက်မျိုးဖြစ်သည်။ အမြီးတိုသည်။ ခြေထောက်ကြီးမားပြီးသန်မာသည်။ သစ်ပင်ပင်စည်၊ အကိုင်းပေါ်တွင်ကပ်လျက် သွားလာကာ တက်လိုက်၊ ဆင်းလိုက်လုပ်နိုင်သည်။ ပင်စည်နှင့်အကိုင်း ပေါ်တွင် ကပ်လျက်ဇောက်ထိုးဆင်းတတ်သည့် ငှက်မျိုးဖြစ်သည်။ သစ်ခေါက်ကြားမှ အင်းဆက်ပိုးမွှားနှင့် ပင့်ကူတို့ကို ဖမ်းယူစားတတ်သည်။ ဆောင်းကာလတွင် အခွံမာသီးနှင့် အစေ့ အဆန်

များစားသည်။

ကမ္ဘာတစ်ဝန်း မြန်မာနိုင်ငံတွင်သာ နေထိုင်ကျက်စားသည့် ဒေသရင်း(Endemic) ငှက်မျိုးစိတ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ချင်းပြည်နယ်တောင်ပိုင်း နတ်မတောင်ဒေသတွင် အမြင့်မီတာ(၂,၂၈၅ မှ ၂၈၀၀)ထိ ကျက်စားသည်။ နွေပိုင်းတွင် (၂,၅၀၀) မီတာ အထက်တွင် ကျက်စားသည်။ ဝက်သစ်ချနှင့် တောင်ဇလပ်တောများတွင်နေထိုင်ကျက်စားသည်။ IUCN မှ မျိုးတုံးမှုအန္တရာယ်ရှိမျိုးစိတ်အဖြစ် သတ်မှတ်ထားသည်။

မျက်ခုံးဖြူငှက်ပြာခြောက်သည် ကျက်စားသည့်ဒေသ ကျဉ်းမြောင်းခြင်း၊ အမြင့်ပေ ကန့်သတ်ချက်ရှိခြင်း၊ စားကျက်မြေ သီးသန့်ဖြစ်ခြင်းကြောင့် ၎င်းတို့ကျက်စားသည့် ဒေသ၊ ဂေဟစနစ်များ ထိခိုက်စေမည့် လမ်းဖေါက်လုပ်ခြင်း၊ မြို့ပြတိုးချဲ့ခြင်း၊ ကျေးရွာတိုးချဲ့ခြင်းနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် စားကျက်ဒေသ လျော့နည်းပျက်စီးကာ အကောင်ဦးရေ ကျဆင်းလျက်ရှိသည်။

ကမ္ဘာပေါ်တွင် တစ်ငှက် (Tit) မျိုးစိတ်(၉)မျိုး၊ အရှေ့တောင်အာရှတွင်(၄)မျိုးရှိသည်။ မြန်မာနိုင်ငံတွင် (၃)မျိုးရှိသည်။ အရှေ့တောင်အာရှတွင် ကျက်စားသည့် တစ်မျိုးစိတ်(၄)မျိုးအနက် Grey-crowned Tit Aegithalos annamensis သည် ကမ္ဘောဒီးယားဒေသရင်း ငှက်ဖြစ်ပြီး၊ မြန်မာတစ် (Burmese Tit Aegithalos sharpei) သည် မြန်မာနိုင်ငံ၊ ချင်းပြည်နယ်တောင်ပိုင်း နတ်မတောင်ဒေသတွင်သာ ကျက်စားသည့် ဒေသရင်း (Endemic) ငှက်မျိုးစိတ်ဖြစ်သည်။ မြန်မာတစ်(Burmese Tit)ငှက်သည်လည်း ကမ္ဘာတစ်ဝန်း မြန်မာနိုင်ငံတွင်သာ နေထိုင် ကျက်စားသည့် ဒေသရင်း (Endemic)ငှက်မျိုးစိတ်ဖြစ်သည်။ အရွယ်သေးငယ်ပြီး လှုပ်ရှားသွားလာမှု လျင်မြန်ကာ အုပ်စုဖွဲ့ကျက်စားတတ်သည်။ တောင်ပေါ်အမြဲစိမ်းတော အမြင့်မီတာ (၂,၁၀၀–၃,၃၀၀)အကြား ကျက်စားသည်။ မျက်ခုံးဖြူငှက်ပြာခြောက်ကဲ့သို့ ထူးခြားစွာ နတ်မတောင်ဒေသ အမြင့်ပေ ကန့်သတ်ချက်အတွင်း နေထိုင်ကျက်စားသဖြင့်၊ ၎င်းကျက်စားရာ သဘာဝပတ်ဝန်းကျင် စားကျက်ဒေသ၊ ဂေဟစနစ်၊ ရာသီဥတုတို့သည် အခြားဒေသနှင့် မတူတမူထူးခြားခြင်းကြောင့် အလေးထားထိန်းသိမ်းရန် အရေးပါသည့် ငှက်မျိုးစိတ်ဖြစ်သည်။ မြန်မာတစ်ငှက်တို့သည် ကျဉ်းမြောင်းသည့် စားကျက်ဒေသ၊ အမြင့်ပေ ကန့်သတ်ချက်ကြောင့် ငှက်အကောင်ဦးရေတိုးပွားမှုခက်ခဲသည်။ လူတို့၏လုပ်ရပ်ကြောင့် စားကျက်ဒေသ ထိခိုက်ပျက်စီးလာခြင်းကြောင့် မြန်မာတစ်ငှက်တို့ အကောင်ဦးရေ လျော့နည်းကျဆင်းနေသည်။

နတ်မတောင် သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ကျက်စားသည့် ဒေသရင်း ငှက်မျိုးစိတ်နှစ်မျိုးသည်။ မြန်မာနိုင်ငံအတွင်း မည်သည့် သဘာဝပတ်ဝန်းကျင်ဒေသတွင်မှ ကျက်စားခြင်းမရှိပဲ၊ နတ်မတောင် ဒေသတွင်သာ နေထိုင်ကျက်စားသည်။ ထိုဒေသတွင်သာ ၎င်းဒေသရင်း ငှက်မျိုးစိတ်(၂)မျိုးနေထိုင်ကျက်စားနိုင်သည့် အစားအစာ၊ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုနှင့် ဂေဟစနစ်များတည်ရှိနေသည်။ တည်ရှိနေသော ဒေသရင်းငှက်နှစ်မျိုး ကျက်စားရာ၊ မိတ်လိုက်သားပေါက်ရာ စားကျက်ဒေသများ ထိခိုက်ပျက်စီး၊ ပျောက်ကွယ်မှုမရှိရေး၊ ရေရှည်တည်တံ့ရေးအတွက် လေ့လာဖော်ထုတ်ထိန်းသိမ်းရန် အရေးကြီးပါသည်။ ကမ္ဘာတွင် မြန်မာ့ဒေသရင်း ငှက်မျိုးစိတ်မျိုးမတုံးမှုမရှိပဲ၊ ရေရှည်တည်တံ့မှသာ မြန်မာ့ထိန်းသိမ်းရေး ဂုဏ်သိက္ခာမြင့်မားနိုင်ပေမည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင်သာ နေထိုင်ကျက်စားသည့် ဒေသရင်းငှက်မျိုးစိတ်များ မျိုးတုံးမှုမရှိစေရေး၊ ရေရှည်တည်တံ့စေရေးသည် အလွန်အရေးကြီးပါကြောင်း လူအများသိနားလည် တန်ဖိုးထားထိန်းသိမ်းကူညီနိုင်ရန် ရေးသားလိုက်ပါသည်။



သစ်တောကြေးမုံ

# နတ်မတောင် ဒေသရင်းငှက်မျိုးစိတ်

ဒေါက်တာသိန်းအောင်၊ ဥက္ကဋ္ဌ၊ မြန်မာငှက်နှင့်သဘာဝထိန်းသိမ်းရေးအသင်း


Chestnut- Vented Nuthatch


Spot - Breasted Parrotbill


သစ်တောက်ငှက်


မြန်မာ့ဒေသရင်းငှက် မျက်ခုံးဖြူငှက်ပြာခြောက်

နတ်မတောင်အမျိုးသားဥယျာဉ်သည် မြန်မာနိုင်ငံ၊ ချင်းပြည်နယ်တောင်ပိုင်း နတ်မတောင်(Mount Victoria)ဒေသတွင်တည်ရှိသည်။ ချင်းပြည်နယ်တွင် အမြင့်ဆုံးတောင်ဖြစ်ပြီး၊ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်မီတာ (၃,၀၃၅) (၁၀,၀၁၆)ပေဖြစ်သည်။ နတ်မတောင်အမျိုးသားဥယျာဉ်သည် ဧရိယာအကျယ်အဝန်း(၂၇၉)စတုရန်းမိုင်(၇၂၀စတုရန်းကီလိုမီတာ)ဖြစ်သည်။ ၁၉၉၄ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ နတ်မတောင် အမျိုးသားဥယျာဉ်သည် အာဆီယံသဘာဝအမွေအနှစ်ဥယျာဉ်(ASEAN Heritage Park)တစ်ခုလည်းဖြစ်သည်။ ကမ္ဘာတစ်လွှားတန်ဖိုး ထင်ရှားပေါ်လွင်သဖြင့် အာဆီယံသဘာဝအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ နတ်မတောင်ဒေသ တောင်ထိပ်ပိုင်းတွင်ပေါက်ရောက်သည့် အပင်အများစုသည် ထင်းရှူး၊ တောင်ဇလပ်၊ ဝက်သစ်ချ၊ တောင်ပေါ်မြက်တောများဖြစ်သည်။ ကျန်အပိုင်းတွင် အမြဲစိမ်းတောဖုံးလွှမ်းပေါက်ရောက်သည်။

စာမျက်နှာ -၄၈ သို့